# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၅)


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၅)


# တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တန်ဖိုးထား ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်နေအောင် အသက်တမျှ ထိန်းသိမ်းကြရန် အရေးကြီး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ**
**၂၀၁၈ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့**
**ပေးပို့သော သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ ခင်ဗျား-**

ယနေ့အချိန်အခါဟာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ အထူးပြည့်စုံတဲ့ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါတယ်။ ဤကဲ့သို့သော နေ့ထူးနေ့မြတ်အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရှေးပဝေသဏီကတည်းက အတူတကွ ချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး ကောင်းမြတ်တဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာသမိုင်းတစ်လျှောက်မှာ အုပ်ချုပ်သူမင်းအဆက်ဆက်တို့ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးကို အခြေပြုပြီး ခိုင်မာတဲ့ပြည်ထောင်စုကြီးအဖြစ် ကြိုးပမ်းတည်ထောင်ခဲ့ကြပါတယ်။ သို့ရာတွင် မိမိတို့နိုင်ငံဟာ ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာ နယ်ချဲ့ကိုလိုနီ အင်္ဂလိပ်လက်အောက်ကို ကျရောက်ခဲ့ပြီးနောက် နယ်ချဲ့အစိုးရရဲ့ သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း သံသယများအခြေခံကာ စိတ်ဝမ်းကွဲပြားခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာ့တပ်မတော်ဟာ ဂျပန်တို့ရဲ့ အကူအညီနဲ့ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့ပါတယ်။ တစ်ဖန် ဂျပန်ဖက်ဆစ်ဝါဒရဲ့ သရုပ်မှန်နဲ့ အတုအယောင်လွတ်လပ်ရေးကို သိရှိလာကြတဲ့ အချိန်မှာလည်း မိမိတို့နိုင်ငံကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ မဟာမိတ်တို့နဲ့ လက်တွဲပူးပေါင်းပြီး ဂျပန်တို့ကို တိုက်ထုတ်ခဲ့ကြရပြန်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt.Hon.Boris Johnson MP အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ အပါအဝင် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဗြိတိန် နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးတို့သည် စစ်တွေမြို့မှ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ

စာမျက်နှာ ၄ ကော်လံ ၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး **Rt.Hon.Boris Johnson MP** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**ပြည်ထောင်စုသွေးချင်းတို့ ပြည်ထောင်စုစိတ်ထား အစဉ်ထားကြစို့**

ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်းပါး စာမျက်နှာ - ၆

**ဆရာကြီး မင်းသုဝဏ် (၁၀၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အမှတ်တရစကားများဟောပြောခြင်းနှင့် ကဗျာရွတ်ဆိုခြင်း ရန်ကုန်မြို့၌ ကျင်းပ**

စာမျက်နှာ - ၈

**ပြည်ထောင်စုနေ့အချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အချပ်ပို လေးမျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း

# ညီညွတ်ခြင်းသည် အင်အား

"နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစိတ်ဓာတ် ရှိမှသာ ပြည်ထောင်စုဆိုတဲ့အဓိပ္ပာယ်က ပြည့်စုံမယ်လို့ခံယူပါတယ်" "ပြည်ထောင်စုဆိုတာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တယ်လို့မြင်ပါတယ်" "တိုင်းရင်းသားအားလုံး စိတ်ဓာတ်ညီညီ လက်တွဲချင်တယ်၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး အေးအတူ ပူအမျှ အတူတူစုပေါင်းနေထိုင်မှုကို လိုချင်တယ်" "ပြည်ထောင်စုတိုင်းရင်းသားတွေအားလုံး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး အတူရှိနေချင်ပါတယ်" "ကျွန်မတို့ တိုင်းရင်းသားတွေအကုန်လုံး တစည်းတလုံးတည်းပါ၊ အားလုံးဟာ ညီအစ်ကိုမောင်နှမတွေဖြစ်တယ်" "ပြည်ထောင်စုစိတ်ဓာတ်ဆိုတာက နိုင်ငံတစ်ဝန်းက ပြည်ထောင်စုသားအားလုံး စိတ်ဓာတ် တစ်ထပ်တည်းကျပြီဆို အဲ့ဒါပြည်ထောင်စုစိတ်ဓာတ်လို့ ယူဆပါတယ်" စသည်ဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများ၏ ပြောစကားများကို တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဖတ်ရှုရသည်မှာ စိတ်နှလုံး ချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။

အရောင်မခြယ်သော ဟန်ဆောင်ပလ္လာမှုကင်းစင်သော ရင်တွင်းစကားများကို ထုတ်ဖော်ပြောကြားကြသူများတွင် ကချင်၊ ကယား၊ ကယန်း၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ မွန်၊ ရှမ်း၊ ပအိုဝ်း အစရှိသည့် တိုင်းရင်းသူ တိုင်းရင်းသား မောင်မယ် လူငယ် လူလတ်များ ပါဝင်သည်။ သူတို့သည် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီး နေပြည်တော်မြို့တော်ခန်းမ၊ လဟာပြင်ကဇာတ်ရုံတွင် ဖျော်ဖြေကြမည့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များတွင် ပါဝင်ကြသူများလည်း ဖြစ်သည်။ သူတို့၏ ပြောစကားများက ပြည်ထောင်စုကြီးတစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ကိုယ်စားပြုနေသည်ဟုလည်း ဆင်ခြင်တွေးတောမိသည်။

ညီညွတ်ခြင်းနှင့်စပ်လျဉ်း၍ မြတ်ဗုဒ္ဓက "သမဂ္ဂါနံ တပေါသုခေါ" ညီညွတ်ခြင်းသည် ချမ်းသာခြင်းအမှန်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။ စည်းလုံးညီညွတ်မှု ပြိုကွဲပါက အင်အားချည့်နဲ့လှစွာဖြင့် တစ်ပါးသူတို့ ဝါးမျိုခြင်းကိုခံရမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုသာ ကမ္ဘာလောက အလယ်တွင် ထည်ထည်ဝါဝါဖြင့် ခေါင်းမော့ကာ နေနိုင်မည်ဖြစ်သည်။ စည်းလုံးညီညွတ်ရေးအတွက် သင်ခန်းစာပေးရာတွင် အဘိုးအိုတစ်ဦးနှင့် သူ၏သားများ ပုံဝတ္ထုသည်လည်း ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့တိုင်အောင် ထင်ရှားသည်။ အီစွပ်ပုံပြင်များအနက်မှ ပုံပြင်တစ်ပုဒ်ဖြစ်သည့် ယင်းပုံပြင်တွင် လယ်သမားအဘိုးအိုတစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ရန်စောင်နေကာ မသင့်မမြတ်ဖြစ်နေသော သူ၏သားများကိုခေါ်၍ ထင်းစည်းတစ်စည်းကို မဖြည်ဘဲ အစည်းလိုက်ချိုးခိုင်းသည်။ ထင်းစည်းကို အစည်းလိုက်မည်သူမျှ ချိုးနိုင်ခြင်း မရှိကြ။ ထိုအခါ ထင်းစည်းကိုဖြည်၍ ထင်းတစ်ချောင်းချင်း ချိုးခိုင်းသည့်အခါ ထင်းချောင်းများ ကျိုးကုန်သည်။ ထိုအခါမှ အဘိုးအိုက သားများကို ထင်းစည်း၏ဥပမာကို ထင်ရှားစွာပြသ၍ စည်းလုံးညီညွတ်ရေးအတွက် ဆုံးမစကားဆိုသည်။ တစည်းတလုံးတည်းသော အင်အား၏တောင့်တင်းခိုင်မာမှုကို မည်သူမျှမချိုးနိုင်၊ မဖျက်ဆီးနိုင်။ မညီမညွတ်မသင့်မမြတ်ဖြစ်၍ ထင်းအစည်းပြေသကဲ့သို့ ဖရိုဖရဲပြိုကွဲသောအခါ တစ်ပါးသူက အလွယ်တကူချိုးဖဲ့ဖျက်ဆီးခြင်းကို ခံရမည်ဖြစ်သည်။

ညီညွတ်ခြင်းသည် ချမ်းသာခြင်းကို ဆောင်ကြဉ်းပေး၏။ ညီညွတ်ခြင်းသည် အင်အားလည်းဖြစ်၏။ ညီညွတ်ခြင်း၏ အကျိုးတရားကို ယဉ်ကျေးမှု မြင့်မားလာချိန်မှစ၍ လူ့အဖွဲ့အစည်းများက သမိုင်းတစ်လျှောက် သင်ကြားပေးခဲ့ကြသလို ပစ္စုပ္ပန်ကာလတွင်ရော၊ အနာဂတ်ကာလတွင်ပါ ဆက်လက်၍ မှန်ကန်နေဦးမည်၊ လိုအပ်နေဦးမည်လည်း ဖြစ်သည်။ တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်သော မိမိတို့နိုင်ငံတွင်မူ စည်းလုံးညီညွတ်မှုကို အသက်တမျှ တန်ဖိုးထားကာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

# ရခိုင်ပြည်နယ်မှ ကျောင်းသား ကျောင်းသူ လေးသောင်းကျော် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည်

**စစ်တွေ ဖေဖော်ဝါရီ ၁၁**

မတ် ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအား ရခိုင်ပြည်နယ်မှ ကျောင်းသား ကျောင်းသူ လေးသောင်းကျော် ဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး ဖြေဆိုစဉ်အတွင်း မသမာမှုကင်းရှင်းရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးနိုင်ထံမှ သိရသည်။

"ကျွန်မတို့ဆီကို ပြည်နယ်အတွင်းကတက်လာတဲ့ စာရင်းဇယားအရ ရခိုင်ပြည်နယ်မှာ ဖြေဆိုမယ့်သူ စုစုပေါင်း ၄၄၅၁၅ ဦးရှိပါတယ်။ ကျောင်းတွင်းကနေ ဖြေဆိုမယ့်သူက ၂၂၉၀၂ ဦးနဲ့ ကျောင်းပြင်ပက ဖြေဆိုမယ့်သူ ၂၁၆၁၃ ဦးရှိပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးနိုင်က ပြောသည်။

ရခိုင်ပြည်နယ်တွင် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၃၈၄၄၀ အနက် အောင်မြင်သူ ၆၅၉၈ ဦးရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၁၇ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၈ ခုတွင် အောင်ချက်ရာခိုင်နှုန်း အောက်ဆုံးတွင်ရှိခဲ့သည်။ ယခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်သင်ဆရာများအား ဘာသာရပ်မွမ်းမံသင်တန်းများ ပို့ချခဲ့ကြောင်းလည်း သိရသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ယခုလ ၁၉ ရက်မှစ၍ သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံတွင် ထုတ်ယူနိုင်သည်ဟု မြန်မာနိုင်ငံစာစစ်ဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**ဟန်လင်းနိုင် (စစ်တွေ-ကိုယ်ပွား)**

*ထင်သာမြင်သာ ပြုပြင်စရာ*

# အများသုံးလမ်းပေါ် စုပုံထားသော ဆောက်လုပ်ရေးသုံးပစ္စည်းများ ဖယ်ရှားပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ အဆောက်အအုံများ တစ်နေ့တခြား များပြားတိုးတက်လာမှုနှင့်အတူ အဆောက်အအုံဆောက်လုပ်ရာ၌ ဆောက်လုပ်ရေးသုံးပစ္စည်းများကို လူသွားလမ်းမပေါ်အထိ ကျူးကျော်၍ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု များပြားလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလအတွင်း ခန္တီးမြို့ ကမ်းနားလမ်းတစ်လျှောက် ဇွဲထက်နိုင်အမြန်ယာဉ်ဂိတ် ဟုမ္မလင်း-ခန္တီးအမြန်ယာဉ်ဂိတ် လမ်းခြားအနီးတစ်ဝိုက်တွင် အဆောက်အအုံဆောက်လုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ စုပုံချထားကာ အများပြည်သူတို့ ဖြတ်သန်းမရအောင် လမ်းပိတ်ဆို့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စည်းကမ်းကင်းမဲ့စွာ အဆောက်အအုံဆောက်လုပ်နေမှုများကြောင့် လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြုံတွေ့နိုင်ပါသည်။

ထို့ကြောင့် တာဝန်ရှိသူများမှ ကြီးကြပ်စစ်ဆေး အရေးယူခြင်းများ ပြုလုပ်ပေးစေလိုပြီး စနစ်တကျလုပ်ကိုင်စေရန်နှင့် လမ်းများပေါ်၌ ကျူးကျော်ဆောင်ရွက်ခြင်းများ မပြုလုပ်စေရန် စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။ **ခေါင်ရည်ချို(နာဂမြေ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ・၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ・၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ・၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❐ *ရှေ့ဖုံးမှ*

မြန်မာ့တိုင်းရင်းသားခေါင်းဆောင်များနဲ့ ပြည်သူများရဲ့ ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးဖို့ သဘောတူညီချက်များ ပါဝင်တဲ့ အောင်ဆန်း အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ယင်းစာချုပ်အရ နယ်ချဲ့တို့ဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို လွတ်လပ်ရေးပေးရမှာဖြစ်သော်လည်း တောင်ပေါ်ဒေသများကို လွတ်လပ်ရေး မပေးဘဲ ချန်လှပ်ထားလိုခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များဟာ ပြည်မနဲ့ တောင်တန်းဒေသများအားလုံး လွတ်လပ်ရေးကို တစ်ပြိုင်တည်းရရှိစေရေးအတွက် တညီတညွတ်တည်း တောင်းဆိုကြဖို့ ပင်လုံညီလာခံကြီးကို ကျင်းပဆွေးနွေးခဲ့ကြပြီး ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ထိုသို့တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရေးအတွက် တစ်စိတ်တစ်ဝမ်းတည်း ကြိုးပမ်းမှု သမိုင်းမှတ်တိုင်အဖြစ် ယင်းပင်လုံစာချုပ် လက်မှတ်ရေးထိုးတဲ့နေ့ကို ပြည်ထောင်စုနေ့ အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း လွတ်လပ်ရေးကို အတူတကွ ရယူနိုင်ခဲ့တဲ့ ယင်းပြည်ထောင်စုစိတ်ဓာတ်ကို မြန်မာတိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးက အမြတ်တနိုးတန်ဖိုးထားကြရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့သော ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်နေအောင် အသက်တမျှ တန်ဖိုးထားပြီး မွေးမြူထိန်းသိမ်းကြဖို့လည်း အလွန်အရေးကြီးပါတယ်။

လွတ်လပ်ရေးရပြီးသည်မှစပြီး ယခုအချိန်အထိ နှစ်ပေါင်းများစွာ သက်တမ်းရှည်ကြာနေပြီဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ရှိနေခဲ့သည်မှာ မှန်သော်လည်း လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတော်အဖြစ်ရပ်တည်နိုင်ကြောင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ သွေးစည်းညီညွတ်မှုကို အခိုင်အမာပြသနိုင်ခဲ့တာ ယခုဆိုရင် နှစ်ပေါင်း (၇၀)နှစ်ရှိပြီ ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများ လိုလားတောင့်တနေတဲ့ ဆန္ဒနဲ့အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းဖို့နဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းအဖြေရှာ ကြိုးပမ်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့ နိုင်ငံရေး နည်းလမ်းကို လက်ကိုင်ပြုပြီး ငြိမ်းချမ်းရေးလုပ်ငန်းအဆင့်ဆင့်နဲ့ ပြည်ထောင်စု

**“နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စိတ်ဆန္ဒကြီးမားစွာ မျှော်လင့်လိုလား တောင့်တနေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တည်ဆောက်အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်”**

ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကိုလည်း ကျင်းပလျက်ရှိရာ ယခုအခါ ဖက်ဒရယ်ဆိုင်ရာအခြေခံမူ (၃၇)ချက်ကို သဘောတူညီမှုရရှိခဲ့ပြီး ပြည်ထောင်စု သဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း(၁)အဖြစ် စာချုပ်ချုပ်ဆိုနိုင်ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံတဲ့ စုပေါင်းဆွေးနွေး အဖြေရှာဖွေခြင်းအားဖြင့် (၂၁)ရာစုပင်လုံညီလာခံကတစ်ဆင့် ပိုမိုခိုင်မာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရရှိကာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရုံသာမက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အဖြစ်ပါ အောင်အောင်မြင်မြင် တည်ဆောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာမှုမရှိရင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလှမ်းဝေးနေမှာဖြစ်ပါတယ်။ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အဓိက လိုအပ်ချက်ဟာ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိဖို့ဖြစ်ပါတယ်။ သို့ဖြစ်ခြင်းကြောင့် တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး သံသယကင်းတဲ့ အကြွင်းမဲ့ယုံကြည်မှု၊ ခိုင်မာတဲ့စည်းလုံးမှု၊ ပြတ်သားတဲ့သန္နိဋ္ဌာန်စိတ်တို့နဲ့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာဖွေတဲ့ နည်းလမ်းဖြင့်ပင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

တစ်ပြိုင်တည်းမှာပဲ အမိမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍစုံမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးအခြေခံကောင်းများရရှိဖို့လည်း အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့စီးပွားရေးမှာ ရာခိုင်နှုန်းများစွာပါဝင်နေတဲ့ အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စဉ်ဆက်မပြတ်ကြိုးစား အားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စိတ်ဆန္ဒကြီးမားစွာ မျှော်လင့်လိုလားတောင့်တနေတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တည်ဆောက်အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနဲ့အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

သို့ဖြစ်ခြင်းကြောင့် ၂၀၁၈ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်ဖြစ်တဲ့ -

- ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် နိုးကြားရှင်သန်ရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊
- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့်
- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အလေးအနက်ခံယူပြီး ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြဖို့ ယနေ့(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယမှာ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

❋ *ကျောဖုံးမှ*

“အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်းမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာအိမ်တွေ၊ ရိုးရာပစ္စည်းတွေ၊ နန်းတော်တွေ၊ ဘုရားစေတီတွေ၊ ကလေးကစားကွင်းတွေ၊ အပန်းဖြေစရာနေရာတွေ ဒါတွေအားလုံး ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်ထားတာဖြစ်တဲ့အတွက် လာရောက်လည်ပတ်တဲ့ ပြည်သူတွေအနေနဲ့ အချိန်တိုအတွင်းမှာ တစ်နိုင်ငံလုံးကို လည်ပတ်ရသလို ခံစားရမှာ ဖြစ်ပါတယ်၊ ဗဟုသုတတွေလည်း ရနိုင်သလို အပန်းလည်းပြေနိုင်ပါတယ်” ဟု အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အုပ်ချုပ်မှုရုံး အထွေထွေမန်နေဂျာ ဦးစိုးနိုင်က ပြောသည်။



**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ၈ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်ကြသူများကို တွေ့ရစဉ်။**

**ဝင်ကြေး**

လက်ရှိတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း ဝင်ရောက်လေ့လာသူများကို ဝင်ကြေးအဖြစ် နိုင်ငံသားလူကြီးတစ်ဦးလျှင် ငွေကျပ်တစ်ထောင်၊ ကလေးတစ်ဦးလျှင် ငွေကျပ်ငါးရာသတ်မှတ်ပြီး နိုင်ငံခြားသား လူကြီးတစ်ဦးလျှင် ၁၀ ဒေါ်လာနှင့် ကလေးတစ်ဦးလျှင် ၅ ဒေါ်လာ ကောက်ခံလျက်ရှိသည်။

“သာမန်အားဖြင့် တစ်ရက်ကို လူ ၉၀၀၊ ၁၀၀၀ လောက် လာရောက်လေ့လာကြပါတယ်၊ ဒီလိုရာသီမှာ ကျောင်းကလည်းပိတ်ပြီဆိုတော့ ဘုရားဖူးကားတွေလည်း ရောက်ကြတဲ့အတွက် ဒီထက်လူ ဝင်၊ ထွက် ပိုများလာဖို့ရှိပါတယ်၊ ငါးနှစ်အောက်ကလေးတွေနဲ့ ရဟန်းသံဃာတွေ၊ သီလရှင်တွေကို အခကြေးငွေ မယူပါဘူး၊ ကျောင်းသား ကျောင်းသူတွေဆို ဝင်ကြေးသီးခြားအနေနဲ့ လုပ်ထားပါတယ်၊ အဖွဲ့အစည်းလိုက်လာတာတွေဆို သတ်မှတ်ထားတဲ့ ကားဝင်ကြေး၊ လူဝင်ကြေးတွေကို လျှော့ချပေးထားပါတယ်၊ ဒီနေ့ဆို ဝင်ကြေးကို တစ်ဝက်ထိ ချပေးခဲ့တာတွေရှိတဲ့အပြင် ဥယျာဉ်ထဲက ကစားကွင်းတွေမှာလည်း ဝန်ဆောင်ခတွေ လျှော့ပေးတာရှိပါတယ်”ဟု ဦးစိုးနိုင်က ပြောသည်။


**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ၈ နှစ် မြောက် နှစ်ပတ်လည်နေ့တွင် ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေမှုကို တွေ့ရစဉ်။**

**အထင်ကရနေရာများ**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ထင်ရှားသော စေတီပုထိုးများ၊ အထင်ကရနေရာများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအိမ်များ၊ နေထိုင်မှုဓလေ့ပုံစံများနှင့် Entertainment ကစားကွင်း ၃၀ နီးပါး ထည့်သွင်းတည်ဆောက်ထားသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် အုပ်ချုပ်မှုရုံး အထွေထွေမန်နေဂျာ ဦးစိုးနိုင်က “ဥယျာဉ်အတွင်းမှာ နားစရာခိုစရာ သစ်ရိပ်ဝါးရိပ်တွေ ပေါပါတယ်၊ ရေကူးကန်၊ သေနတ်ပစ်ကွင်း၊ ကလေးကစားကွင်း၊ ကောင်းကင်ရထားကစားကွင်း၊ ရေလွှာလျှောစီး စတဲ့ Entertainment ကစားကွင်းတွေ ရှိတဲ့အတွက် ကလေးတွေလည်း ပျော်ပျော်ရွှင်ရွှင် လာရောက်ကစားနိုင်ပါတယ်၊ လာလည်ဖို့ ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

ထို့ပြင် ၎င်းက “ဒီဥယျာဉ်ကို ပြည်တွင်း ပြည်ပ ခရီးသွားတွေအတွက် ဆွဲဆောင်မှုရှိတဲ့ နေရာတစ်ခုဖြစ်အောင် အဆင့်မြှင့်တင်ဖို့ရှိပါတယ်၊ နိုင်ငံခြားသားတွေကတော့ တိုင်းရင်းသားရိုးရာအိမ်တွေ၊ မတူကွဲပြားတဲ့ နေထိုင်မှုစနစ်တွေကို လေ့လာချင်ကြတယ်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ နေထိုင်မှု၊ စားသောက်မှုပုံစံတွေ၊ ဓလေ့စရိုက်တွေ၊ တိုင်းရင်းသားတွေထုတ်တဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း စိတ်ဝင်စားကြတယ်၊ ဒါတွေကို တစ်နေရာတည်း တစ်စုတစ်ဝေးတည်း ပြနိုင်မယ်ဆိုရင် ပြည်တွင်း ပြည်ပ ခရီးသွားတွေ ဒီထက်ပိုပြီး လာရောက်ကြမှာ ဖြစ်ပါတယ်၊ အဲဒါကြောင့် ရှေ့လျှောက် သက်ဆိုင်ရာဒေသက တိုင်းရင်းသားတွေကို ဒီဥယျာဉ်မှာခန့်ထားပေးနိုင်ဖို့ တင်ပြထားပါတယ်၊ သူတို့တွေ ဒီမှာဝန်ထမ်းအနေနဲ့ လာနေမယ်၊ ရိုးရာအိမ်တွေမှာ ရိုးရာပစ္စည်းတွေ ထုတ်လုပ်တာ၊ ရိုးရာအစားအသောက်တွေ ရောင်းချတာ လုပ်ဆောင်ဖို့ရှိပါတယ်၊ အခုလက်ရှိလည်းရှိတော့ ရှိပါတယ်၊ ဒါပေမယ့် မပြည့်စုံသေးတာပါ၊ ဒီလို စံချိန်စံညွှန်းမီတဲ့ ဥယျာဉ်ဖြစ်လာမယ်ဆိုရင်တော့ ပြည်တွင်း ပြည်ပ ခရီးသွားတွေရဲ့စိတ်ဝင်စားတဲ့နေရာတစ်ခု ဖြစ်လာမှာပါ၊ ဥယျာဉ်ထဲမှာ ရိုးရာအိမ်တွေ အများကြီးရှိပါတယ်၊ ဒါတွေကို ခရီးသွားတွေ တည်းခိုလို့ရအောင် လုပ်ထားမယ်၊ ခရီးသွားတွေ လာချင်အောင် ဆွဲဆောင်တဲ့ နေရာတစ်ခုဖြစ်အောင် ဖန်တီးပေးမယ်ဆိုရင် ပိုပြီးစိတ်ဝင်စားလာကြမှာ ဖြစ်ပါတယ်၊ ဒီလို လုပ်ဆောင်ဖို့ အစီအစဉ်တွေ ရေးဆွဲနေပါတယ်”ဟု ပြောသည်။



**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ၈ နှစ် မြောက် နှစ်ပတ်လည်နေ့တွင် လာရောက်ကြသူများအား ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေကြစဉ်။**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၅၇/၂ အရှေ့ဘက် တစ်မိုင်ခန့်အကွာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ကပ်လျက်တည်ဆောက်ထားသည်။

“အလွယ်တကူ လာရောက်လို့ရအောင် ယာဉ်လိုင်းတွေ စီစဉ်ပေးနေတာရှိပါတယ်၊ နေပြည်တော် မြို့မဈေးကနေ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ပြေးဆွဲပေးတဲ့ ယာဉ်လိုင်းတွေရှိသလို တပ်ကုန်းကနေ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကိုလည်း ယာဉ်လိုင်းတွေ ပြေးဆွဲနေပါတယ်၊ ရှေ့လျှောက် သွားရေးလာရေး အဆင်ပြေအောင်လည်း သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု အထွေထွေမန်နေဂျာ ဦးစိုးနိုင်က ပြောသည်။

**အမျိုးဂုဏ်၊ ဇာတိဂုဏ်**

အမျိုးသားအထိမ်း အမှတ်ဥယျာဉ် (နေပြည်တော်)ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ယခုဆိုလျှင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖွင့်လှစ်ခဲ့သည်မှာ ရှစ်နှစ်ပြည့်မြောက်ပြီဖြစ်သည်။ အဆိုပါဥယျာဉ်ကို အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဥယျာဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံ၊ နေထိုင်စားသောက်ပုံများ၊ အထင်ကရဖြစ်သည့် အထိမ်းအမှတ် အဆောက်အအုံများ၊ ထင်ရှားသော စေတီပုထိုးများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန် တည်ဆောက်ထားသည်။

**ကျော်သူထက်**

❍ *ရှေ့ဖုံးမှ*

အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ကျေးရွာသားများနှင့် သီးခြားတွေ့ဆုံ၍ ကျေးရွာမီးလောင်မှုဖြစ်စဉ်နှင့် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးမှုများကို လွတ်လပ်စွာ တွေ့ဆုံမေးမြန်းသည်။

**နေအိမ်များပြန်လည်တည်ဆောက်ပေး**

ယင်းနောက် ကျေးရွာအတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေအိမ်များ ပြန်လည်တည်ဆောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

**တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးတို့သည် ကုန်းလမ်းမှ ပြန်လည် ဝင်ရောက်လာမည့်သူများကို ယာယီလက်ခံမည့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

**နိုင်ငံတော်အစိုးရမှဆောင်ရွက်နေမှု**

စခန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်နေမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံဘက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်မှစတင်၍ ကုန်းလမ်းမှ ပြန်လည်ဝင်ရောက် လာမည့်သူများအတွက် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း၊ ရေလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ငါးခူရ ယာယီလက်ခံရေးစခန်းတို့ကို ဖွင့်လှစ်ထားရှိမှု၊ စိစစ်အတည်ပြုပြီးသူများအား ခေတ္တတည်းခိုနေထိုင်ရန် လှဖိုးခေါင်ကြားစခန်း ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဝန်ကြီးဌာနများမှ ရုံးခန်းများ ဖွင့်လှစ်ထားမှု၊ ခေတ္တတည်းခို နေထိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုများ လိုက်လံရှင်းလင်းပြသသည်။

**ဖွံ့ဖြိုးတိုးတက်ရေး**

ခရီးစဉ်အပြီးတွင် ဗြိတိန် နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးက ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပြသပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်နေသည့် အစီအမံများကို ထောက်ခံပါကြောင်း၊ ဗြိတိန်အနေဖြင့် DFID အစီအစဉ်ဖြင့် အမျိုးသမီးများနှင့် ကလေးများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် ပံ့ပိုးကူညီသွားလိုပါကြောင်း၊ ယင်းအတွက် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ပြန်လည်ထွက်ခွာ**

ညနေပိုင်းတွင် တောင်ပြိုလက်ဝဲမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**



ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး **Rt.Hon.Boris Johnson MP** မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာ၌ ကျေးရွာသားများအား သီးခြားတွေ့ဆုံ၍ လွတ်လပ်စွာမေးမြန်းစဉ်။ သတင်းစဉ်



ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး **Rt.Hon.Boris Johnson MP** ပန်းတောပြင်ကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေအိမ်များ ပြန်လည်တည်ဆောက်ပေးနေမှုကို လှည့်လည် ကြည့်ရှုစဉ်။ သတင်းစဉ်




တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း ရှင်းလင်းဆောင်၌ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး **Rt.Hon. Boris Johnson MP**၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အား တာဝန်ရှိသူက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်



ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး **Rt.Hon.Boris Johnson MP** အား တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း၌ ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းများဆောင်ရွက်မည့် ဝန်ကြီးဌာနများမှ ရုံးခန်းများဖွင့်လှစ်ထားမှုနှင့်ပတ်သက်၍ ရှင်းပြစဉ်။ သတင်းစဉ်



တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း၌ ပြန်လည်ဝင်ရောက်လာသူများအတွက် ဆောက်လုပ်ပေးထားသည့် အဆောက်အအုံများ တွေ့ရစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံ၏ စတုတ္ထမြောက်အော်ပရေတာ Mytel ၏ First Call Announcement အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အော်ပရေတာတစ်ခုဖြစ်သော Telecom International Myanmar Company Limited (Mytel) ၏ First Call Announcement အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**ကြိုဆိုနှုတ်ခွန်းဆက်**

ထို့နောက် Telecom International Myanmar Company Limited (Mytel) ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ချိတ်ဆက်မှုဆောင်ရွက်ပေး**

ဆက်လက်၍ Telecom International Myanmar Company Limited (Mytel) ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် CEO Mr. Nguyen Thanh Nam တို့က Mytel Network အသင့်ဖြစ်နေမှုအား အသိပေးကြေညာရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Luan Thuy Duong ၊ Telecom International Myanmar Company Limited (Mytel) ဥက္ကဋ္ဌဦးခင်မောင်စိုးနှင့် CEO Mr. Nguyen Thanh Nam တို့က Mytel Network ကို စက်ခလုတ်နှိပ်၍ ချိတ်ဆက်မှုဆောင်ရွက်ပေးကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး H.E. General Ngo Xuan Lich ထံ Mytel Network ဖြင့် Video Call ဖြင့် ဆက်သွယ်ခေါ်ဆို၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Telecom International Myanmar Company Limited (Mytel) မှ ပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။** သတင်းစဉ်

**အရည်အသွေးကောင်းမွန်စွာပြုလုပ်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့အား Video Call ဖြင့် ဆက်သွယ်ခေါ်ဆိုသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က Mytel ရန်ကုန်ရုံးခွဲ ဒါရိုက်တာအား Mytel Network ဖြင့် Video Call ခေါ်ဆိုမှုကို ရုပ်ပုံနှင့်အရည်အသွေးကောင်းမွန်စွာဖြင့် ပြုလုပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Telecom International Myanmar Company Limited (Mytel) မှ ပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

**ပူးပေါင်းဆောင်ရွက်**

Telecom International Myanmar Company Limited (Mytel) ၏ Nationwide Telecom လိုင်စင်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ရရှိခဲ့ပြီး မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

မြန်မာဘက်မှ ပုဂ္ဂလိကအများပိုင်အဖွဲ့ ၁၁ ဖွဲ့ ပါဝင်ဖွဲ့စည်းထားရှိပြီး အစုရှယ်ရာ ၅၁ ရာခိုင်နှုန်း ပါဝင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို ကော့သောင်းမြို့၌ ကျင်းပရန် ဆောင်ရွက်ထားရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ Abercrombie & Kent Travel and Tours ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးသို့ ဝင်ရောက်မည့် အပျော်စီးသင်္ဘောခရီးစဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးသည်။**



ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဟိုတယ်၌ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ကျင်းပမည့် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများရှိသည့် တိုင်းဒေသကြီးဖြစ်ပြီး တနင်္သာရီဒေသသို့ ခရီးသည်ဝင်ရောက်မှုမှာလည်း နှစ်စဉ် တိုးတက်များပြားလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် စီမံကိန်း ၊ စီမံချက်များရေးဆွဲရာတွင် ရေတိုထက် ရေရှည်အကျိုးကို တွက်ဆ၍ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးသို့ ပင်လယ်ကူးအပျော်စီးသင်္ဘောများ ဝင်ရောက်ရာတွင် ပင်လယ်ပြင်ရေအောက် သန္တာကျောက်တန်းများအပါအဝင် သဘာဝဂေဟစနစ် မပျက်စီးစေရန်အတွက်လည်း သက်ဆိုင်သည့် ဌာနများ ၊ ပညာရှင်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ပူးပေါင်း၍ လိုအပ်သော အစီအမံများချမှတ်ခြင်း ၊ အကြံပြုခြင်းများ ဆောင်ရွက်ပေးစေလိုကြောင်း၊ စီမံချက်၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင်လည်း ဒေသခံပြည်သူလူထု၏ ဆန္ဒနှင့် သဘောထားကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ မပြီးစီးမီကာလတွင် ဒေသခံများအတွက် အလျင်အမြန် အကျိုးရှိစေမည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းနှင့် အခြားအကောင်အထည်ဖော်နိုင်သည့် ခရီးသွားလုပ်ငန်းများကို လုပ်ဆောင်ကြရန်ဖြစ်ပြီး Aquarium Museum ကဲ့သို့ ငါးပြတိုက် ၊ အဏ္ဏဝါပြခန်းများကိုလည်း တည်ထောင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုကျင်းပမည့် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် ပညာရှင်ကြီးများ၊ ဌာနအကြီးအကဲများကို ဖိတ်ကြားရန် အကြံပြုပါကြောင်း ၊ ဆွေးနွေးပွဲများ၌ အဏ္ဏဝါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော အခွင့်အလမ်းများ ဖော်ထုတ်ခြင်းတို့ကို ပါဝင်စေလိုကြောင်း၊ ပင်လယ်ရေပြင်၊ ကျွန်းများ၊ သဘာဝသန္တာကျောက်တန်းများနှင့် ဆလုံလူမျိုးတို့၏ ရိုးရာဓလေ့များ မပျောက်ဆုံးအောင် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း ၊ Marina Bay ကဲ့သို့ ဆိပ်ကမ်းများ ဆောက်လုပ်ဆိုက်ကပ်စေပြီး နိုင်ငံသားပိုင် Boat များဖြင့် လည်ပတ်စေခြင်းတို့ ဆောင်ရွက်သင့်ကြောင်း၊ တနင်္သာရီဒေသကို ပင်လယ်ရေအောက်လေ့လာရေး ဆောင်ရွက်နိုင်သော ဒေသအဖြစ် ဖော်ထုတ်သင့်ကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဖြေလျှော့ရန် လိုအပ်မှုများကို ဖြေလျှော့ပေးခဲ့ပြီး ထပ်မံဆောင်ရွက်ပေးရန် လိုအပ်ပါကလည်း စိစစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက်လည်း ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အလုပ်အကိုင်များ ဖန်တီးဆောင်ရွက်ပေးလိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပထမဆုံးပြုလုပ်မည့် ယခုပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်မှုများကို အားလုံး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြပါရန် ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် မတ် ၂၄ ရက်မှ ၂၅ ရက်အထိ ပြုလုပ်သွားရန် လျာထားဆောင်ရွက်နေပြီး အဆိုပါပွဲတော်ကာလအတွင်းတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ပြခန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် သက်ဆိုင်သည့် ပြခန်းများကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက ပြသသွားမည်ဖြစ်သည့်အပြင် ဆွေးနွေးပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ ရိုးရာယဉ်ကျေးမှု အကအလှုများကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ဗိုလ်ဆွန်ပက်လမ်းတွင် ဖွင့်လှစ်ထားသည့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ **မိုး/ဇလ**

# ပြည်ထောင်စုသွေးချင်းတို့ ပြည်ထောင်စုစိတ်ထားအစဉ်ထားကြစို့

ရွှေတိုင်လွင်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ရှေးအတီတေသောကာလများမှာကတည်းက စည်းလုံးညီညွတ်အင်အားတောင့်တင်းခိုင်မာသော နိုင်ငံတော်ကြီးဖြစ်သည်ကို သမိုင်းကြောင်းတစ်လျှောက် သာဓကအထောက်အထား များစွာရှိနေသည်ကို လေ့လာရှုမြင်ကြရပါပေမည်။**




ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကာလမှသည် တိုင်းရင်းသားလူမျိုးစုများအား စုစည်းညီညွတ်မှုကို ရယူခဲ့ပြီး အင်အားကြီးမားသော နိုင်ငံတော်ကြီးတစ်ခုကို တည်ထောင်ထားနိုင်ခဲ့သလို ဘုရင့်နောင်မင်းတရားကြီး လက်ထက်တော်နှင့် တပင်ရွှေထီးတို့ကလည်း အထက်အောက် မြန်မာပြည် စည်းလုံးမှုကို တည်ထောင်နိုင်ခဲ့ပါလေသည်။ ထို့အတူ အလောင်းမင်းတရားကြီးလက်ထက် ကုန်းဘောင်မင်းဆက် တစ်လျှောက် ယိုးဒယား၊ မဏိပူရ၊ အာသံ၊ ဇင်းမယ်၊ လင်ဇင်း တို့တိုင်အောင် စုစည်းတည်ထောင်နိုင်ခဲ့ပါလေသည်။

ထိုကဲ့သို့ စည်းလုံးညီညာ ခိုင်မာကျစ်လစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကုန်းဘောင်မင်းဆက် နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက် (၁၈)ရာစု အလယ်တွင် နယ်ချဲ့ကိုလိုနီတို့၏ ကြိုတင်ကြံစည်မှု၊ လုပ်ကြံဖန်တီးသည့် ကျူးကျော်စစ်ပွဲတို့ ဖြစ်ပွားမှု၊ တိုင်းရင်းသား ပြည်သူတို့၏ စည်းလုံးမှု အားလျော့လာမှု၊ အုပ်ချုပ်သူမင်းနှင့်တကွ ပြည်သူပြည်သားတို့ အတွေးအခေါ်အားနည်းချက်များကြောင့် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် သူ့ကျွန်ဘဝသို့ လုံးလုံးရောက်ခဲ့ရပါလေတော့သည်။

### ကောင်းတူဆိုးဖက် လက်ချင်းယှက်

သူ့ကျွန်လက်အောက်သို့ မြန်မာနိုင်ငံ ကျရောက်ခဲ့သောအခါ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားတို့သည် အေးအတူ၊ ပူအမျှ ကောင်းတူဆိုးဖက် လက်ချင်းယှက်ကာ နေလာခဲ့ရသော စည်းလုံးမှုကြီး ပြိုပျက်သွား၍ လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း ဖြစ်ပေသည်။ လွတ်လပ်ရေး ကြိုးပမ်းမှု၏ ပထမခြေလှမ်းဖြစ်သော တိုင်းရင်းသားပြည်သူအားလုံး၏ သွေးစည်းမှု၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်ထားဖို့ အရေးကြီးသည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်ကြီးတို့က ခံယူကြကာ ပင်လုံညီလာခံကို သမိုင်းမော်ကွန်းထိုးနိုင်ခဲ့ကြပါလေသည်။

ပင်လုံညီလာခံဖြစ်ပေါ်လာရခြင်းမှာလည်း လွတ်လပ်ရေး၏ဗိသုကာကြီး၊ မျိုးချစ်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က လန်ဒန်မြို့တွင် လက်မှတ်ရေးထိုးရန် သွားရောက်ခဲ့ကြသည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်္ဂလန်ဝန်ကြီးချုပ် မစ္စတာအက်တလီတို့ လက်မှတ်ရေးထိုးပွဲကား လွယ်ကူပြေပြစ်ချောမွေ့သော လွတ်လပ်ရေးသဘောတူစာချုပ်မဟုတ်ပါဘဲ အခက်အခဲအကျပ်အတည်းတစ်ခု ကြုံရပါသေး၏။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား လူမျိုးစုအားလုံး တောင်တန်းဒေသ အပါအဝင် ပြည်မနှင့် တန်းတူညီတူစုပေါင်းဖွဲ့စည်းကာ ပြည်ထောင်စု (Union) အသွင်ဖြစ်အောင် တည်ထောင်သွားမည်ဟု အက်တလီအား ပြောကြားနေစဉ် စော်ဘွားနှစ်ဦးက အင်္ဂလန်သို့ ကြေးနန်းရိုက်လိုက်သည်မှာ ယခုအင်္ဂလန်တွင် ရောက်နေသော အောင်ဆန်းသည် တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသူမဟုတ်၊ အထူးသဖြင့် ရှမ်းပြည်နယ်ကို ကိုယ်စားပြုသူမဟုတ်ပါကြောင်း၊ ပြည်မကြီး၏ ကိုယ်စားလှယ်သာဖြစ်ကြောင်း၊ ဗြိတိသျှအစိုးရမှ ကြေးနန်းစာကိုပြပြီး ဗိုလ်ချုပ်အောင်ဆန်းအား တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုခွင့်မရှိဟု ဆိုလေသည်။

### ချက်ချင်းပြုလုပ်ခဲ့

သို့ဖြစ်ရာ ဗိုလ်ချုပ်မှ ရန်ကုန်ရှိ ဖဆပလဌာနချုပ်သို့ ရှမ်းစော်ဘွားနှစ်ဦး၏ ကြေးနန်းစာအကြောင်း ပြန်လည်သတင်းပေးပို့ကာ ချက်ချင်းပင် ရန်ကုန်ရှိ ဖဆပလအဖွဲ့ကြီး၏ တန်ပြန်လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ခဲ့ရလေသည်။ ဤသည်မှာ ပင်လုံရှေ့ပြေး၊ ပြည်ထောင်စုစည်းလုံးမှုတစ်ခုကို တောင်ကြီးမြို့၌ ချက်ချင်း ပြုလုပ်ခဲ့လေ၏။ ရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့ချုပ်မှ ဦးတင်အေး (နောက်ပိုင်း နိုင်ငံတော်ကောင်စီဝင်)၊ ဦးထွန်းမြင့်(တောင်ကြီး)တို့နှင့် တိုင်ပင်ဆွေးနွေးကာ လန်ဒန်ရောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့၏ လုပ်ဆောင်မှုအား အလေးအနက်ထောက်ခံကြောင်း လူထုအစည်းအဝေးပွဲကြီးကို ဗိုလ်မှူးအောင် (ရဲဘော်သုံးကျိပ်)၊ ဗိုလ်ထွန်းလင်း(ပြည်သူ့ရဲဘော်)နှင့် ဦးဖေခင် (သံအမတ်ကြီး-အငြိမ်းစား)တို့အား တောင်ကြီးသို့ သွားရောက်၍ ရှမ်းပြည်နယ်လွတ်လပ်ရေးအဖွဲ့ချုပ်တို့နှင့် ပေါင်းစည်းကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့အား ထောက်ခံကြောင်း၊ စော်ဘွားနှစ်ဦးဘိလပ်သို့ ကြေးနန်းရိုက်ခြင်းအား ကန့်ကွက်ရှုတ်ချပါကြောင်း၊ ဦးတင်အေးနှင့် ဦးဖေခင်တို့အဖွဲ့က ရန်ကုန် ဖဆပလဌာနချုပ်မှ လန်ဒန်မြို့ရောက် ဗိုလ်ချုပ်အောင်ဆန်းထံ လူထုအစည်းအဝေးပွဲကြီး၏ ဆုံးဖြတ်ချက်အား လန်ဒန်သို့ ကြေးနန်းပြန်ပို့ခဲ့လေသည်။

အင်္ဂလန်မှ အက်တလီက တောင်တန်းဒေသ ပြည်နယ်များသည် သက်ဆိုင်ရာလူမျိုးစု ခေါင်းဆောင်များကိုယ်တိုင် လက်မှတ်ရေးထိုး ဖော်ပြရမည်။ ပြည်မနှင့်အတူ လွတ်လပ်ရေးကိုရယူကာ ပြည်ထောင်စု (Union) ပုံစံဖြင့် နေလိုကြောင်းကို အခိုင်အမာ စာချုပ်တစ်ခုအား လက်မှတ်ရေးထိုးပေးရမည်ဟု ထည့်သွင်းထားခြင်းဖြစ်ပေသည်။ အက်တလီသည် စော်ဘွားနှစ်ဦး၏ ကြေးနန်းစာကို အရာမသွင်းသော်လည်း တောင်တန်း-မြေပြန့်ကို အတားအဆီးတစ်ခု ပြုခဲ့ခြင်းသည် ပင်လုံစိတ်ဓာတ်ကို နှိုးဆွပေးလိုက်ခြင်းပင် ဖြစ်ပေကြောင်း လေ့လာရှုမြင်ကြရပါပေမည်။

### သမိုင်းမော်ကွန်းထိုးခဲ့သည့် ကာလ

ပင်လုံညီလာခံကျင်းပမည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြန်ပြောင်း ခံစားကြည့်မည်ဆိုပါလျှင် ဆောင်းအကုန်နွေအကူးပေမယ့် မောတို့ဌာနေ ရှမ်းမြေဖြစ်သည့် ကမ္ဘောဇတိုင်း၊ လဲချားမြို့နယ်၊ ပင်လုံမြို့ကလေး၏ နံနက်ခင်းသည် ချယ်ရီပန်းနှင့် တောင်ဇလပ်ပန်းတို့က ဝေလျက်ငွေနှင်းမှုန်တို့ လူးလွန့်အုံ့ဆိုင်းကာ သာယာ အေးချမ်းသော ရှမ်းတောင်တန်း၏ အလှပုံရိပ်တို့ကား တိုင်းရင်းသားလူမျိုးစုများ၏ စည်းလုံးမှုကို တမ်းတမ်းတတ ပြန်လည်သတိရစရာ သမိုင်းမော်ကွန်းထိုးခဲ့သည့် ကာလပါလားဟု တစိမ့်စိမ့် ထင်ဟပ်နေမည်မှာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ နှလုံးထဲ စွဲမြဲနေပေမည်ဟု ယုံကြည်မိပါသည်။

ဆရာတက္ကသိုလ်နေဝင်းက ဆိုထားပါသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် ဗိုလ်ချုပ်၏အသက် ၃၂ နှစ် တင်းတင်းပြည့် မွေးနေ့ဖြစ်သလို၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည်လည်း သူ့အတွက် အရေးတကြီးနေ့တစ်နေ့ ဖြစ်ပေကြောင်း ဖော်ညွှန်းထားသည်ကို လေ့လာတွေ့ရှိရပေသည်။ မှန်ပါ၏၊ ထိုနေ့သည် Union ခေါ် ပြည်ထောင်စုပုံစံဖြင့် လွတ်လပ်သော မြန်မာနိုင်ငံတော်ဖြစ်စေသည့် မြန်မာ့သမိုင်းဝင် ပင်လုံညီညွတ်ရေးစာချုပ်ကြီးအား လက်မှတ်ရေးထိုးနိုင်ခဲ့ကြသောနေ့ပင် ဖြစ်သောကြောင့်ပေတည်း။

မြန်မာ့လွတ်လပ်ရေးရလုရခင် အင်္ဂလန်၌ ဗိုလ်ချုပ်နှင့် အက်တလီတို့ အချေအတင်ပြောနေခိုက် စော်ဘွားနှစ်ဦး၏ သံကြိုးစာကြောင့် တောင်တန်းနှင့်မြေပြန့်ကို သီးခြားဖြစ်အောင် ဖန်တီးသည့်ကြိုးတစ်ချောင်းကို အက်တလီက ချည်လိုက်ခြင်းအား ဗိုလ်ချုပ်က ထိုကြိုးအား တောင်တန်းနှင့် မြေပြန့် စည်းလုံးကြောင်း ပင်လုံညီလာခံဖြင့် ပြန်လည်ဖြေချနိုင်ခဲ့ခြင်းပင်ဖြစ်ပါ၏။

### ပင်လုံလူထု အစည်းအဝေး

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့၌ ပင်လုံမြို့တွင် ကချင်ကိုယ်စားလှယ်များနှင့် ရှမ်းကိုယ်စားလှယ်များ ပူးပေါင်းကာ အစည်းအဝေးပြုလုပ်ခဲ့ရာ လူထု ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြလေသည်။ ဖေဖော်ဝါရီ ၇ ရက်နေ့တွင်လည်း ည ၉ နာရီခွဲတွင် ပင်လုံလူထု အစည်းအဝေးပွဲကြီးအား ဆက်လက်ကျင်းပရာ လူထု ၂၀၀၀ ကျော် တက်ရောက်ခဲ့ပြီး ပင်လုံညီလာခံ ကျင်းပနေစဉ်အတွင်း တောင်ပေါ်သားများ ညီညွတ်ရေးဦးစီးအဖွဲ့ကို ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ဦးဆောင်သည့် ၁၈ ဦးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။ ဤသည်မှာ ပင်လုံစာချုပ်လက်မှတ်ရေးထိုးပွဲ၏ အောင်မြင်ရေးလမ်းစများပင် ဖြစ်ပါပေသည်။

### အားတက်စရာနေ့

ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒိုမီနီယံ (Dominion) အတွင်းဝန်ကလေး မစ္စတာဘော့တွန်မဲလေ (Bottomely) တို့ပါဝင်သော ခေါင်းဆောင်များသည် တောင်တန်းဒေသဆိုင်ရာ ပင်လုံညီလာခံတက်ရောက်ရန်အတွက် ပင်လုံမြို့သို့ရောက်ရှိလာပြီး နေ့လယ် ၁၁ နာရီခွဲတွင် ရှမ်းပြည်၏သမိုင်းတစ်လျှောက် ထူးခြားလေးနက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု (ရှမ်းပြည်သမိုင်း၌ တစ်ခါမျှမကြုံဖူးသော) ကချင်၊ ချင်း၊ ဗမာ၊ ရှမ်းခေါင်းဆောင်များ၊ ဗြိတိသျှအရာရှိများနှင့် ရှမ်းပြည်သူလူထုများ တက်ရောက်ကြသည်မှာ မြန်မာပြည် လွတ်လပ်ရေးအတွက် အားတက်စရာနေ့ပင် ဖြစ်သည်ဟု ဆိုရပါပေမည်။ ထိုနေ့၌ လူထုစည်းဝေးပွဲကြီး ကျင်းပရာ သဘာပတိအဖြစ် တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းစိန်က ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက "မြန်မာများက စိုးမိုးလို၍မဟုတ်" ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားခဲ့လေသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် လဲချားမြို့နယ် ပင်လုံမြို့ကလေးသည် တောတောင်များ၊ သစ်ပင်ဝါးပင်များ အုံ့အုံ့ဆိုင်းဆိုင်းအေးချမ်းမှုနှင့် နှင်းမြူတို့ပိတ်ဆိုင်းကာ ချမ်းစိမ့်သောကာလ သာယာအေးမြသော အသွင်ကိုဆောင်ကာ မောတို့တိုင်း၏ ကမ္ဘောဇဌာနေကို အမှတ်ရစေသော သမိုင်းဝင်နေ့ကလေး၏ နံနက်ခင်းပင် ဖြစ်ပါပေသည်။

ထိုဒေသသည် ရှမ်းပြည်မြောက်ပိုင်းနှင့် တောင်ပိုင်း၊ အရှေ့ပိုင်းတို့၏ လမ်းဆုံရာနေရာဖြစ်သလို လဲချားစော်ဘွား၏ နယ်အတွင်းရှိ ပင်လုံမြို့ကလေးမှာ ကြည်နူးနှစ်သက်ဖွယ်ရာ ပသာဒရှိလှပါပေ၏။ ယင်းနေ့ နံနက် ၁၀ နာရီတွင် သမိုင်းဝင် ပင်လုံစာချုပ်ကို တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီး ၂၃ ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြပါလေသည်။

အမျိုးသားတိုင်းရင်းသား ခေါင်းဆောင်ကြီးများ ပေါင်းစည်းညီညွတ်ကြောင်းကို ထိုပင်လုံ တိုင်းရင်းသားညီလာခံကြီးမှ လမ်းညွှန်ပြသ မျိုးစေ့ချပေးခဲ့လိုက်ခြင်းကြောင့် မြန်မာ့သမိုင်းတွင် အစဉ်တွင်ရစ်နေသော ပြည်ထောင်စုနေ့ကြီးအား တိုင်းရင်းသား မျိုးနွယ်စုအားလုံး၊ မြန်မာတစ်မျိုးသားလုံးက မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်ကြီးတို့ပေးခဲ့သည့် ဤပြည်ထောင်စုအမွေကို ဦးလည်မသုန် စောင့်ထိန်းကြကာ နိုးကြားသော အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ထား အစဉ်ပွားများကာ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံး တန်းတူညီတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် အဖျက်ရန်ဘယ်လိုပင်ရှိရှိ သွေးစည်း ညီညွတ်ခြင်း၏ရလဒ်ကြောင့် မြန်မာ့လွတ်လပ်ရေးကြီးရခဲ့သည်ကို အမှတ်ရကာ အစဉ် စည်းလုံးချစ်ကြသော၊ ဘေးကင်းသည့် ငြိမ်းချမ်းသာယာ သော ပြည်ထောင်စုကြီးကို ထာဝရ တည်ဆောက်ကြဖို့ လိုပေသည်ဟု ရေးသား တင်ပြလိုက်ရပါတော့သတည်း။ ။

**○ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် လဲချားမြို့နယ် ပင်လုံမြို့ကလေးသည် တောတောင်များ၊ သစ်ပင်ဝါးပင်များ အုံ့အုံ့ဆိုင်းဆိုင်း အေးချမ်းမှုနှင့် နှင်းမြူတို့ ပိတ်ဆိုင်းကာ ချမ်းစိမ့်သောကာလ သာယာ အေးမြသော အသွင်ကိုဆောင်ကာ မောတို့တိုင်း၏ ကမ္ဘောဇဌာနေကို အမှတ်ရစေသော သမိုင်းဝင်နေ့ကလေး၏နံနက်ခင်းပင် ဖြစ်ပါပေသည်။**

## ပြည်ထောင်စုနေ့ တို့မမေ့

❑ 'ပြည်ထောင်စုနေ့ တို့မမေ့' ဆိုပြီး
တမော့မော့နဲ့ နှိုးဆော်
အော်နေရုံဖြင့် မပြီးပါ။
❑ ငြိမ်းချမ်းရေးအတွက်
အိပ်မက်ထဲကနိုးထ...
လက်တွေ့ဘဝဆီ... ဦးတည်
(ဒါကပဲ...)
ပြည်ထောင်စုနေ့ တို့မမေ့ အမှန်အစစ်
(ငါတို့ဟာ...)
ဉာဏ်သစ်ကို ဆင်ရမယ်
စိတ်မွန်မြတ်ကို တူရမယ်
ဖြူစင်နှလုံးသားကို မွေးရမယ်
(ဒါလည်း...) အရေးတော်ပုံပါပဲကွယ်။
❑ အို... မိတ်ဆွေတို့
ငါတို့ လက်ဆက်ခရီး
လက်သီးလက်မောင်း ထပ်တန်းမယ်
အရေးတော်ပုံ အောင်ရမယ်။ ။

စိုးမြင့်သန်းမောင် (စာပေဗိမာန်)

(၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါသည်)

# ရန်ကုန်မြို့နေ ပြည်သူတို့ ကုသိုလ်ယူအပန်းဖြေရာ မော်တင်စွန်းဘုရားနှင့် ငွေဆောင်၊ ချောင်းသာ၊ ဂေါ်ရင်ဂျီကျွန်းသို့ ခရီးသွားလာမှုများပြား

ရန်ကုန် ဖေဖော်ဝါရီ ၁၁

**ရုံးပိတ်ရက်နှင့်ပြည်ထောင်စုနေ့၊ ဗိုလ်ချုပ်မွေးနေ့၊ အထင်ကရနေ့များ တစ်ဆက်တည်းဖြစ်၍ စနေနေ့မှစ၍ ရန်ကုန်မြို့နေပြည်သူတို့ မြို့ပြမွန်းကျပ်မှုကို အခိုက်အတန့်ပြေလျော့စေမည့် ခရီးသွားအပန်းဖြေမှုတို့ဖြင့် ရန်ကုန်ဘူတာကြီး၊ ကျောက်မြောင်းဈေး၊ အောင်မင်္ဂလာအဝေးပြေးနှင့် ဒဂုံ-ဧရာအဝေးပြေး ယာဉ်ရပ်နားဝင်းတို့တွင် နံနက်ပိုင်း၊ ညပိုင်းတို့တွင် ခရီးသွား ပြည်သူတို့ဖြင့် စည်ကားလျက်ရှိသည်။**

ဌာနဆိုင်ရာ ဝန်ထမ်းများမိသားစုနှင့်အတူ စနေနေ့ နံနက်ပိုင်း၊ ညပိုင်းတို့တွင် မော်တင်စွန်းဘုရားပွဲသို့လည်းကောင်း၊ ပင်လယ်ပြင်နှင့် ရှုခင်းအလှအပတို့ ဆွဲဆောင်မှုကြောင့် နိုင်ငံခြားသားများ အထူးစိတ်ဝင်စားလည်ပတ်သော ငရုတ်ကောင်း(ဂေါ်ရင်ဂျီကျွန်း)နှင့် ငွေဆောင်၊ ချောင်းသာသို့ ရန်ကုန်မြို့ပြနေပြည်သူတို့ ယခုရက်ပိုင်းအတွင်း ကုသိုလ်ယူခြင်း၊ အပန်းဖြေခြင်းတို့ဖြင့် တဖွဲဖွဲသွားရောက်လျက်ရှိကြသည်။

မော်တင်စွန်းဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ မတ်လ ၁ ရက် တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယမန်နှစ်ထက် ဘုရားဖူးပြည်သူများ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ရန်ကုန်ဆိပ်ကမ်း သဘော်ဆိပ်တို့တွင် စည်ကားလျက်ရှိသည်။ ကိုယ်ပိုင်ယာဉ်ဖြင့် မိသားစု၊ အစုအဖွဲ့တို့ သွားလာကြသည့်နည်းတူ အဝေးပြေးယာဉ်ရပ်နားစခန်းတို့မှလည်း သွားရောက်ကြလျက်ရှိရာ လှိုင်သာယာ၊ ဒဂုံ-ဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်းရှိ မြတ်မိခင် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းနှင့် ကံထူးအောင်ယာဉ်လိုင်းတို့တွင် မော်တင်စွန်းဘုရား၊ ဟိုင်းကြီးကျွန်းနှင့် ငရုတ်ကောင်း (ဂေါ်ရင်ဂျီကျွန်း)သို့ သွားရောက်လည်ပတ်ကြမည့်ခရီးသွားတို့ဖြင့် စည်ကားလျက်ရှိသည်။




"မော်တင်စွန်းဘုရားက ၁ ရက်နေ့မှာ ထီးတော်တင်တယ်၊ ပုံမှန်သွားလာတာထက် ဒီနှစ် ခရီးသွားများတယ်၊ ကုန်ရောင်းကုန်ဝယ်၊ ဈေးရောင်း၊ ဈေးဝယ်သွားတာလည်း များတယ်၊ ဒီနှစ်က ရုံးပိတ်ရက်ပိုရသွားတော့ မိသားစုလိုက်သွားကြတာများတယ်၊ ပြီးတော့ စက်ရုံအလုပ်သမားတွေ အလည်အပတ်သွားကြတယ်၊ ပင်လယ်ကမ်းခြေဖြစ်တဲ့ ငရုတ်ကောင်း(ဂေါ်ရင်ဂျီကျွန်း)ကို အပန်းဖြေသွားတာလည်း ဒီရက်ပိုင်းမှာများတယ်၊ နိုင်ငံခြားသားတွေက မြို့ထဲဘူတာကြီးနားက စီးတာများတယ်၊ အောင်မင်္ဂလာအဝေးပြေးက ကျိုက်ထီးရိုးကို သွားတာများတယ်၊ ငွေဆောင်၊ ချောင်းသာလည်း ခရီးသွားများကြတယ်၊ အထူးသဖြင့် မော်တင်စွန်းဘုရားဖူးသွားတဲ့ ခရီးသည်များတယ်၊ ကျန်တဲ့အချိန်ဆိုရင် ဟိုင်းကြီးကျွန်းထိပဲပို့တာ၊ အခုဘုရားပွဲဈေးတန်းနားထိ ပို့ဆောင်ပေးတော့ ဘုရားဖူးတွေ အဆင်ပြေတာပေါ့၊ ပြီးတော့ လပြည့်နေ့တိုင်း ကျွန်တော်တို့က ငရုတ်ကောင်း (ဂေါ်ရင်ဂျီကျွန်း)၊ ကျုံကူး၊ ဟိုင်းကြီး၊ မော်တင်စွန်းကို ကုသိုလ်ဖြစ်အခမဲ့ ပို့ပေးတာ ဒီနေ့ထိပါပဲ၊ လပြည့်နေ့တိုင်း ပို့ပေးပါတယ်၊ ၄၅ ယောက်စီး၊ ၃၃ ယောက်စီး မှန်လုံယာဉ်နဲ့ ပို့ပေးတာပါ၊ ည ၇ နာရီ ထွက်ပါတယ်၊ ခရီးသွားပြည်သူတွေ စိတ်ကျေနပ်မှုရကြသလို ကျွန်တော်တို့ယာဉ်လိုင်းလည်း ကုသိုလ်ပါရမီလည်း ရပါတယ်၊ ဒီနှစ်ရုံးပိတ်ရက်မှာ ခရီးသွားများတော့ ယာဉ်လိုင်းတွေလည်း အဆင်ပြေကြတယ်"ဟု ဒဂုံ-ဧရာ အဝေးပြေးဝင်း မြတ်မိခင်ယာဉ်လိုင်းပိုင်ရှင် ဦးကျော်စွာက ပြောသည်။

ဒဂုံ-ဧရာ အဝေးပြေးဝင်းမှ ချောင်းသာ၊ ငွေဆောင်သို့ နံနက် ၆ နာရီတွင် ယာဉ်လိုင်း သုံးလိုင်းမှပြေးဆွဲလျက်ရှိပြီး ကျောက်မြောင်းဈေးနှင့် ရန်ကုန်ဘူတာကြီးမှလည်း ည ၉ နာရီတွင် မှန်လုံယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။ ကျိုက်ထီးရိုးသို့ ဘုရားဖူးများယခုလို ရုံးပိတ်ရက်ကာလတွင် တဖွဲဖွဲ သွားရောက်ကြလျက်ရှိပြီး မွန်းတည့် ၁၂ နာရီနှင့် ညနေ ၆ နာရီတွင် ခရီးသွားဝန်ဆောင်မှုပေးလျက်ရှိသည်။ တစ်လတာကျင်းပသော မော်တင်စွန်းဘုရားပွဲတော်သို့ ည ၇ နာရီတွင် ဒဂုံ-ဧရာ အဝေးပြေးမှ ပို့ဆောင်ပေးလျက်ရှိရာ နံနက် ၅ နာရီတွင် မော်တင်စွန်းဘုရားသို့ ရောက်ရှိဖူးမြော်နိုင်ပြီဖြစ်သည်။ ပင်လယ်ကမ်းခြေအလှများ စုဝေးရာ ဧရာဝတီတိုင်းဒေသကြီးရှိ ဂေါ်ရင်ဂျီကျွန်းသို့ ည ၈ နာရီ ယာဉ်လိုင်း သုံးလိုင်းဖြင့် ပုံမှန်ပြေးဆွဲလျက်ရှိသည်။ ဒဂုံ-ဧရာ အဝေးပြေးမှ ငရုတ်ကောင်းရွာထိသာ ပြေးဆွဲခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် ၁၅ မိုင်ဝေးသော ဂေါ်ရင်ဂျီကျွန်းသို့ ဆိုင်ကယ်ဖြင့် ဆက်လက်သွားရောက်ရခြင်း ဖြစ်သည်။ တောင်ပေါ်လမ်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက နိုင်ငံခြားခရီးသွားများ ယခုထက်ပို၍ ဝင်ရောက်နိုင်သော ပင်လယ်ကမ်းခြေတစ်ခုဖြစ်စေမည်ဖြစ်သည်။ ငွေဆောင်၊ ချောင်းသာထက်ပို၍ လှပသောကြောင့် ဖြစ်သည်။

ရန်ကုန်မြို့ ပြည်သူများ ရုံးပိတ်ရက်၊ အလုပ်နားရက်ရသော ယခုရက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်၊ ကန်တော်ကြီးနှင့် လှော်ကားတိရစ္ဆာန်ဥယျာဉ်တို့တွင် သွားရောက်အပန်းဖြေအနားယူသူများ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်နှင့် ဗိုလ်တထောင်စေတီတော်တို့တွင် တရားရှာ ကုသိုလ်ယူသူတို့ဖြင့် စည်ကားလျက်ရှိပြီး သာကေတ မိကျောင်းမွေးမြူရေးစခန်း၊ ပြည်သူ့ရင်ပြင်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့တွင်လည်းပြည်တွင်းပြည်ပမှ လာရောက်လေ့လာသူတို့ဖြင့် ရန်ကုန်မြို့သည်လည်း စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့မှ မော်တင်စွန်းဘုရားပွဲတော်သို့ သွားရောက်လည်ပတ်ကြမည့် ဝန်ထမ်းမိသားစုဖြစ်သော ဦးစိုးဟန်က "ကျွန်တော်တို့နှစ်ဦးလုံးက ဝန်ထမ်းတွေဆိုတော့ မိသားစုအပြင်ထွက်ပြီး အပန်းဖြေသွားဖို့ဆိုတာ မလွယ်ဘူး၊ အခုလို ရုံးပိတ်ရက်မှာ မူလတန်းကလေးနှစ်ဦးနဲ့ ဘုရားလည်းဖူးမယ်၊ ကမ်းခြေမှာ အပန်းလည်းဖြေမယ်။ မိသားစုနွေးထွေးမှုအတွက် အချိန်လည်းပေးခွင့်ရသလို ဘုရားဖူးကုသိုလ်လည်းရတဲ့အတွက် မော်တင်စွန်းဘုရားပွဲကို သွားဖြစ်တာပါ"ဟု ကြည်နူးမှုစကားသံဖြင့် ပြောကြားသည်။

ရန်ကုန်မြို့မှ ခရီးသွားပြည်သူများ မော်တင်စွန်း (ဟိုင်းကြီး)၊ ကျိုက်ထီးရိုး၊ ဂေါ်ရင်ဂျီကျွန်း၊ ငွေဆောင်၊ ချောင်းသာနှင့် မွေးရပ်ဒေသများသို့ သွားရောက်လည်ပတ်ကြလျက်ရှိပြီး ရုံးဖွင့်ရက်အမီ ဝန်ထမ်းများ ပြန်လည်လုပ်ငန်းခွင်ဝင်ရောက်မည်ဖြစ်သော်လည်း အများပြည်သူတို့မှာ နှုတ်ဆက်ထွက်ခွာတော့မည့် အအေးဓာတ်ကို ခံစားလျက် ဘုရားဖူးကုသိုလ်ရှာသူများ၊ စိတ်အေးချမ်းသာမှု ရရှိစေသော ပင်လယ်ကမ်းခြေအပန်းဖြေသူတို့ဖြင့် ရန်ကုန်မြို့နေပြည်သူတို့၊ အပန်းဖြေအနားယူခရီးသွားသူတို့ဖြင့် အဝေးပြေးယာဉ် ရပ်နားဝင်းတို့တွင် စည်ကားလျက်ရှိပါကြောင်း....။

**သတင်းဆောင်းပါး-သန်းထိုက်(လှိုင်သာယာ)**



အစိုးရရုံး သုံးရက်ပိတ်ကာလအတွင်း ကယားပြည်နယ် ဒီမောဆိုမြို့နယ်ရှိ အထင်ကရနေရာတစ်ခုဖြစ်သည့် ငွေတောင်ဆည်သို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ သဘာဝတောတောင်ရေမြေ အလှများခံစားရင်း အပန်းဖြေလာရောက်လည်ပတ်မှုကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



အစိုးရရုံးပိတ်ရက်များ၌ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရန်ကင်းစံရွာ ကျေးရွာ ညောင်ချောင်းသာကမ်းခြေရှိ စားသောက်ဆိုင်ခန်းများတွင် သဘာဝအနံ့ရည်၊ ဒေသထွက်အစားအစာများနှင့် အသီးအနှံများစားသုံးရင်း လာရောက်အပန်းဖြေအနားယူနေကြသူများကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ ဝဋ္ဋာနိုင်(ပြန်/ဆက်)

## ငွေတောင်(ခ)မြွေတောင်ပင်လယ်ကမ်းခြေ၌ အပန်းဖြေရေလှိုင်းစီးသူများဖြင့် စည်ကား

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့တွင် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ရုံးပိတ်ရက်ဖြစ်၍ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသော ဘုရားဖူးဧည့်သည်များ၊ ဘုရားဖူးကားများ ရောက်ရှိမှု သိသိသာသာ တိုးတက်လာခဲ့ပြီး နေ့လယ်ပိုင်းတွင် ဇီးချိုင်ကျေးရွာအနီးရှိ ငွေတောင်(ခ)မြွေတောင်ပင်လယ်ကမ်းခြေတွင် အပန်းဖြေပင်လယ်ရေလှိုင်းစီးသူများ၊ ရေကစားသူများ၊ ဆော့ကစားသူများဖြင့် စည်ကားလျက်ရှိသည်။



ဆံတော်ရှင်မဟာမကုဋ္ဌရုံသီမြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီးနောက် ဘုရားဖူးများ လာရောက်မှု အနည်းဆုံးအထိ ကျဆင်းသွားခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ရက်ရှည်ရုံးပိတ်ရက်များအတွင်း သိသိသာသာ ပြန်လည်တိုးတက်လာကြောင်း ဘုရားပွဲရှိ ဈေးရောင်းသူများက ပြောသည်။ နံနက်ပိုင်းနှင့် ညပိုင်းတို့တွင် မော်တင်စွန်းစေတီတော် ရင်ပြင်တော်ပေါ်၌ ဘုရားဖူးသူများ၊ ပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်သူများဖြင့် အေးချမ်းလျက်ရှိပြီး နေ့လယ်ပိုင်းတွင် ငွေတောင်ကမ်းခြေ၌ ပင်လယ်ထွက်ပစ္စည်းများ ဝယ်ယူကြကာ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုနှစ်ဘုရားပွဲမှာ ယခင်ကျင်းပခဲ့သော ပွဲတော်များနှင့် မတူဘဲ စေတီတော်အား ပြုပြင်မွမ်းမံမှု၊ ထီးတော်ကြီးနှင့် အရံစေတီတော်များ အသစ်ပြန်လည်တင်လှူမှု၊ စေတီတော်၏ရင်ပြင်တော်၌ ပြခန်းများ ဆောင်ရွက်ထားမှု၊ ဘုရားဖူးခရီးသွားများ သွားလာနေထိုင်ရေးကိစ္စများ အဆင်ပြေစေရန် အအေးခန်းဧည့်ရိပ်သာများအပြင် လွတ်လပ်စွာ တည်းခိုနိုင်ရန်အတွက် သီးခြားတည်းခိုခန်းငယ်များ၊ ရေ၊ မီး၊ မိလ္လာ၊ သန့်ရှင်းရေး စသည့်တို့ကိုလည်း ဘုရားပွဲကျင်းပရေးကော်မတီ၏ညွှန်ကြားမှုဖြင့် ဟိုင်းကြီးကျွန်းမြို့ရှိ ဌာနဆိုင်ရာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ရန်ကုန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁ -** သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်၏ အကြိမ် ၄၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ရရှိသူ၊ ခုနစ်ဦး သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ (အထူးပြု)ရရှိသူ ၃၃ ဦး၊ အထွေထွေသွားရောဂါကု ဒီပလိုမာဘွဲ့ရရှိသူ ၁၃ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ ၁၂၇ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၁၈၀ အား သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ရွှေတိုးက ဘွဲ့များ အသီးသီးအပ်နှင်းခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဆရာကြီး မင်းသုဝဏ် (၁၀၉) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အမှတ်တရစကားများဟောပြောခြင်းနှင့် ကဗျာရွတ်ဆိုခြင်း ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဆရာကြီး မင်းသုဝဏ် (၁၀၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမှတ်တရစကားများ ဟောပြောခြင်းနှင့် ကဗျာရွတ်ဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လသာမြို့နယ် သံဈေး(ငါးလွှာ) ရှိ Yangon Book Plaza ၌ ကျင်းပသည်။ **(ယာပုံ)**



**ဂုဏ်ပြုရွတ်ဆို**

အဆိုပါ အခမ်းအနားကို Yangon Book Plaza က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပန်းဘဲတန်းမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၀ တို့က ဆရာကြီး မင်းသုဝဏ် ရေးသားခဲ့သော ကဗျာများကို အလှည့်ကျ ဂုဏ်ပြုရွတ်ဆိုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှတ်တရစကား ပြောကြားရာတွင် "ဆရာကြီးဟာ သူ့ရဲ့နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက်အောင်ဆောင်ရွက်နိုင်ခဲ့တဲ့ ဆရာကြီးပဲဖြစ်ပါတယ်၊ ဂုဏ်ပြုချီးကျူးမယ်ဆိုရင်လည်း ဆရာကြီးဟာ ဂုဏ်ပြုချီးကျူးစရာ နယ်ပယ်အသီးသီးမှာ တာဝန်ယူခဲ့တာ ဖြစ်ပါတယ်၊ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလတစ်ခုမှာလည်း သူကျတဲ့တာဝန်ကို ပြည့်ပြည့်ဝဝ တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ နောက်ဆုံးအခြေအနေအထိ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်၊ ဒီအတွက်လည်း ဆရာကြီးရဲ့ စွမ်းဆောင်ရည်တွေဟာ အမြဲတမ်းပဲ ကျွန်တော်တို့ရဲ့ရင်တွေထဲမှာ ကိန်းအောင်းနေတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "ဆရာကြီးဟာ စာပေနယ်ပယ်နဲ့ ပတ်သက်ရင် ခေတ်ဆန်းစာပေခေတ်ကြီးရဲ့ တပ်ဦးကနေ ဦးဆောင်ခဲ့တဲ့ တပ်မှူးကြီး ဖြစ်ပါတယ်၊ မြန်မာစာပေယဉ်ကျေးမှုနယ်ပယ်မှာ ပြည်သူကြားမှာ ရှင်သန်နိုင်ဖို့အတွက် စာပေတစ်ခေတ်ပြောင်းလဲခဲ့တဲ့နေရာမှာ ဆရာကြီးဟာ အရေးကြီးတဲ့ အခန်းကဏ္ဍ တစ်ခုမှာရှိခဲ့ပါတယ်၊ ဆရာကြီးရဲ့ကဗျာတွေ တော်တော်များများဟာ ကလေးတွေရဲ့နှုတ်ဖျားမှာ အမြဲတမ်း လွယ်လွယ်ကူကူ ရွတ်လို့ရတဲ့ ကဗျာလေးတွေအဖြစ်နဲ့ ရှိလာခဲ့တာဖြစ်ပါတယ်၊ ဆရာကြီးရဲ့ကဗျာတွေ ၊ စာပေတွေ၊ ဆရာကြီးဖြစ်စေချင်တဲ့ နိုင်ငံတော်အသစ်ကြီးဖြစ်ဖို့အတွက် စာပေမြတ်နိုးသူတွေ၊ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသူတွေ အားလုံးက ဆရာကြီးရဲ့မျှော်မှန်းချက်တွေကို ရောက်အောင် အတူရုန်းကန်ကြိုးစားကြပါ"ဟု ပြောကြားသည်။

ယင်းနောက် ဆရာကြီး မင်းသုဝဏ် ၏ သားအကြီးဖြစ်သူ ဦးဉာဏ်စိုးက အမှတ်တရ စကားပြောကြားသည်။ အခမ်းအနားတွင် စာပေညီလာခံ -၂၀၁၇ ကျင်းပရေးကော်မတီက စာပေညီလာခံ-၂၀၁၇ အတွက် စာပေမြတ်နိုးသူများနှင့် အလှူရှင်များက လှူဒါန်းထားသော ငွေများအနက်မှ ငွေကျပ် သိန်းတစ်ရာနှင့် ရုံးသုံးကွန်ပျူတာ၊ စားပွဲ၊ ကုလားထိုင်တို့ အပါအဝင် ဆက်စပ်ပစ္စည်းများကို မင်းသုဝဏ်ဖောင်ဒေးရှင်းသို့ လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဦးဉာဏ်စိုးက လက်ခံရယူသည်။

**ကဗျာများရွတ်ဆို**

ထို့နောက် စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)၊ ဆရာမောင်မိုးသူနှင့် ကဗျာဆရာ မောင်သွေးသစ်တို့က အမှတ်တရစကားများ ပြောကြားကြပြီး ဆရာမ မသီတာ(စမ်းချောင်း)၊ ဆရာမ မေဇွန်အေး၊ ကဗျာဆရာမ မအိနှင့် ကဗျာဆရာ စောဝေတို့က အမှတ်တရ ကဗျာများကို ရွတ်ဆိုကြသည်။

ဆက်လက်၍ Bookaholic အဖွဲ့က ဆရာကြီး မင်းသုဝဏ်၏ "ဘကြီးအောင်ညာတယ်"ဝတ္ထုအပေါ် ရှုထောင့် အမျိုးမျိုးမှ ဆွေးနွေးကြပြီး ဆရာချစ်ဦးညိုက "ဘကြီးအောင်ညာတယ်" ပြဇာတ်အပေါ် သုံးသပ်ချက်များကို ပြောကြားသည်။

ယနေ့ အခမ်းအနားနှင့်ပတ်သက်၍ ပန်းဘဲတန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်စောနန်းခိုင်က "အခုလို ကဗျာရွတ်တဲ့ပွဲတွေ လုပ်ပေးတဲ့အတွက် ကလေးတွေ စာပေဘက်ကို ပိုပြီးဝါသနာပါလာပါတယ်၊ Yangon Book Plaza မှာ လုပ်တဲ့အတွက်ကြောင့်လည်း သူတို့တွေအနေနဲ့ စာအုပ်တွေကို အများကြီး လေ့လာခွင့်ရတယ်၊ စာပေအပေါ်မှာလည်း မြတ်နိုးလာမယ်။ ကဗျာတွေရွတ်ကြရတဲ့အတွက် ကဗျာကို ပိုပြီးနှစ်သက်လာမယ့်အပြင် စာပေရဲ့တန်ဖိုးကိုလည်း ပိုပြီး သိမြင်လာမှာဖြစ်ပါတယ်" ဟု ပြောသည်။

အလားတူ စာရေးဆရာချစ်ဦးညိုက "စာရေးဆရာတွေ၊ ကဗျာဆရာတွေအပေါ်မှာ ဆရာကြီးရဲ့ ကျေးဇူးတရားတွေက အများကြီးပါ၊ အဲဒါကြောင့် ဆရာကြီးကို ချစ်တယ်၊ မြတ်နိုးတယ်၊ လေးစားတယ်၊ ဆရာကြီးရဲ့တန်ဖိုးကိုပူဇော်ချင်တဲ့ အနေနဲ့ အခုလို လာရောက်ခဲ့ခြင်းဖြစ်ပါတယ်၊ ကျွန်တော် ဒါရိုက်တာလုပ်ပြီး စာရေးဆရာ၊ ဆရာမတွေနဲ့ စင်တင် ပြဇာတ်ကခဲ့တဲ့ "ဘကြီးအောင် ညာတယ်"ပြဇာတ်နဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေကို ဒီကနေ့ အခမ်းအနားမှာ ပြန်ပြောပြခဲ့ပါတယ်၊ အခုလို အစီအစဉ်ကို ဒီ့ထက် ကျယ်ကျယ်ပြန့်ပြန့်လုပ်သင့်တယ်၊ ကဗျာဆရာကြီးတွေ၊ ဝတ္ထုဆရာတွေကလည်း သက်ဆိုင်ရာအလိုက် ရွတ်ကြမယ်၊ စာရေးဆရာကြီးတွေအပါဝင် လူငယ်တွေကလည်း ဒီအပေါ်မှာ ဝိုင်းပြီး သုံးသပ်ကြခြင်းအားဖြင့် စာဖတ်အားတွေ တက်လာပြီး စာပေအပေါ်မှာ ပိုမိုစိတ်ဝင်စားလာမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် အခုလိုပွဲမျိုးဟာ လူချွန်လူကောင်းတွေ မွေးထုတ်ပေးနိုင်မယ့် စာပေလှုပ်ရှားမှုလို့ ပြောလို့ရပါတယ်"ဟု ပြောသည်။

ယနေ့ အခမ်းအနားသို့ စာပေပညာရှင်များ၊ စာရေးဆရာ၊ ဆရာမများနှင့် စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဆရာကြီး မင်းသုဝဏ် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြပြီး တက်ရောက်လာကြသူများအား Yangon Book Plaza က စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# ကရင်ပြည်နယ် တိုင်းရင်းသားလူမျိုးများ ရိုးရာစာပေယဉ်ကျေးမှုပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကရင်ပြည်နယ် တိုင်းရင်းသားလူမျိုးများ ရိုးရာစာပေယဉ်ကျေးမှုပွဲတော်ကို အမှတ်(၄) ရပ်ကွက် သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက် ပွဲတော် ဒုတိယနေ့တွင် တိုင်းရင်းသားတို့၏ ရိုးရာစာပေယဉ်ကျေးမှုအမွေအနှစ်ပြခန်းများ၊ အဝတ်အထည် အရောင်းပြခန်းများ၊ အစားအစာ အရောင်းဆိုင်ခန်းများနှင့် ဖျော်ဖြေရေး အစီအစဉ်များအား လာရောက်လေ့လာကြည့်ရှု ဝယ်ယူစားသောက်သူများနှင့် အထူးပင် စည်ကားလျက်ရှိကြောင်း သိရသည်။




**ကရင်ပြည်နယ် တိုင်းရင်းသားလူမျိုးများ ရိုးရာစာပေယဉ်ကျေးမှုပွဲတော်တွင် ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။**

**ပြခန်းများ လာရောက်လေ့လာ**

အဆိုပါပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်ထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ဒုတိယနေ့တွင် ကရင်တိုင်းရင်းသားများ ဖြစ်ကြသည့် ပိုးကရင်၊ စကောကရင်၊ ဘွဲကရင်၊ ပကူးကရင်၊ မိုဘွာကရင်၊ ကရင်ဖြူ၊ ဂေဘားကရင်တို့၏ ခင်းကျင်းပြသထားသော ရိုးရာစာပေယဉ်ကျေးမှု အဝတ်အထည်အသုံးအဆောင်နှင့် တူရိယာပစ္စည်းများ၊ ကယန်းတိုင်းရင်းသားတို့၏ ရိုးရာစာပေယဉ်ကျေးမှုအမွေအနှစ်ပြခန်းများ၊ ဗမာတိုင်းရင်းသားတို့၏ ရိုးရာစာပေယဉ်ကျေးမှုအမွေအနှစ်ပြခန်းများ၊ မွန်တိုင်းရင်းသားတို့၏ ရိုးရာစာပေ ယဉ်ကျေးမှု အမွေအနှစ်ပြခန်းများ၊ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာစာပေ ယဉ်ကျေးမှုအမွေအနှစ်ပြခန်းများ၊ ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာစာပေယဉ်ကျေးမှုအမွေအနှစ်ပြခန်းများအား လာရောက်လေ့လာကြည့်ရှုသူများ အထူးပင်များပြားသကဲ့သို့ ကရင်၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာအစားအစာ အရောင်းပြခန်းများနှင့် အဝတ်အထည်အသုံးအဆောင် အရောင်းပြခန်းတို့တွင် လာရောက်မြည်းစမ်းစားသုံးသူများ၊ ကြည့်ရှုဝယ်ယူသူများဖြင့် လက်မလည်အောင် ရောင်းချနေကြရကြောင်း သိရသည်။

**ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ**

ထို့အတူ ညခင်းဘက်တွင် ကရင်၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ညစဉ် ကပြဖျော်ဖြေလျက်ရှိရာ ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသများသာမက ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်အပြင် ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေထိုင်ကြသည့် တိုင်းရင်းသားများလည်း လာရောက်ကြည့်ရှုအားပေးကြကြောင်း၊ ကရင်၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်း တိုင်းရင်းသား နာမည်ကြီးတေးသံရှင်များ သီဆိုဖျော်ဖြေသည့် စတိတ်ရှိုး စင်တင်တေးဂီတ ဖျော်ဖြေပွဲတွင်လည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရှိရပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွေ့လျားစာကြည့်တိုက်ယာဉ်နှင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့၏ မူခင်းပညာပေးပြခန်းယာဉ်တို့တွင်လည်း စာအုပ်စာပေများ၊ အသိပညာပေးပိုစတာများအား ဖတ်ရှုလေ့လာသူများဖြင့် စည်ကားနေကြောင်း၊ တိုင်းရင်းသားရိုးရာစာပေ ယဉ်ကျေးမှု အမွေအနှစ်ပြခန်းများ၊ အစားအစာ အရောင်းဆိုင်ခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများကြောင့် ပွဲတော်မှာ စည်ကားသိုက်မြိုက်လျက်ရှိပြီး ဘားအံမြို့ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများ ပျော်ရွှင်စွာဖြင့် ပွဲတော်ကို ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# နှစ်(၇၀) ပြည့် ကရင်အမျိုးသားနေ့အခမ်းအနား သထုံ၌ ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ်၊ သထုံခရိုင်၏ နှစ်(၇၀)ပြည့် ကရင်အမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်က သထုံမြို့ သုဝဏ္ဏခန်းမ၌ မြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသားလူငယ်များ အစည်းအရုံး(သထုံ)မှ ဦးစီးကာ ပထမဆုံးအကြိမ်အဖြစ် စည်ကားစွာ ကျင်းပသည်။ **(ဝဲပုံ)**

ကရင်အမျိုးသားနေ့မှာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ကရင်တိုင်းရင်းသားအားလုံးက ကရင်ပြည်လိုလားကြောင်း လူထုဆန္ဒပြပွဲကြီးကို နေရာအနှံ့ အပြားကျင်းပခဲ့ကြပြီး ယင်းနေ့ကို ကရင်ခေါင်းဆောင်ကြီးများက ကရင်အမျိုးသားနေ့အဖြစ် သတ်မှတ်ကာ အစဉ်အဆက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကရင်အမျိုးသား အလံတော်တို့အား တက်ရောက်လာသူများက အလေးပြုကြပြီး KNU- ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီ၊ ပြည်နယ် ကရင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ KWO-ကရင်အမျိုးသမီးအစည်းအရုံးနှင့် KYO-ကရင်လူငယ်အစည်းအရုံးတို့မှ ပေးပို့သော သဝဏ်လွှာများကို တာဝန်ရှိသူများက ဖတ်ကြားသည်။ အဆိုပါနေ့တွင် ပြုလုပ်သည့် နှစ်(၇၀)ပြည့် ကရင် အမျိုးသားနေ့အခမ်းအနားသို့ သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ်တို့မှ ကရင်တိုင်းရင်းသားများနှင့် မွန်၊ ပအိုဝ်း၊ ရခိုင် စသည့် အခြားတိုင်းရင်းသားများ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ရိုးရာပြခန်းများ ပြသခြင်း၊ ဒုံးယိမ်းများဖြင့် ဖျော်ဖြေခြင်းတို့ ဖြင့်စည်ကားစွာ ကျင်းပခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# တိုင်းရင်းသားတွေရဲ့ နေထိုင်ပုံတွေ၊ ရိုးရာဓလေ့တွေသိရလို့ အပန်းဖြေရတာ ကျေနပ်စရာပါ

မဇင်မိုင်အောင်

**ကိုယ်စိတ်နှစ်ပါး လွတ်လပ်စွာ အပန်းဖြေအနားယူသည့် အချိန်ကာလကို အားလပ်ရက်ဟု ဆိုချင်ပါသည်။ ယခုကာလသည် ရုံးပိတ်ရက် သုံးရက်ဆက်တိုက်ရရှိသည့် ကာလဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များသည် အဆိုပါ အားလပ်ရက်အတွင်း အနားယူအပန်းဖြေလျက်ရှိနေကြသည်။ ထိုသို့ အပန်းဖြေအနားယူကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားဖော်ပြလိုက်ရပါ သည်။**



ဦးစိုးနိုင်



ဦးရှဲဒီ

**ဦးစိုးနိုင်(အထွေထွေမန်နေဂျာ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်)**

ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်နဲ့ အခုလို ပွင့်လင်းရာသီဆိုရင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာရောက်အပန်းဖြေလည်ပတ်တဲ့သူများပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားတွေ တော်တော်များများလာကြပါတယ်။ တစ်ရက်ကို လာရောက်လေ့လာတဲ့သူ အနည်းဆုံး ၉၀၀ ကနေ ၁၀၀၀ လောက်အထိ ရှိပါတယ်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တစ်ခုလုံးမှာ လေ့လာစရာတွေ အများကြီးရှိပါတယ်။ ဥယျာဉ်ထဲမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းမှာ တိုင်းရင်းသားရိုးရာအိမ်တွေ၊ ရိုးရာအစားအစာအရောင်းဆိုင်တွေနဲ့ ရိုးရာပစ္စည်းအရောင်းဆိုင်တွေလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာအလိုက် အပန်းဖြေစရာနေရာတွေနဲ့ လေ့လာစရာနေရာတွေ အများကြီးရှိပါတယ်။ ကလေးတွေအတွက် ကစားလို့ရမယ့် နေရာတွေလည်း အများကြီး ရှိပါတယ်၊ နိုင်ငံ့ဝန်ထမ်း၊ ကျောင်းသား၊ ကျောင်းသူတွေနဲ့ အဖွဲ့အစည်းအလိုက်လာတဲ့သူတွေကို ဥယျာဉ်ဝင်ကြေး အပါအဝင် အခြားလေ့လာစရာ နေရာတွေကိုလည်း ဈေးနှုန်းတွေ လျှော့ချပေးထားတာတွေ ရှိပါတယ်။ အခု အားလပ်ရက် သုံးရက်ဆက်တိုက်ဖြစ်နေတဲ့ နေ့မျိုးမှာ ဝင်ကြေးကို တစ်ဝက်ထိ လျှော့ပေးထားပါတယ်။ ရုံးပိတ်ရက်ဆက်တိုက်မျိုးမှာ ဥယျာဉ်ကို လူဝင်တာ ပိုများပါတယ်။ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်ဟာ တစ်နိုင်ငံလုံးနဲ့ ပုံစံတူ ဆောက်လုပ်ထားတာ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ရိုးရာအိမ်တွေ၊ နန်းတော်တွေ၊ ဘုရားစေတီတွေ ထည့်သွင်းတည်ဆောက်ထားတဲ့အတွက် အချိန်တိုအတွင်းမှာ တစ်နိုင်ငံလုံးကို ရောက်သွားသလို လေ့လာခံစားနိုင်မှာဖြစ်ပါတယ်။

**ဦးရှဲဒီ(ဒုတိယဥက္ကဋ္ဌ၊ လားဟူ ရိုးရာစာပေနှင့်ယဉ်ကျေးမှုအသင်း)**

ကျွန်တော်က လားဟူတိုင်းရင်းသားတစ်ယောက်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲမှာ ဖျော်ဖြေဖို့ လာရောက်ရင်း ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှာ လာရောက်အပန်းဖြေ အနားယူတာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အားလုံး လာရောက်အပန်းဖြေကြတာ ဖြစ်ပါတယ်။ ဒီဥယျာဉ်ထဲကို ရောက်တဲ့အခါ ကျွန်တော်တို့လို တိုင်းရင်းသားတွေ၊ တိုင်းရင်းသားပေါင်းစုံရဲ့ အထိမ်းအမှတ်တွေ၊ ရိုးရာတွေကို တွေ့ရတော့ ကျွန်တော်ပျော်တယ်။ ကျွန်တော့်ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့စာပေကို ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်ကြဖို့ အကြံပေးချင်ပါတယ်။ ကျွန်တော်တို့ ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေကိုလည်း ဗဟုသုတတွေရစေဖို့၊ အမြင်တွေ ကျယ်ပြန့်စေဖို့အတွက် ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကို လာရောက်လေ့လာ အပန်းဖြေလည်ပတ်စေချင်ပါတယ်။



မဇင်မိုင်အောင်



ဒေါ်အေးအေးချို



ဒေါ်လှဲ့လှဲ့မွန်



မောင်သုတကျော်



မသင်းယုလွင်

**မဇင်မိုင်အောင်(မြစ်ကြီးနားမြို့ ကချင်ပြည်နယ်)**

ကျွန်မက ကချင်တိုင်းရင်းသူတစ်ဦး ဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့က ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားကို လာရောက်ခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားတွေ အားလုံး တစ်စုတစ်စည်းတည်း ရှိနေတယ်ဆိုတာကို အားလုံးကို သိစေချင်တယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးတွေအားလုံးရဲ့ရိုးရာတွေနဲ့၊ အထိမ်းအမှတ်တွေ စုံလင်အောင် ရှိနေတဲ့ ဒီဥယျာဉ်ကြီးကို အပန်းဖြေရင်း လာရောက်ရ ခြင်းဖြစ်ပါတယ်။ ဒီနေ့ ဒီဥယျာဉ်ထဲမှာ တိုင်းရင်းသားတွေ တော်တော်များများနဲ့ တွေ့တဲ့အခါ ကျွန်မပျော်တယ်။ ရိုးသားမှုတွေ၊ ပွင့်လင်းမှုတွေကိုလည်း မြင်တွေ့ရတယ်။ တိုင်းရင်းသားတွေရဲ့ နေထိုင်ပုံတွေ၊ ရိုးရာဓလေ့တွေကို သိရတယ်။ ကျွန်မတို့ မသိသေးတဲ့ အတွေ့အကြုံအသစ်တွေလည်း ရပါတယ်။ အခုလို လာရောက်အပန်းဖြေရတာ ကျေနပ်စရာကောင်းပါတယ်။ ဝမ်းသာကြည်နူးပါတယ်။ ဒီအမျိုးသားအထိမ်းအမှတ် ဥယျာဉ်က ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားအားလုံးရဲ့နေထိုင်ပုံတွေ၊ ရိုးရာဓလေ့တွေအားလုံးကို ပုံစံငယ်အဖြစ်နဲ့ ဖော်ကျူးထားတာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ ဗဟုသုတတွေ ရရှိပါတယ်။ တချို့တိုင်းရင်းသားတွေက ကိုယ့်နေရာဒေသမှာပဲနေတော့ တခြားကျန်တဲ့ တိုင်းရင်းသားတွေရဲ့ နေထိုင်ပုံတွေ၊ ရိုးရာဓလေ့တွေကို မသိကြပါဘူး။ ဒါကြောင့်မို့ တိုင်းရင်းသားတွေ အားလုံးကို အားလပ်ရက်တွေမှာ နေပြည်တော်မှာရှိတဲ့ ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာရောက်အပန်းဖြေ လည်ပတ်စေချင်ပါတယ်။

**ဒေါ်အေးအေးချို**

**(စိုက်ပျိုးရေးသုတေသနဦးစီးဌာန)**

ကျွန်မက စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှာရှိတဲ့ မူကြိုကျောင်းက ဆရာမတစ်ဦး ဖြစ်ပါတယ်။ အခုလို အားလပ်ရက်မျိုးမှာ တပည့် ကလေးတွေနဲ့ လာရောက်အပန်းဖြေကြတာ ဖြစ်ပါတယ်။ ကျွန်မတို့ မူကြိုကျောင်းက ကလေးတွေကို တိုင်းရင်းသားတွေရဲ့နေပုံထိုင်ပုံ၊ ဓလေ့စရိုက်တွေကို ဗဟုသုတအနေနဲ့ လေ့လာနိုင်ဖို့ လာရောက်လည်ပတ်ရခြင်းဖြစ်ပါတယ်။ ကလေးတွေ ကိုယ်ရောစိတ်ပါ လွတ်လွတ်လပ်လပ်အနားယူခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာရပါတယ်၊ ပီတိလည်း ဖြစ်ရ ပါတယ်။ ကျန်တဲ့မူကြိုကျောင်းတွေကိုလည်း အခုလို ရုံးပိတ်ရက်မျိုးမှာ ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ အခုလို ရုံးပိတ်ရက် သုံးရက်ဆက်တိုက်ရလို့ ဝမ်းသာမိပါတယ်။ ရုံးပိတ်ရက်ရှည်ရရင် ဒီဥယျာဉ်ကို ထပ်မံလာရောက်အပန်းဖြေပါဦးမယ်။

**ဒေါ်လှဲ့လှဲ့မွန်(စိုက်ပျိုးရေးသုတေသနဦးစီးဌာန)**

ကျွန်မက စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ အခုလို ရုံးပိတ်ရက်ရတဲ့အတွက် မိသားစုနဲ့ အပန်းဖြေလို့ရတဲ့ အချိန်ကာလလေးဖြစ်ပါတယ်။ အပန်းဖြေခွင့်ရလို့ ဝမ်းသာမိပါတယ်။ အခု ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာတာ နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့ ကျွန်မအမျိုးသားလည်းပါတယ်။ သူလည်း ရုံးပိတ်ရက် ရပါတယ်။ သမီးလေးကလည်း မူကြိုကျောင်းပိတ်ရက်ဖြစ်လို့ မိသားစု စုံစုံလင်လင် ပျော်ပျော်ရွှင်ရွှင်နဲ့ အခုလို အားလပ်ရက်မျိုးကို ဖြတ်သန်းခွင့်ရတာဖြစ်ပါတယ်။ ကျန်တဲ့ သူငယ်ချင်းတွေလည်း သူတို့ရဲ့မိသားစုတွေနဲ့ အပန်းဖြေအနားယူကြမယ်လို့ ထင်ပါတယ်။

**မောင်သုတကျော်(မူကြိုကျောင်းသား)**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန မူကြိုကျောင်းကနေ လာရောက်အပန်းဖြေတာဖြစ်ပါတယ်။ သားအခုလို လာရတာ ပျော်ပါတယ်။ သားနဲ့အတူ အဖေရယ်၊ အမေရယ်၊ ဆရာမတွေလည်း ပါတယ်။ သားရဲ့သူငယ်ချင်းတွေ အကုန်လုံးလည်း ပါပါတယ်။ တိုင်းရင်းသားကျေးရွာထဲမှာရှိတဲ့ လေ့လာစရာနေရာတွေကို သွားလည်ပြီးပါပြီ။ နောင်လည်း အခုလို ကျောင်းပိတ်ရက်မျိုးမှာ တိုင်းရင်းသားကျေးရွာကို လာလည်ဦးမှာပါ။

**မသင်းယုလွင်(လွင် မိသားစုဈေးဆိုင်)**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ထဲက ကျွန်မတို့ရဲ့ ဈေးဆိုင်ဟာ ရုံးပိတ်ရက် မဟုတ်တဲ့ ကြားရက်တွေမှာကတော့ အသင့်အတင့်ပဲ ရောင်းချရပါတယ်။ အခုလို ရုံးပိတ်ရက်မျိုးမှာ ဥယျာဉ်ကို လာရောက်လည်ပတ်အပန်းဖြေတဲ့သူတွေများတဲ့အတွက် သာမန်နေ့တွေထက် ပိုပြီး ဈေးရောင်းရပါတယ်။ အခုလို အထိမ်းအမှတ်ပွဲမျိုးတွေကို များများလုပ်ပေးစေချင်ပါတယ်။

**သတင်း-မင်းမင်းဇော်၊ မီမီဖြိုး**

**ဓာတ်ပုံ-အေးသန်း**



ရုံးပိတ်ရက်ကာလအတွင်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်လေ့လာ အပန်းဖြေကြသူများကို တွေ့ရစဉ်။



## မြန်မာနိုင်ငံကလေးများနေ့ အကြိုလှုပ်ရှားမှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့၊ မြန်မာနိုင်ငံကလေးများနေ့အဖြစ် အကြိုလှုပ်ရှားမှု အစီအစဉ်များကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ကျင်းပလျက်ရှိသည်။

အဆိုပါလှုပ်ရှားမှုများတွင် ကလေးများအားလုံး ပါဝင်နိုင်စေရန်ရည်ရွယ်၍ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ လူငယ်သင်တန်းကျောင်းများ၊ ကလေးပြုစုရေးဌာနများ၊ ပရဟိတဂေဟာများမှ ကလေးငယ်များနှင့် ရပ်ရွာအတွင်းမှ ကလေးငယ်များပါဝင်၍ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေရှိ ရင်သွေးရတနာမူကြိုနှင့် နန်းထိုက်ရတနာမူကြိုတို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် တာချီလိတ်) စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပ၍ ကလေးများနေ့ အထိမ်းအမှတ်အဖြစ် လေ့လာရေးခရီးစဉ်များလည်း သွားရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၁**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများ၏ ပြခန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ညဝတီ




အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြခန်းများကို ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ပြည်နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကုမ္ပဏီများ၏ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)

“ပြည်ထောင်စုနေ့ဟာ မြန်မာနိုင်ငံရဲ့ နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်တာကြောင့်မို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အခုလိုပဲ အထိမ်းအမှတ်ပြခန်းတွေ၊ အားကစားပွဲတွေနဲ့ ပျော်ပွဲရွှင်ပွဲတွေကို ကျင်းပနေကြမှာ ဖြစ်ပါတယ်၊ ကျွန်မတို့ ရခိုင်ပြည်နယ်မှာလည်း (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာတွေနဲ့ ကုမ္ပဏီတွေရဲ့ပြခန်းတွေကို ဒီနေ့ကစပြီးတော့ ဖွင့်လှစ်ပြသထားပါတယ်၊ အခုလို ပြည်နယ်အစိုးရရဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုတွေ၊ ဌာနဆိုင်ရာတွေရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ပြသထားခြင်းဖြင့် လာရောက်ကြည့်ရှုကြသူတွေက ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို သိရှိနိုင်ပြီး ဗဟုသုတတွေ တိုးပွားနိုင်မယ်လို့ ယုံကြည်မိပါတယ်”ဟု တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းဦးက ပြောသည်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြခန်းများဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကျောက်တော်မြို့ ပျဉ်းချောင်းဆည် နွေစပါးစိုက်ပျိုးရေးများအား ကြည့်ရှုစစ်ဆေး

ကျောက်တော် ဖေဖော်ဝါရီ ၁၁

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက မြောက်ဦးခရိုင် ကျောက်တော်မြို့ ပျဉ်းချောင်းဆည် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က နွေးစပါးစိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး စိုက်ပျိုးလုပ်ကိုင်နေကြသော တောင်သူလယ်သမားများနှင့် တွေ့ဆုံခဲ့ကာ လုပ်ငန်းအခက်အခဲများ၊ လိုအပ်ချက်များအား မေးမြန်းခဲ့ကြောင်း သိရသည်။** (ယာပုံ)



ထို့နောက် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က တောင်သူလယ်သမားများကို လယ်ယာနှင့်ပတ်သက်ပြီး နွေစပါးစိုက်ပျိုးချိန်ကာလသည် ဒေသတစ်ခုနှင့်တစ်ခု မတူကြောင်း၊ ရေ၊ မြေ၊ ရာသီဥတု၊ နေ့၊ ည အပူချိန်၊ ကုန်းမြင့်၊ မြေပြန့်ကွာခြားမှုတို့ကြောင့် စိုက်ချိန်၊ ရိတ်သိမ်းချိန်ကွာခြားကြောင်း၊ နွေစပါးစိုက်ပျိုးရေးတွင် မိုးရွာမှုထက် စပါးပျိုးထောင်ချိန်နှင့် စပါးပင်ပန်းပွင့်ချိန်တို့တွင် ကြုံတွေ့ရမည့် အပူချိန်သည် အရေးကြီးကြောင်း၊ စိုက်ပျိုးချိန် အပူချိန်နည်းပါးလျှင် အပင်ပေါက်နှေးမည်၊ ပန်းပွင့်ချိန် အပူချိန်နည်းလျှင် အဖျင်းများမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ရေရရှိရေးနှင့် နွေစပါးသည် မိုးစပါးထက် ပို၍ အထွက်ကောင်းသည်မှာ နေရောင်ခြည်ကောင်းစွာရရှိမှုသည် မိုးရာသီထက်ပိုကြောင်း၊ ရေရရှိမှုတွင် မိုးရာသီကဲ့သို့ မိုးနည်းမှု၊ မိုးများမှုမဖြစ်ဘဲ ရေသွင်း၊ ရေထုတ်ရေရရှိမှု ရေနေရေထိုင်ကောင်းရန်လိုအပ်ပြီး ယခုနှစ်တွင် မိုးရာသီကာလ ရေရရှိမှု ကောင်းမွန်ခဲ့သဖြင့် ဆည်၊ ရေလှောင်တမံများ ရေအပြည့်အဝရရှိပြီး နွေစပါးအတွက် ရေပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ နွေစပါးစိုက်ခင်းတွင် စပါးပင်များ အပင်ငယ်စဉ်ကာလ တစ်နည်းအားဖြင့် စိုက်ပျိုးမှု၏ ရှေ့ပိုင်းကာလတွင် ပေါင်းမြက်ကို နိုင်နင်းအောင် ဦးစားပေးပြီး လုပ်ကိုင်ကြရန် လိုအပ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# မြေကျင်းအတွင်းမှ ရီမုတ်ခွဲလက်လုပ်မိုင်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၃) မဲဒီ(ဘင်္ဂါလီ)ကျေးရွာ (လူနေထိုင်ခြင်းမရှိ) တောင်ကုန်းစောင်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က မသင်္ကာဖွယ်မြေကျင်းအတွင်း ပလတ်စတစ်ပုံးတစ်လုံးတွေ့ရှိကြောင်း သတင်းအရ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အကျယ် သုံးပေ၊ အနက် သုံးပေခန့် မြေကျင်းအတွင်းရှိ ပလတ်စတစ်ပုံးအတွင်းမှ သံချေးတက်နေသော ရီမုတ်ခွဲလက်လုပ်မိုင်း ၁၀ လုံးတွေ့ရှိ၍ သက်မဲ့ပြုလုပ်ကာ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ဘုတလင်မြို့နယ်တွင် ၁၂ ဘီးယာဉ်ပေါ်မှ ပိတောက်သစ်ခွဲသား ၄၁ ဒသမ ၅၅၄၀ တန် ဖမ်းဆီးရမိ

**ဘုတလင် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် သစ်ခဲ(အနောက်) ကျေးရွာအနီး၌ ၁၂ ဘီး မော်တော်ယာဉ်နှင့်အတူ တရားမဝင် ပိတောက်သစ်ခွဲသား ၄၁ ဒသမ ၅၅၄၀ တန်ကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိမှုမှာ ယခုဘဏ္ဍာရေးနှစ်အတွင်း တန်ချိန်အများဆုံး ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ ဝန်ထမ်းများပူးပေါင်း၍ သစ်ခဲ(အနောက်) ကျေးရွာအနီးတွင် ပိတောက်သစ်ခွဲသား သစ်တုံးများအား ၁၂ ဘီးယာဉ်ဖြင့် တရားမဝင်သယ်ဆောင်ရန် ပြင်ဆင်နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

“ပိတောက်သစ်ခွဲသား ၅၁၉ တုံး တန်ချိန်အားဖြင့် ၄၁ ဒသမ ၅၅၄၀ တန်ကို ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်၊ အခု ဖမ်းဆီးရမှုမှာ ဒီဘဏ္ဍာရေးနှစ်အတွင်း တန်ချိန် အများဆုံး ဖမ်းဆီးရမိမှုလည်း ဖြစ်ပါတယ်၊ ဖမ်းဆီးရမိတဲ့ တရားမဝင် ပိတောက်သစ်ခွဲသားတွေကို မြန်မာ့သစ်လုပ်ငန်း အမှတ်(၇၅) သစ်စက် (မုံရွာ)ကို လုပ်ထုံးလုပ်နည်းနဲ့အညီ ပို့ဆောင်ထားပြီး တရားမဝင်သယ်ဆောင်သူကို ဖမ်းဆီးအရေးယူနိုင်ရေးအတွက် မြို့နယ်ရဲစခန်းမှာ အမှုဖွင့်ဆောင်ရွက်လျက်ရှိပါတယ်”ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးအေးမင်းထွန်းက ပြောသည်။



အဆိုပါ တရားမဝင် ပိတောက်သစ်ခွဲသား သစ်တုံးများ ဖမ်းဆီးရမိရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

အလားတူ ဖေဖော်ဝါရီ ၉ ရက် ညပိုင်းကလည်း ဘုတလင်မြို့ မဟာဗန္ဓုလကြေးရုပ်အနီး၌ တရားမဝင်သယ်ဆောင်လာသော ပိတောက်သစ်ခွဲသား ၆၃ ချောင်း (တန်ချိန် ၉ ဒသမ ၁၉ တန်) ကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ဖိုးခါး (ပြန်/ဆက်)**

# မီးလောင်မှုဖြစ်ပွား၍ လူနေအိမ်လေးလုံး ဆုံးရှုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် မြေပုံမြို့ တောင်ပိုင်းရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ဦးဆန်းမောင် (၅၄ နှစ်)၏ နေအိမ်မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးဆန်းမောင်၏ ဇနီးဖြစ်သူ ဒေါ်မှဲ့နုကြည် (ခ)မထုပ်(၅၀နှစ်)အား ကမ်းထောင်းကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**ညအပူချိန်များ အနည်းငယ်တိုးနိုင်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၁-** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ အများအားဖြင့်သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးနေမည်။ **မိုး/ဇလ**

# ကယားရိုးရာခေတ်ဟောင်းဝတ်စုံ ကယားအမျိုးသမီးများ ကိုယ်တိုင်ဂျပ်ခုတ်ရက်လုပ်ဝတ်ဆင်မှု ပြည်တွင်းခရီးသည်များ လာရောက်လေ့လာ



**ရှားတော ဖေဖော်ဝါရီ ၁၁**

ကယားပြည်နယ် ရှားတောမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများနေ ကယားလူမျိုး အမျိုးသမီးတချို့ ကယားရိုးရာခေတ်ဟောင်းဝတ်စုံများကို ကိုယ်တိုင်ဂျပ်ခုတ်ရက်လုပ်ဝတ်ဆင်နေကြမှုကို စိတ်ဝင်စား၍ လာရောက်လေ့လာသော ပြည်တွင်းခရီးသည်များ ရှိလာကြောင်း သိရသည်။

"အခုလို ကယားရိုးရာခေတ်ဟောင်းဝတ်စုံကို ကိုယ်တိုင်ဂျပ်ခုတ်ရက်လုပ်ဝတ်ဆင်ကြတဲ့ ကယားအမျိုးသမီးဦးရေဟာ ရှားတောမြို့နယ်မှာ အများဆုံးရှိပါတယ်၊ ခေတ်ဟောင်းဝတ်စုံဝတ်ဆင်ကြတဲ့ အမျိုးသမီးအများစုက အသက် ၅၀ ဝန်းကျင်နဲ့အထက် အသက်အရွယ်ရှိတဲ့ အိမ်ထောင်သည် အမျိုးသမီးတွေပါ၊ အရင်ကတော့ ကိုယ်တိုင်ဝါဂွမ်းစိုက်ပျိုးပြီး ချည်ရယူရက်လုပ်ဝတ်ဆင်ခဲ့ကြပါတယ်၊ အခုတော့ တရုတ်က တင်သွင်းတဲ့ချည်ကို ဝယ်ယူပြီး ကိုယ်တိုင်ရက်လုပ် ဝတ်ဆင်ပါတယ်"ဟု ရှားတောမြို့နေ ကယားအမျိုးသမီးတစ်ဦးက ပြောသည်။

ရှားတောမြို့သည် တောင်များပတ်လည်ဝန်းရံလျက် ဒယ်အိုးပုံသဏ္ဌာန်အနိမ့်ပိုင်းတွင် သာယာလှပစွာတည်ရှိနေကာ ရှေးဟောင်းစေတီပုထိုး၊ သာသနိကအဆောက်အအုံများ တည်ရှိခြင်း၊ သဘာဝရေပူစမ်းနှင့် ရေတံခွန်တည်ရှိခြင်း၊ သံလွင်မြစ်အနီးတွင် တည်ရှိခြင်း၊ ရိုးရာဓလေ့ထုံးစံများနှင့် ဝတ်စားဆင်ယင်မှုများ ရှိနေခြင်းတို့ကြောင့် ကယားပြည်နယ် ငြိမ်းချမ်းလာသည်နှင့်အမျှ လွိုင်ကော်မြို့မှတစ်ဆင့် ရှားတောမြို့သို့ နေ့ချင်းပြန်နှင့် ညအိပ်လာရောက်သော ပြည်တွင်းခရီးသည် တဖြည်းဖြည်းတိုးပွားလာလျက်ရှိသည်။ ပြည်ပခရီးသည်လာရောက်မှုကို ကန့်သတ်ထားဆဲဖြစ်သည်။

ရှားတောမြို့နယ်တွင် ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာ ၂၀၊ အိမ်ခြေ ၁၂၇၀၊ အိမ်ထောင်စု ၁၃၈၉ စု၊ လူဦးရေ ၇၀၀၀ ခန့်ရှိပြီး ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်နှင့် ရှမ်းလူမျိုးများ နေထိုင်လျက်ရှိကာ ကယားလူမျိုးဦးရေသည် တစ်မြို့နယ်လုံး လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

❖ *ကျော့ဖုံးမှ*

မွန်းလွဲပိုင်းတွင် Individual Women Elite ၁၀၆ ကီလိုမီတာ ပြိုင်ပွဲကို နိုင်ငံကိုးနိုင်ငံမှ အားကစားသမား ၂၇ ဦးတို့က ဆက်လက်ယှဉ်ပြိုင်ကြရာ စံချိန် ၃ နာရီ ၁၁ မိနစ် ၅၉ စက္ကန့်စီဖြင့် ဗီယက်နမ်နိုင်ငံမှ Thi That Nguyen က ပထမဆု၊ တရုတ်(တိုင်ပေ)မှ Ting Ying Huang က ဒုတိယဆုနှင့် တရုတ်(တိုင်ပေ)မှ Yao Chang က တတိယဆုများ ရရှိခဲ့ကြသည်။

ညနေပိုင်းတွင် Individual Women U-23 ၇၀ ကီလိုမီတာ ပြိုင်ပွဲကို နိုင်ငံကိုးနိုင်ငံမှ အားကစားသမား ၂၀ က ဆက်လက်ယှဉ်ပြိုင်ကြရာ တရုတ်နိုင်ငံမှ Zixin Liu က စံချိန် ၁ နာရီ ၅၉ မိနစ် ၄၅ စက္ကန့်ဖြင့် ပထမ၊ တရုတ်နိုင်ငံမှ Jiajun Sun က စံချိန် ၁ နာရီ ၅၉ မိနစ် ၅၀ စက္ကန့်ဖြင့် ဒုတိယဆုနှင့် ဗီယက်နမ်နိုင်ငံမှ Mai Thi Thu Nguyen က စံချိန် ၁ နာရီ ၅၉ မိနစ် ၅၆ စက္ကန့်ဖြင့် တတိယဆု ဆွတ်ခူးကြသည်။



**Individual Men U-23 ၁၅၆ ကီလိုမီတာ ပထမဆုရ Masaki Yamamoto**

ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာရှစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Onkar Singh၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။



**Individual Men U-23 ၁၅၆ ကီလိုမီတာပြိုင်ပွဲတွင် စက်ဘီးစီးအားကစားသမားများ ပန်းဝင်ခါနီး အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။**

၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲပထမနေ့မှ ယနေ့အထိ အမျိုးသား အမျိုးသမီး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲအပါအဝင် ပြိုင်ပွဲပေါင်းစုံ ယှဉ်ပြိုင်ခဲ့ရာတွင် ဂျပန်နိုင်ငံက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုနှင့် တရုတ်နိုင်ငံက ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ဟောင်ကောင်က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခုတို့ဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။



**Individual Women Elite ၁၀၆ ကီလိုမီတာ စက်ဘီးစီးပြိုင်ပွဲ တာလွှတ်ယှဉ်ပြိုင်စဉ်။**

၂၀၁၈ အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲကို အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ အားကစားသမား ၄၁၅ ဦးတို့က ဖေဖော်ဝါရီ ၁၂ ရက်ထိ ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး စက်ဘီးအားကစားနည်းကို စိတ်ပါဝင်စားသူများအနေဖြင့် လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း- မျိုးသူဟိန်း**
**ဓာတ်ပုံ- ကိုကိုစိုးညွန့်**

**ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၀ ရက်က ပြည်ကြီးပျော်ဘွယ် အနောက်ပိုင်းရပ်ကွက် အထက(၁၉)ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား မှုခင်းအသိပညာပေး ပြခန်းယာဉ်ပြသ၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေကြစဉ်။**

မင်းထက်အောင်(မန်းကိုယ်ပွား)



**(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ရွှေ ဦးဆောင်၍ အရာရှိတပ်ဖွဲ့ဝင် ၁၃ ဦးနှင့် ရဲတပ်သား ၅၀ ပေါင်း ၆၃ ဦးတို့ ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ရမည်းသင်းမြို့ ရှေးသမိုင်းဝင်မင်းသမီးဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။**

တင်ဦး(ရမည်းသင်း)



# ဘရိတ်ပေါက်သောယာဉ် လမ်းဘေးချောက်ထဲ ထိုးကျတိမ်းမှောက်၍ တစ်ဦးသေ၊ ၂၆ ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မိုက္ကရိုကျေးရွာအနီး ပန်းတောင်း-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် (၅၆/၁)၌ ဖေဖော်ဝါရီ ၁၀ ရက် ည ၆ နာရီခွဲက ယာဉ်တစ်စီးဘရိတ်ပေါက်၍ ချောက်ထဲထိုးကျတိမ်းမှောက်ကာ တစ်ဦးသေ၊ ၂၆ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ကုတ်မှ ပေါင်းတည်မြို့သို့ ကန်ပိုင်ရပ်ကွက်နေ ဦးစိုးတင့်(၄၆ နှစ်)မောင်းနှင်ပြီး မာန်အောင်မြို့နယ် ဇရပ်ကုန်း ခင်တန်းကျေးရွာနေ ဒေါ်သိန်း(၆၆ နှစ်)ပါ ၃၀ ဦး လိုက်ပါလာသည့် 4N/----ဟွန်ဒိုင်းမီနီဘတ်စ်ယာဉ်သည် ကုန်းတက်အရောက်၌ ဘရိတ်ပေါက်ကာ နောက်ပြန်လိမ့်ကျခဲ့ပြီး လမ်းဘေး အနက် ငါးပေခန့်ရှိ ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သောကြောင့် ဒေါ်သိန်းတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အလားတူ ယင်းဖြစ်စဉ်ကြောင့် ဇရပ်ကုန်းခင်တန်းကျေးရွာနေ ဒေါ်ရွှေရွှေ(၆၀ နှစ်)ပါ ၂၆ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် တောင်ကုတ်ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ဦးစိုးတင့်အား တောင်ကုတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## ကျောက်ပန်းတောင်းမြို့နယ်တွင် အမြောက်ဆန်ထိပ်ဖူးများ တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိုင်းခေါင်ကျေးရွာ ဦးကျော်အေး (၅၄)နှစ်သည် ယာတောသို့သွားရောက်စဉ် ဖေဖော်ဝါရီ ၁၀ ရက်မွန်းလွဲ ၂ နာရီက ကျေးရွာအရှေ့ဘက်ရှိ ယခင်လမ်းဟောင်း ရေတိုက်စားခဲ့သည့် ချောက်အတွင်းမှ အရှည် ကိုးလက်မ၊ အချင်းသုံးလက်မခွဲခန့်ရှိ အမြောက်ဆန်ထိပ်ဖူးသုံးခုအား တွေ့ရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဦးကျော်အေးက သက်ဆိုင်ရာတာဝန်ရှိသူများအား အကြောင်းကြားခဲ့ရာ နယ်မြေခံတပ်မှ တပ်ဖွဲ့များက သွားရောက်စစ်ဆေးပြီး အဆိုပါ အမြောက်ဆန်ထိပ်ဖူးများအား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**



## ကွတ်ခိုင်မြို့နယ်တွင် လက်နက်ကိုင်အဖွဲ့များက ရွာသားများအား ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်တွင် ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီက KIA/TNLA လက်နက်ကိုင်အဖွဲ့ (အင်အားစိစစ်ဆဲ)က ရွာသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

လက်နက်ကိုင်အဖွဲ့များသည် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ဖောင်းဆိုင်ရွာနေ ဦးဟွမ်ပေါက် (၄၃ နှစ်)၏ ကြံခင်းရှိ ကြံခင်းအလုပ်သမားများဖြစ်သည့် မိုင်းရှူးမြို့နယ် ပါနိမ့်ကျေးရွာနေ အောင်ဆာ (၃၇နှစ်)ပါခုနစ်ဦးအား လည်းကောင်း၊ အောက်ပုန်းထွန်းရွာနေ ဦးချိန်ခိုက်(၆၀ နှစ်)၏ ကြံခင်းရှိ ကြံခင်းအလုပ်သမားများဖြစ်သည့် လားရှိုးမြို့နယ် သံလွင်ကျေးရွာနေ ဦးစံထွန်း(၅၀ နှစ်)ပါငါးဦးအား လည်းကောင်း၊ မန်ခုတ်ကျေးရွာနေ ဦးအာရှန် (၄၂ နှစ်)၏ ကြံခင်းရှိ ကြံခင်းအလုပ်သမားများဖြစ်သည့် ကွတ်ခိုင်မြို့နယ် ပြိန်းဟွယ်ကျေးရွာနေ အောင်အမ်အော(၁၉ နှစ်) ပါ ငါးဦးအား လည်းကောင်း၊ ယင်းနေ့ ည ၁၀ နာရီက မန်အိုင်(တရုတ်) ရွာနှင့် မန်အိုင်(ကချင်)ရွာတို့မှ မန်အိုင်(တရုတ်)ရွာနေ လောက်စွာ(၂၀ နှစ်)ပါ ခုနစ်ဦးတို့အားလည်းကောင်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## ဟုမ္မလင်းမြို့နှင့် ပင်လောင်းမြို့နယ်တို့တွင် ဘိန်းမည်းများနှင့် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ခန္တီးခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီခွဲတွင် ဟုမ္မလင်းမြို့နယ် နားနောက်ကျေးရွာ မဟာဗျူဟာလမ်းမပေါ်၌ သိန်းအောင် မောင်းနှင်ပြီး မြစိုး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းမည်း ၃ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နန်းနိမ့်ကျေးရွာထိပ်တွင် မိုင်းမျိုး(ခ) မောင်မျိုး မောင်းနှင်ပြီး ဦးဆွေ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းစိမ်း ၂၁ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## စားကိုင်ရမ်းကားနေသူ အမျိုးသမီးအား အရေးယူ

**အင်းတော် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကြာအင်းကျေးရွာ ရွာလယ်လမ်းမပေါ်၌ ဓားကိုင်၍ မူးယစ်ရမ်းကားနေသူ အမျိုးသမီးတစ်ဦးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နန့်ခင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် အင်းတော်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၈ ရက် ည ၉ နာရီခန့်က ကြာအင်းကျေးရွာတွင် အမျိုးသမီးတစ်ဦး အရက်သေစာသောက်စားမူးယစ်ပြီး ဓားကိုင် ကာရမ်းကားနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ မခင်မျိုးရီ(ခ)မကောက်သည် အရိုးအသွား တစ်ပေရှစ်လက်မခန့်ရှိ ဓားတစ်ချောင်းနှင့် အရိုးအသွား နှစ်ပေတစ်လက်မခန့်ရှိ ဓားတစ်ချောင်းတို့ကို ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိရသဖြင့် သိမ်းဆည်းကာ မခင်မျိုးရီ(ခ)မကောက်ကို အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## ရွှေဘိုမြို့၌ ငွေကျပ်သိန်းပေါင်း ၂၄၀၀ ခန့် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**ရွှေဘို ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာအုပ်စု မင်္ဂလာရွာအနီး၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ငွေကျပ်သိန်းပေါင်း ၂၄၀၀ ကျော်ခန့် တန်ဖိုးရှိသော ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်က ပြောသည်။

ဖြစ်စဉ်မှာ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ခင်မောင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ရွှေဘို-ရေဦးလမ်း ရန်ကြီးအောင်ကွက်သစ် (ရွှေဘိုမြို့အထွက်) မောင်းတံဂိတ်၌ စောင့်ဆိုင်းနေစဉ် ရွှေဘိုမှ ရေဦးဘက်သို့ မောင်းနှင်လာသော 6H/---- ယာဉ်အား တားဆီးရာ ရပ်တန့်ခြင်းမရှိဘဲ ရေဦးဘက်သို့ ဆက်လက် မောင်းနှင်သွားသဖြင့် လိုက်လံဖမ်းဆီးရာ ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာအုပ်စု မင်္ဂလာရွာအနီး မိုင်တိုင်အမှတ် (၇/၁ နှင့် ၂) အကြား၌ အဆိုပါယာဉ်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရ ယာဉ်နောက်ခန်းမှ ဘိန်းဖြူအမှုန့်များ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ယာဉ်အားမောင်းနှင်လာသူ ကျင်ဇတွန်း အမှတ် ၂/၃၆ သဇင်ရပ်ကွက် မြို့ပတ်လမ်း ကလေးမြို့နေသူနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဦးလန်ခန့်ဆူမ် ကြာအိုလင်ရွာ ဒါရ်ခိုင်းအုပ်စု တွန်းဇံမြို့နယ်နေသူများ အား ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ၁၀ ဂရမ် ခန့်ပါ ရောင်စုံဆပ်ပြာ ခွက်ပေါင်း ၂၄၂ ခွက် စုစုပေါင်း ၂ ဒသမ ၄၂ ကီလိုဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ်သိန်း ၂၄၂၀ ခန့် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိရသူ ယာဉ်မောင်း ကျင်ဇတွန်းနှင့် ယာဉ်ပေါ်လိုက်ပါလာသူ ဦးလန်ခန့်ဆူမ်တို့နှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း စခန်းမှူး ဒုရဲမှူးမြင့်မောင်က ပြောသည်။

**မိုးသောက်(ရွှေဘို)**



တင်သွင်း၊ တင်ပို့ခြင်း ကန့်သတ်ထားသည့် တရားမဝင် မြွေမျိုးစုံနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

## ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်သယ်ဆောင်လာသော မြွေများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၈ စီး၊ သွင်းကုန် ၁၀၅၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၀၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၉ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Van မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တင်သွင်းတင်ပို့ခြင်းကန့်သတ်ထားသည့် တရားမဝင် မြွေမျိုးစုံ ၂၀၆ ကောင်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅၅၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကက်ရှ်မီးယားရှိ စစ်စခန်းတစ်ခုတွင်တိုက်ခိုက်မှုဖြစ်ပွားရာ အိန္ဒိယတပ်မတော်အရာရှိနှစ်ဦးကျဆုံး

**ကက်ရှ်မီးယား ဖေဖော်ဝါရီ ၁၁**

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ လုံခြုံရေးအစောင့်များတင်းကျပ်စွာချထားသည့် တပ်မတော်လေ့ကျင့်ရေးစခန်းတစ်ခုကို စစ်သွေးကြွများက စနေနေ့တွင်တိုက်ခိုက်ခဲ့ရာ အငယ်တန်းအရာရှိနှစ်ဦး ကျဆုံးခဲ့ပြီး အရာရှိတစ်ဦး၏သမီး အပါအဝင် လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အသေခံတိုက်ခိုက်ရေးသမား စစ်သွေးကြွများဟုယူဆရသည့် သေနတ်သမားများသည် ဂျာမူ၌တည်ရှိသည့် ဆွန်ဂျာဝမ်ရှိလေ့ကျင့်ရေးစခန်းအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားခဲ့ရာတွင် သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဂျာမူသည် အိန္ဒိယမှထိန်းချုပ်ထားသည့် ကက်ရှ်မီးယားရှိ ဆောင်းရာသီ မြို့တော်ဖြစ်သည်။ လေ့ကျင့်ရေးစခန်းအတွင်း၌ ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုများကို လမ်းညွှန်ချက်များအတိုင်း ကိုင်တွယ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်သည် စစ်သွေးကြွများရှိရာ ပစ်မှတ်များကို ရဟတ်ယာဉ်များဖြင့် ရှာဖွေလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အစောင့်အကြပ်များစွာချထားသည့် လေ့ကျင့်ရေးစခန်းအတွင်းသို့ ဝင်ရောက်ကာ စခန်းရှိ တပ်မတော်တာဝန်ရှိသူများဆီသို့ရောက်ရှိစေရန် စစ်သွေးကြွလေးငါးဦးတို့က စီမံလှုပ်ရှားခဲ့သည်ဟု အာဏာပိုင်များက သံသယဖြစ်လျက်ရှိသည်။

လတ်တလောတွင် တိုက်ခိုက်မှုကို မည်သည့်စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မသိရှိရသေးပေ။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း အဆိုပါဒေသအတွင်းရှိ အစောင့်အကြပ်များ တင်းကျပ်စွာချထားသည့် တပ်မတော်လေ့ကျင့်ရေးစခန်းကို အလားတူတိုက်ခိုက်မှုမျိုး လုပ်ဆောင်ခဲ့ရာ ဗဟိုရဲတပ်ဖွဲ့အရန်အင်အားစု ငါးဦးကျဆုံးခဲ့ကာ စစ်သွေးကြွသုံးဦး သေဆုံးခဲ့သည်။

**ဆင်ဟွာ**

# တရုတ် Su-35 ဂျက်တိုက်လေယာဉ်များနှင့် J-20 ဂျက်လေယာဉ်များ လေပိုင်နက်လုံခြုံရေးကို ကြပ်မတ်ထိန်းသိမ်းမည်

**ပေကျင်း ဖေဖော်ဝါရီ ၁၁**

တောင်တရုတ်ပင်လယ်အတွင်း ပူးတွဲတိုက်ခိုက်ရေး ကင်းလှည့်မစ်ရှင်ဆောင်ရွက်သည့် တရုတ် Su-35 ဂျက်လေယာဉ်များနှင့် နောက်ဆုံးပေါ် J-20 လျှို့ဝှက်တိုက်ခိုက်ရေး ဂျက်လေယာဉ်များသည် လာမည့်ခေတ်သစ်တွင် လေပိုင်နက်လုံခြုံရေးကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက စနေနေ့တွင် ပြောကြားခဲ့သည်။

ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) လေတပ်မတော်က တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ဧရိယာအတွင်း၌ ပူးတွဲတိုက်ခိုက်ရေးကင်းလှည့်မစ်ရှင်ဆောင်ရွက်ရန်အတွက်Su-35 တိုက်ခိုက်ရေးဂျက်လေယာဉ်များကို မကြာသေးမီက စေလွှတ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။

တိုက်ခိုက်ရေးဂျက်လေယာဉ်များဖြန့်ကြက်မှုသည် လေကြောင်းဧရိယာအတွင်းနှင့် ပင်လယ်ပြင်ဧရိယာတို့တွင် ရှုပ်ထွေးသည့်အခြေအနေများ၌ လေတပ်အင်အားစု၏ လိုက်လျောညီထွေ ဆောင်ရွက်နိုင်မှုစွမ်းရည်ကို တိုးတက်စေလိမ့်မည်ဟု မျှော်လင့်ရပြီး နိုင်ငံ၏အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် တောင်တရုတ်ပင်လယ်ဧရိယာအတွင်းရှိ ရေကြောင်းသွားလာမှုဆိုင်ရာအချက်အချာကျမှုကို ထိန်းသိမ်းရာတွင် စွမ်းရည်မြှင့်တင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း လေတပ်ညွှန်ကြားမှု အကယ်ဒမီအဖွဲ့မှ ပါမောက္ခ ဝမ်မင်ကျီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



## ပေကျင်းရှိ ဈေးဝယ်ကုန်တိုက်တစ်ခု၌ လူတစ်ဦးဓားကိုင် တိုက်ခိုက်

**ပေကျင်း ဖေဖော်ဝါရီ ၁၁**

ပေကျင်းမြို့လယ်ကောင်ရှိ ဈေးဝယ်စင်တာတစ်ခု၌ တနင်္ဂနွေနေ့က ဓားကိုင်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးသွားပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ တိုက်ခိုက်မှုသည် စီချန်းခရိုင် စီဒန်စီးပွားရေးဧရိယာအတွင်းရှိ Joy City ဈေးဝယ်ကုန်တိုက်၌ မွန်းလွဲတစ်နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသည့်အမျိုးသမီးမှာ ဆေးရုံသို့အရောက်တွင်သေဆုံးခဲ့သည်။ အခြားထိခိုက်ဒဏ်ရာရှိသည့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးကိုးဦးတို့မှာ စိုးရိမ်ရခြင်းမရှိကြောင်း သိရသည်။

ရဲတပ်ဖွဲ့က သံသယရှိသူကို ဖမ်းဆီးလိုက်ပြီး မိသားစုအမည်ဇူဟုအမည်ရှိသည့် အသက် ၃၅နှစ်အရွယ် အမျိုးသားဖြစ်ကြောင်း ဖော်ပြခဲ့သည်။ တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ကြောင်း သံသယရှိသူက ဝန်ခံပြောကြားခဲ့ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ မကျေနပ်ချက်ကြောင့် ထိုသို့တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

# အနောက်ဘက်ကမ်းသို့ အိန္ဒိယဝန်ကြီးချုပ်မိုဒီသွားရောက်ကာ အကူအညီပေးအပ်ရန် ကမ်းလှမ်း

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ပါလက်စတိုင်းနယ်နိမိတ်သို့ အိန္ဒိယဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံးသော ခရီးစဉ်လာရောက်မှုအနေဖြင့် အလည်အပတ်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်မိုဒီသည် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့် အနောက်ဘက်ကမ်းမြို့တော် ရာမာလာ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နှစ်ဖက်လုံးတို့သည် အိုင်တီနည်းပညာကိုအသုံးပြုကာ ပါလက်စတိုင်းနိုင်ငံသားများ၏ အခြေခံအဆောက်အအုံ တည်ဆောက်မှုတွင် အိန္ဒိယက အကူအညီပေးသွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။




ထို့ပြင်အိန္ဒိယသည် ငယ်ရွယ်သော ပါလက်စတိုင်း ပြည်သူများကိုလည်း သက်မွေးလုပ်ငန်းဆိုင်ရာ လေ့ကျင့်မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အာဘတ်စ်က အိန္ဒိယသည် အစဉ်အမြဲ ကြားနေနိုင်ငံတစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး တစ်ခါတစ်ရံတွင် အမေရိကန်ပြည်ထောင်စုကို ဆန့်ကျင်သည့်အနေဖြင့် ပါလက်စတိုင်းကို အကူအညီများ ဖြည့်ဆည်းပေးအပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီက အိန္ဒိယနိုင်ငံသည် ပါလက်စတိုင်း အမျိုးသားအခွင့်အရေးအတွက် ဆက်လက်ရပ်တည်နေဆဲဖြစ်ပြီး ဒေသတွင်း၌ တည်ငြိမ်အေးချမ်းမှုရရှိစေရန်မျှော်လင့်လျက်ရှိကြောင်း ပြောကြားသည်။

အိန္ဒိယနှင့်အစ္စရေးတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာစေရန် ကြိုးပမ်းလျက်ရှိရာ ပြီးခဲ့သည့်ဇူလိုင်လအတွင်းက မိုဒီသည် အစ္စရေးသို့လာရောက်သည့် ပထမဆုံးသော အိန္ဒိယဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

နှစ်နိုင်ငံသည် စစ်ရေးနှင့် နယ်နိမိတ်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အတူတကွကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ပါလက်စတိုင်းသို့ မိုဒီ၏ အလည်အပတ်လာရောက်မှုသည် အရှေ့အလယ်ပိုင်းဒေသတွင် အိန္ဒိယ၏ နိုင်ငံခြားရေးမူဝါဒကိုချိန်ညှိရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့်ရှုမြင်နိုင်သည်။

အိန္ဒိယနိုင်ငံတွင် အစ္စလာမ်ဘာသာဝင် သန်း ၂၀၀ ခန့်နေထိုင်ပြီး နိုင်ငံအတွက် လောင်စာကို အရှေ့အလယ်ပိုင်းရှိ အစ္စလာမ္မစ်နိုင်ငံများထံမှ မှီခိုအားထားနေရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အရှေ့အလယ်ပိုင်း၌ စစ်ရေးအရစွက်ဖက်မှုများမှာ မှားယွင်းနေကြောင်း ပြင်သစ်ဝန်ကြီးချုပ်ပြောကြား

**ဒူဘိုင်း ဖေဖော်ဝါရီ ၁၁**

ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝပ် ဖိလစ်ပီသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့အစိုးရထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် အာဖဂန်နစ္စတန်၊ အီရတ်နှင့်လစ်ဗျားနိုင်ငံတို့တွင် စစ်ရေးအရကြားဝင်စွက်ဖက်မှုများဖြင့် ဒီမိုကရေစီရရှိအောင်လုပ်ဆောင်နေသည့် အတွေးအခေါ်မှာ မှားယွင်းမှုတစ်ခုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံများအား ကူးပြောင်းရေးဆောင်ရွက်မှုသည် အချိန်ကြာမြင့်ပြီး တိုးတက်ဖြစ်ထွန်းမှုရရှိစေသင့်ကြောင်း ဖိလစ်ပီက အာရပ်စော်ဘွားများပြည်ထောင်စု ယူအေအီး၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးမိန့်ခွန်းတွင်ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့သည် ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် အီရတ်နှင့်အာဖဂန်နစ္စတန်နိုင်ငံများသို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီး အနောက်နိုင်ငံစတိုင်လ် ဒီမိုကရေစီစနစ်ကို သွတ်သွင်းရန်ကြိုးပမ်းခဲ့သော်လည်း ယနေ့အချိန်ထိအောင်မြင်ခဲ့ခြင်းမရှိဘဲ စစ်ပွဲကြောင့် ထောင်းထောင်းကြေနေသည့် နိုင်ငံများအဖြစ်သာ ကျန်ရစ်နေခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကျိုက်မော်ဝန်းရေလယ်စေတီတော် ၁၀၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ကျောက်တန်း ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ် စေတီတော်မြတ်ကြီး၏ ၁၀၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၇ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် ရေလယ်ဘုရားလမ်းရှိ ပွဲတော်မုခ်ဦး၌ ကျင်းပပြီး ယင်းနေ့ညမှစ၍ သုံးညတိုင်တိုင်ယာဉ်ရပ်နားကွင်းတွင် ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် ငါးစပ်ဘုရားအာရုံခံတန်ဆောင်းအတွင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ် အပါး ၃၀ တို့က မဟာပဋ္ဌာန်းဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲစတင်ဖွင့်လှစ်ပြီး လပြည့်နေ့ အရုဏ်တက်ချိန်အထိ အသံမစဲရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

လပြည့်နေ့နံနက် အရုဏ်တက်တွင် စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ညဘက်တွင် ဆီမီးငါးထောင် မီးမျှောပူဇော်ခြင်းနှင့် စေတီရင်ပြင်တော်၌ ဆီမီး ၂၅၀၀ ထွန်းညှိပူဇော်မည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲအဖြစ် ဈေးရောင်းပွဲတော်များ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ စတိတ်ရှိုးပွဲ၊ ကလေးကစားကွင်းများနှင့်အတူ တင်မောင်ဆန်းမင်းဝင်းဇာတ်သဘင် ၊ သစ္စာမေတ္တာ ရွှေမန်းချမ်းသာ ဇာတ်သဘင်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းမည် ဖြစ်ကြောင်း သိရသည်။

၀၁၄

# မိုးယွန်းကြီးအင်းသို့ ပြည်တွင်း ပြည်ပ ခရီးသွားဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုများလာ

**ပဲခူး ဖေဖော်ဝါရီ ၁၁**

မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး၏အလှကို ထပ်ဆင့်ခြယ်မှုန်းဖော်ပြနေသကဲ့သို့ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက် လည်ပတ်လျက်ရှိသည့်နေရာတစ်ခုဖြစ်သည့်အပြင် ဆောင်းခိုငှက်များ လာရောက်ကျက်စားရာ အဓိက ဘေးမဲ့တောတစ်ခုလည်းဖြစ်ခြင်းကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်းသို့ ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းခရီးသည် ၂၄၀၀၀ နှင့် နိုင်ငံခြားသား ၂၀၀၊ ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းခရီးသည် ၃၃၀၀၀ နှင့် နိုင်ငံခြားသားခရီးသည် ၄၀၀ အထိရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပြည်တွင်းခရီးသွား ၇၃၈၆၇ ဦးနှင့် နိုင်ငံခြားသား ၆၆၈ ဦးအထိ ရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက် လာရောက်နေကြောင်း မှတ်တမ်းများအရ သိရသည်။



"မြန်မာနိုင်ငံ ရမ်ဆာအဖွဲ့ဝင် မဖြစ်ခင် ၂၀၀၄ ခုနှစ်ကတည်းက ပဲခူးမြို့နယ်နဲ့ ဝေါမြို့နယ်အတွင်းမှာရှိတဲ့ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို မြန်မာနိုင်ငံရဲ့ပထမဆုံး ကမ္ဘာ့အသိအမှတ်ပြု ရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်းခံရတာပါ၊ သဘာဝဘေးမဲ့တောအဖြစ် အပန်းဖြေလာရောက်သူတွေများလာပါပြီ၊ တစ်နှစ်ထက်တစ်နှစ် ပြည်တွင်းသာမကပြည်ပမှ လေ့လာသူတွေပါ ပိုမို များပြားလာတယ်၊ လာရောက် အပန်းဖြေလေ့လာတဲ့ နိုင်ငံခြားသားအများစုကတော့ ဥရောပနဲ့ အာရှနိုင်ငံတွေကများပြီး သဘာဝငှက်မျိုးတွေကို စိတ်ဝင်စားလို့လာကြတာများတယ်"ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောရုံးမှ တောအုပ် ဦးစိုင်းဝဏ္ဏကြည်က ပြောသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ အမေရိကန်၊ ဗြိတိန်၊ နယ်သာလန်၊ ဂျာမနီ၊ တရုတ်၊ ဟောင်ကောင်၊ ကိုရီးယား၊ အိန္ဒိယ စသည့် နိုင်ငံတို့မှ နိုင်ငံခြားသားများ အများဆုံး လာရောက်ပြီး ဆောင်းခိုငှက်များ၊ ရေပျော်ငှက်များနှင့် အင်းအနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းပြုမှုလုပ်ငန်းများကိုလည်း လာရောက်လေ့လာကြကြောင်း သိရသည်။

မိုးယွန်းကြီးအင်းအတွင်းသို့ နှစ်စဉ် နိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ ဆောင်းခိုငှက်များ ဝင်ရောက်လျက်ရှိရာ ယခုနှစ် ပြီးခဲ့သည့် ဇန်နဝါရီလကုန်အထိ ဆောင်းခိုငှက် ၄၄ မျိုး၊ ဌာနေ ငှက် ၆၇ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၁၁၁ မှ ငှက်ကောင်ရေ ၂၀၉၄၄ ကျရောက် ကျက်စားလျက်ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်းသည် ဧရိယာ စတုရန်းမိုင် ၄၀ ကျယ်ဝန်းကာ ရန်ကုန်မြို့နှင့် မိုင်၇၀ ခန့်ကွာဝေးပြီး ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း တည်ရှိသည်။

အဆိုပါအင်းကို ၁၈၇၈ ခုနှစ်က ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း နွေရာသီသစ်ဖောင်များ ရေမျှောရန်အတွက် မိုးယွန်းကြီးရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ပြီး နိုင်ငံတကာရေဝပ်ဒေသ ထိန်းသိမ်းရေးအဖွဲ့ (Ramsar Convention)မှ မြန်မာနိုင်ငံတွင် အရေးကြီးထိန်းသိမ်းရမည့် နေရာတစ်ခုအဖြစ် သတ်မှတ်ထားသည်။

မိုးယွန်းကြီးအင်းတွင် လာရောက်အပန်းဖြေသူများ နားနေရန်အတွက် Family Room တည်းခိုခန်းများ၊ လှေပုံသဏ္ဌာန် ရေပေါ် အိမ် (Boat house) များ၊ စားသောက်ဆိုင်နှင့် နားနေခန်းများ၊ ရေဝပ်ဒေသဆိုင်ရာ ပညာပေးပြခန်းများ ထားရှိကြောင်း သိရသည်။

ယင်းအပြင် သဘာဝခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် ငှက်ကြည့်ရန် အပျော်စီးစက်လှေများ စီးနင်းပြီး ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးနိုင်ခြင်း၊ အင်းအတွင်းရှိ မျှော်စင်မှ ဆောင်းခိုငှက်များကို အပေါ်စီးမှ ကြည့်ရှုလေ့လာနိုင်သည့် မျှော်စင်၊ ရုက္ခဗေဒ၊ သတ္တဗေဒစသည့်ဘာသာရပ်အထူးပြုဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ကာ ဆောင်းခိုငှက်များနှင့် ဌာနေရေပျော်ငှက်များ၏ သဘာဝအတိုင်း ကျက်စားနေထိုင်မှုများကို လေ့လာနိုင်ကြောင်း သိရသည်။

၀၅၇



# ရေစကြိုမြို့ ရေဘေးကာကွယ်ရေးလုပ်ငန်းလုပ်ဆောင်

**ရေစကြို ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့သည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ရှိနေသော မြို့ဖြစ်ပြီး ချင်းတွင်းမြစ်ရေကြီးတိုင်း မြို့အတွင်း မြစ်ရေများဝင်ရောက်ကာ အနိမ့်ပိုင်းရပ်ကွက်များတွင်နေထိုင်သော ပြည်သူများမှာ ရေဘေးဒုက္ခများမကြာခဏ ကြုံတွေ့နေရသည့်အတွက် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေကြီးသည့်အခါ မြို့အတွင်း မြစ်ရေများဝင်ရောက်ပြီး အနိမ့်ပိုင်းရပ်ကွက်နေပြည်သူများသည် ရေဘေးဒုက္ခများခံစားနေရသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ်သန်း ၁၀၀ နှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများမှာ အလျား ပေ ၉၀၀၊ ထိပ်ဝအကျယ် ၁၂ ပေ၊ အမြင့် ၇ ပေရှိ မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်း၊ အလျား ပေ ၅၀၀၊ အမြင့် ၅ ပေ ၊ ဗြက် ၁ ပေ ၆ လက်မရှိ ရေထိန်းကျောက်ရိုးစီခြင်းလုပ်ငန်း၊ ရေသွင်း၊ ရေထုတ်တံခါးသုံးခု တည်ဆောက်ခြင်း လုပ်ငန်းများ ဖြစ်သည်။ ဖေဖော်ဝါရီ ၉ ရက်အထိ မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်းနှင့် ကျောက်ရိုးစီခြင်းလုပ်ငန်း ပြီးစီးတော့မည်ဖြစ်ပြီး ရေတံခါးလုပ်ငန်းသာ ကျန်ရှိတော့ကြောင်းနှင့် စီမံကိန်းပမာဏရဲ့ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ရေစကြိုမြို့ ရေဘေးကာကွယ်ရေး လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကရင်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာနများ တိုးချဲ့မည်

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ်တွင် မတ်လအတွင်း၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ယခင်နှစ်ကထက် စာစစ်ဌာနများ ထပ်မံတိုးချဲ့ပြီး ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထံမှ သိရသည်။

"တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပြုလုပ်တဲ့နေရာမှာ ဘားအံ၊ မြဝတီ၊ သံတောင်ကြီး၊ ကော့ကရိတ်နဲ့ လှိုင်ဘွဲ့မြို့နယ်တွေမှာ စာစစ်ဌာန ထပ်မံတိုးချဲ့ပြီး ကျင်းပမှာပါ၊ အခု စာစစ်ဌာန တိုးပြီးဖွင့်တဲ့နေရာတွေမှာရှိတဲ့ ကျောင်းသားကျောင်းသူတွေဟာ တခြားစာစစ်ဌာနကို ခက်ခဲစွာသွားလာနေထိုင်ရပြီးတော့ စာမေးပွဲဖြေနေရတဲ့အတွက် စာစစ်ဌာနကို တိုးချဲ့ပေးတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးကပြောသည်။

ကရင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန ၃၇ ခု ရှိခဲ့ရာမှ ယခုနှစ်တွင် စာစစ်ဌာန ၄၂ ခုအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ စာမေးပွဲတွင် ကျောင်းသား ကျောင်းသူပေါင်း ၁၉၀၄၂ ဦးတို့ ဝင်ရောက်ဖြေဆိုသွားကြမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၇၈၃ ကျောင်း ရှိကြောင်း သိရသည်။

စာမေးပွဲတွင် ထိုင်းနိုင်ငံသို့ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုသွားမည့်အပြင် ဘားအံအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော ကျောင်းသား ရှစ်ဦးနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူ သုံးဦးတို့လည်း ဝင်ရောက်ဖြေဆိုသွားကြမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများအတွင်းရှိသော စာစစ်ဌာနများတွင်လည်း စာမေးပွဲကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် စာမေးပွဲတွင် ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၁၆၀၃၁ ဦးရှိပြီး ၄၇၂၅ ဦးအောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၉ ဒသမ ၄၇ ရှိကြောင်းသိရသည်။ ယခုနှစ်တွင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်း တိုးတက်ရေးအတွက် ဆရာ ဆရာမများအား မွမ်းမံသင်တန်းများပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား စာမေးပွဲဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်-တရုတ်ဆက်ဆံရေး အရေးကြီးကြောင်း ထရန့်ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်-တရုတ်ဆက်ဆံရေးသည် အရေးကြီးကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန် မြှင့်တင်လိုသော ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

လွန်ခဲ့သောနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့စဉ်က အောင်မြင်မှုများရရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်နှင့် ပေကျင်းတွင် တွေ့ဆုံစဉ်ရရှိခဲ့သည့် သဘောတူညီချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် နှစ်နိုင်ငံစလုံးက သဘောတူခဲ့ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က တရုတ်နိုင်ငံတော် ကောင်စီဝင် ယန်ကျဲ့ချီနှင့် အိမ်ဖြူတော်ရှိ သမ္မတရုံးခန်းတွင် တွေ့ဆုံစဉ်ထရန့်က ပြောကြားခဲ့သည်။

တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့သည် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုများနှင့် ဖုန်းဖြင့် မကြာခဏဆက်သွယ်ပြောဆိုမှုများမှတစ်ဆင့် တရုတ်-အမေရိကန် ဆက်ဆံရေး တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်နိုင်ငံဘက်မှ စိတ်ပူစရာအခြေအနေပြောင်းလဲမှုအချို့ ရှိခဲ့သောကြောင့် နှစ်နိုင်ငံဆက်ဆံရေးကြား စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### အာဖဂန်အစိုးရတပ်ဖွဲ့ နယ်မြေရှင်းလင်းရေးလုပ်ဆောင်မှု၌ ၆၆ ဦး သုတ်သင်နိုင်ခဲ့

**ကဘူးလ် ဖေဖော်ဝါရီ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ အစိုးရတပ်ဖွဲ့က ပြီးခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို ပစ်မှတ်ထားရှင်းလင်းခဲ့ရာ အိုင်အက်စ်အစွန်းရောက် တပ်ဖွဲ့ဝင် ၂၇ ဦးအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့ဝင်ပေါင်း ၆၆ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုတစ်ကြိမ်ပြုလုပ်သောစစ်ဆင်ရေးကို နန်ဂါဟာ၊ လိုဂါ၊ ပဲ့ခ်တီယာစသော ပြည်နယ်ပေါင်း ၁၀ ခုတွင် ပြုလုပ်ခဲ့ကြောင်း၊ မြေပြင်တပ်ဖွဲ့နှင့်ပူးပေါင်းပြီး လေကြောင်းတပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်မှုများ အင်အားဖြည့်ကူညီခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုတစ်ကြိမ်ပြုလုပ်သော စစ်ဆင်ရေးတွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်ပေါင်း ၆၆ ဦးကို ရှင်းလင်းနိုင်ခဲ့သည့်အပြင် လက်နက်ကိုင်တပ်ဖွဲ့ဝင် အနည်းဆုံး ၂၅ဦး ဒဏ်ရာရရှိခဲ့ပြီး လေးဦးကိုလက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထို့အပြင် စခန်းများကိုလည်း ဖျက်ဆီးနိုင်ခဲ့ပြီး လက်နက်များလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ အာဖဂန်အစိုးရအနေဖြင့် ယခုလို ဆောင်းရာသီအတွင်း ကြီးမားသည့် စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ခြင်းသည် လက်နက်ကိုင်တပ်ဖွဲ့များကို အခွင့်အရေးထပ်မပေးလိုသောကြောင့် ဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ဆိုသည်။

**ဆင်ဟွာ**

# ၁၂၃ ကြိမ်မြောက် ကန်တုံကုန်စည်ပြပွဲသို့ မြန်မာ့ကုန်စည်များ လာရောက်ပြသရန်ဖိတ်ခေါ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၂၃) ကြိမ်မြောက် ကန်တုံကုန်စည်ပြပွဲသို့ မြန်မာကုန်စည်များကို လာရောက် ပြသကြရန် ဖိတ်ခေါ်ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ကုန်စည်ပြပွဲတွေကနေ မြန်မာ့ကုန်ပစ္စည်းတွေ ဈေးကွက်ထိုးဖောက်လာနိုင်မယ်၊ နှစ်နိုင်ငံကုန်စည်ပြပွဲတွေကနေ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဆောင်ရွက်မှုတွေ၊ နယ်မြေဒေသအတွင်း ထူးခြားသတင်းနဲ့ လုံခြုံရေးဖြစ်စဉ် ဖြစ်ပေါ်ခဲ့မှု အခြေအနေတွေ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမယ့် အစီအမံတွေ ချမှတ်လာနိုင်တယ်"ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။

နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲများ ကျင်းပနိုင်ခဲ့ခြင်းကြောင့် နှစ်ဖက်နိုင်ငံရှိ ကုန်သည်များအတွက် ကုန်စည်စီးဆင်းမှု လျင်မြန်နိုင်ခြင်း၊ ကုန်သွယ်မှုတိုးတက်နိုင်ခြင်း၊ ဈေးကွက်ကောင်းများ ပိုမိုရရှိလာနိုင်သည့် အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ကန်တုံကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင် တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ကျင်းပပြုလုပ်လျက်ရှိပြီး အမျိုးသားပြခန်းဆောင်(National Pavilion)နှင့် အပြည်ပြည်ဆိုင်ရာ ပြခန်းဆောင် (International Pavilion) ဟူ၍ နှစ်ပိုင်းခွဲခြား ကျင်းပကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ပြခန်းဆောင် အပိုင်း-၁ (Phase -1)ကို ၂၀၁၈ ခုနှစ် ဧပြီ ၁၅ ရက်မှ ၁၉ ရက်နေ့ထိ ကျင်းပသွားမှာဖြစ်ပြီး အပိုင်း-၁ တွင် ထုတ်ကုန်ပစ္စည်းများ၊ အဆောက်အဦ ကုန်မာပစ္စည်းများနှင့် စက်ကိရိယာ ပစ္စည်းများကို အဓိကပြသကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာပြခန်းဆောင်အပိုင်း-၃(Phase-3) ကို ၂၀၁၈ ခုနှစ် မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ပြခန်းဆောင် အပိုင်း- ၃ တွင် အဓိကအားဖြင့် အစားအစာနှင့် အဖျော်ယမကာ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ လက်မှုထည်နှင့် အဝတ်အထည်များကို အဓိကပြသကြောင်း သိရသည်။

အဆိုပါ ကုန်ပစ္စည်းပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကွမ်တောင်းပြည်နယ်အစိုးရတို့က အိမ်ရှင်အဖြစ် ပူးတွဲလက်ခံ၍ တရုတ် နိုင်ငံခြားကုန်သွယ်မှုဗဟိုဌာန (China Foreign Trade Center)က အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြစ်ပြီး မြန်မာလုပ်ငန်းရှင်များ အနေဖြင့် Exhibitors သို့မဟုတ် Visitors များ အဖြစ် ပါဝင်တက်ရောက်နိုင်ကြောင်း ပြောဆိုထားသည်။

(၁၂၃) ကြိမ်မြောက် ကန်တုံကုန်စည်ပြပွဲ အပိုင်း-၁ နှင့် အပိုင်း-၃ သို့ သွားရောက်လိုသော မြန်မာလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း ဝန်ကြီးဌာနမှ ပြောကြားထားသည်။

**ဇာလင်းသူ**(AMIA)၊
**ဓာတ်ပုံ-ဝတ်ရည်မွန်**(AMIA)

# ကိုရီးယားနိုင်ငံသို့ ကွန်တိန်နာ ငါးလုံးစာခန့် ပိန်းရိုးခြောက်များ တင်ပို့သွားမည်

**ပန်းတနော် ဖေဖော်ဝါရီ ၁၁**
သဘာဝအရ အလေ့ကျပေါက်သည့် ပိန်းရိုးခြောက်ကို ကိုရီးယားသို့တင်ပို့ရန် ဝယ်ယူနေပြီး ယခုနှစ်တွင် ကွန်တိန်နာငါးလုံးခန့်ကို တင်ပို့နိုင်ရန် စီစဉ်နေကြောင်း ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ကုန်ဝယ်ဒိုင်ပိုင်ရှင် ဦးအောင်ရဲမြတ်က ပြောသည်။

"ပို့ကုန်အမယ်သစ် ပိန်းရိုးခြောက်တွေကို ကိုရီးယားဈေးကွက်မပျောက်အောင်လို့ နှစ်စဉ်တိုးချဲ့တင်ပို့ဖို့ လုပ်နေပါတယ်၊ ဈေးကလည်း တက်လာသလို နှစ်ဆလောက်ဝယ်ဖို့လည်း ကမ်းလှမ်းလာတယ်၊ အခုလက်ရှိမှာ ဧရာဝတီတိုင်းနဲ့ ရှမ်းပြည်နယ်က ထွက်တာတွေကို ဝယ်ယူတာများတယ်"ဟု ၎င်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပိန်းရိုးခြောက်များမှာ သဘာဝအလျောက် အလေ့ကျပေါက်သော အပင်ဖြစ်၍ အော်ဂဲနစ်ဖြစ်ခြင်း၊ ဓာတ်မြေဩဇာများ၊ ဓာတုဆိုးဆေးများလည်း မပါဝင်ဘဲ ကျန်းမာရေးနှင့် ညီညွတ်ခြင်းတို့ကြောင့် ဝယ်ယူသုံးစွဲသူများ ကြိုက်နှစ်သက်ကြပြီး ကိုရီးယားနိုင်ငံတွင် အမဲသားစွပ်ပြုတ် ချက်ပြုတ်ရာတွင်လည်းကောင်း၊ အစားအသောက်ရာသီပွဲတော်တွင် အသင့်စားသောက်ကုန်အဖြစ်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးတို့နှင့် ရောနှောစားသောက်ကြပြီး သဘာဝသီးနှံဖြစ်သည့်အတွက် ပြည်ပဈေးကွက် ဝယ်လိုအားမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ပိန်းရိုးခြောက်များ တင်ပို့ရာတွင် မြန်မာနိုင်ငံအတွင်း ကျေးလက်တောရွာများနှင့် ရေနက်ကွင်းဒေသများ၌ နှစ်စဉ် မိုးရာသီကာလများတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ပိန်းရိုးအစိုပင်များကို ခုတ်ယူ၍ ပိန်းရိုးခြောက်ပြုလုပ်ကာ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။ ပိန်းရိုးထွက်ရှိသည့် ဒေသများမှာ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ် စသည့် ဒေသများဖြစ်ပြီး မိုးရာသီကုန်ဆုံးချိန် ဒီဇင်ဘာလမှ စတင်ကာ ပိန်းရိုးခြောက်များ ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

ပိန်းပင်အမျိုးအစား ခြောက်မျိုးခန့်ရှိပြီး ပိန်းပင်အကြီးအသေးပေါ် မူတည်၍ အပင်ကြီးလျှင် လေးစိတ်၊ အပင်လတ်လျှင် နှစ်စိတ်ခွဲကာ အပင်သေးပါက အပင်အတိုင်း အပေါ်ယံအခွံခွာ အခြောက်လှန်းပြီး တစ်ပိဿာလျှင် ၂၂၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနေပြီး ရှမ်းပြည်နယ်မှ ပိန်းရိုးခြောက်များကိုမူ ခရီးအကွာအဝေးအပေါ် မူတည်၍ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနေကြောင်း သိရသည်။

"ဒိုင်ကိုရောက်လာတဲ့ ပိန်းရိုးခြောက်တွေကို ဒီမှာထပ်သန့်ရှင်းပြီးမှ အလျားနှစ်ပေ၊ အရှည်ကိုးလက်မ၊ အနံ ၁ ဒသမ ၅ ပေလောက်ဖြစ်ပြီး လေးထောင့်ပုံလေးတွေဖြစ်အောင် ဖိစက်သုံးပြီး ကုန်ချောလုပ်ရတယ်၊ နောက် အတွင်းမှာ ပလတ်စတစ် အိတ်တစ်ထပ်နဲ့ အပြင်မှာ ပီနံအိတ်နဲ့ ထပ်ထုပ်ရတယ်၊ တစ်ထုပ်ကို အလေးချိန် ၅၀ ကီလိုဂရမ်လောက်ပေါ့၊ အဲ့လိုလုပ်ပြီးမှ တင်ပို့တာပါ"ဟု ဦးအောင်ရဲမြတ်က ပြောသည်။

နှစ်စဉ် ပိန်းရိုးခြောက်များကို ပြည်ပသို့တင်ပို့ပါက ရေရှည်တွင် ကုန်ကြမ်းများ ရှားပါးလာနိုင်သည့်အတွက် ပိန်းရိုးစိုက်ပျိုးနိုင်မည့် မြေနေရာများကို ဝယ်ယူ၍ စိုက်ပျိုးနိုင်ရန်လည်း ကြိုတင်ပြင်ဆင်နေကြောင်း သိရသည်။ **ဇာလင်းသူ**(AMIA)

# ဆီးသီးဈေး ကျဆင်းနေခြင်းကြောင့် စိုက်ပျိုးစရိတ်ရှုံးနေ

**မန္တလေး ဖေဖော်ဝါရီ ၁၁**
မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ထိုင်ဝမ်နှင့် တရုတ်ဆီးသီးဈေးနှုန်းများမှာ ယမန်နှစ်ဈေးနှုန်းထက် ထက်ဝက်နီးပါးခန့် လျော့ကျနေခြင်းကြောင့် စိုက်ပျိုးစရိတ်ပင် မကာမိဘဲ အရှုံးပေါ်နေကြောင်း ကျောက်ဆည်မြို့နယ်ရှိ ဆီးသီးစိုက် တောင်သူများက ပြောသည်။

ပြီးခဲ့သည့်နှစ်က ဆီးသီးစပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၉၀၀၀ ကျော်မှ ၁၃၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းရရှိခဲ့သော်လည်း ယခုနှစ်တွင် ဆီးသီးတစ်တင်းလျှင် ၆၅၀၀ မှ ၇၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းဖြင့်သာ ရောင်းချနေရပြီး တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ပင် ပြန်မရကြောင်း ကျောက်ဆည်မြို့နယ်ရှိ ဆီးသီးစိုက်တောင်သူ ဦးခိုင်လင်းက ပြောသည်။

"အသီးကို ဂျက်ဖာနဲ့လည်း ဝယ်တယ်၊ ဒါပေမယ့် ဂျက်ဖာဖိုးက ကုန်ကျစရိတ်ရှိတော့ သတ်မှတ်ထားတဲ့ တင်းနဲ့ပဲရောင်းတယ်၊ ဈေးကျလာတာကလည်း အရင်နှစ်တွေတုန်းက ဈေးရခဲ့တော့ ဒီနှစ်မှာ ပိုစိုက်လာသလို အထွက်ကလည်း ကောင်းတော့ ပွဲစားတွေအကြိုက် အသီးတွေများလို့ ဈေးနှိမ်ခံရတာဖြစ်တယ်၊ ဒီဈေးနဲ့ မရောင်းရင်လည်း အပင်ပေါ်တင် ပျက်စီးသွားတာဆိုတော့ မရောင်းမဖြစ် ရောင်းနေရတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် ပွဲစားကုန်သည်များက စိုက်ခင်းများအထိ လာရောက်ကာ အရွယ်အစားကြီးမားသည့် ထိုင်ဝမ်ဆီးပန်းသီးနှင့် အရွယ်အစားသေးငယ်သည့် ထိုင်ဝမ်ဆီးပုလဲများကို အရွယ်အစားအလိုက် ခင်းပြတ်ဝယ်ယူ၍ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မုံရွာ စသည့် ဈေးကွက်များမှတစ်ဆင့် မူဆယ်၊ တမူး၊ ကလေးနှင့် ချင်းတွင်းမြစ်အထက်ပိုင်း ဒေသများသို့ နှစ်စဉ် ဒီဇင်ဘာမှ မတ်လအထိ တင်ပို့ရောင်းချကြကြောင်း သိရသည်။

"ဆီးပန်းလှိုင်လှိုင်ပွင့်ချိန် ဩဂုတ်လတုန်းက မိုးသဲသဲရွာလို့ ဆီးပန်းတွေ ကြွေတယ်၊ ထိုင်ဝမ်စိုက်ခင်းတွေမှာ ဈေးကွက်ဝင် ဆီးပန်းသီး အထွက်နည်းမယ်ထင်ခဲ့ပေမယ့် အထွက်နှုန်းကိုတော့ ထိခိုက်မှုမရှိပါဘူး၊ ဆီးပုလဲတွေ အထွက်များလို့ ဈေးကျသွားတယ်၊ စိုက်ပျိုးကုန်ကျစရိတ်တောင် မကာမိဘူး၊ ဆီးသီးအကြီးအရွယ်အစားကတော့ ဒီနှစ်အထွက်နှုန်းနည်းနည်းလောက်တော့ တိုးလာတယ်၊ ဒါပေမယ့် ဈေးမကောင်းတော့ အဆင်မပြေဘူး"ဟု မြစ်သားမြို့နယ်မှ ထိုင်ဝမ်ဆီးသီးစိုက်တောင်သူ ဦးငယ်လေးက ပြောသည်။

လက်ရှိအချိန်တွင် ဆီးသီးကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် နေပြည်တော်တို့တွင် အဓိကစိုက်ပျိုးနေကြပြီး ဆီးပန်းသီး (ခ) တရုတ်ဆီးသီး၊ ထိုင်ဝမ်ဆီးသီးများကို ဇန်နဝါရီလဆန်းပိုင်းမှ မတ်လကုန်အထိ အချိန်အတွင်း ခူးဆွတ်ကြကြောင်း သိရသည်။

**မြတ်သူ**(AMIA)

# ရန်ကုန်သို့ ကြက်သွန်နီအဝင်များသော်လည်း ဈေးမြင့်နေဆဲဖြစ် ပဲစင်းငုံနှင့် ဆန်ကြမ်းများလည်း ဈေးတက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**
ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီ ၇ ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၂၈၀၀၀၀ ဝင်ရောက်လာသော်လည်း ဈေးနှုန်းအမြင့်တွင်ရှိနေဆဲဖြစ်ကြောင်း ရန်ကုန် ကုန်စည်ဈေးကွက်မှ သိရသည်။

ဖေဖော်ဝါရီ ၇ ရက် ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူကြက်သွန်နီသည် လက်ကားတစ်ပိဿာ ကျပ် ၁၂၀၀ မှ ၁၈၀၀ နှင့် မြစ်သားကြက်သွန်နီသည် လက်ကား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၂၅၀ ကြားရှိခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်ကလည်း ကြက်သွန်နီ ပိဿာချိန် ၁၈၀၀၀၀ ဝင်ရောက်သော်လည်း ဆိပ်ဖြူက ၁၄၀၀ မှ ၂၀၀၀ အထိနှင့် မြစ်သားက ၁၉၀၀ မှ ၂၄၀၀ ကျပ်နှုန်းအထိ ဈေးမြင့်တက်ခဲ့သည်။

ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၄၀၀ အထိ ကျဆင်းခဲ့သော ပြည်ပကြက်သွန်နီနှင့် အာလူးတို့မှာ နယ်စပ်တွင် အဖမ်းအဆီးရှိ၍ ယခုရက်ထဲတွင် ရန်ကုန်ဈေးကွက်၌ ဈေးပြန်တက်လာရာ လက်ကားတစ်ပိဿာလျှင် ကျပ် ၆၀၀၊ ၇၀၀ ဝန်းကျင်သို့ ဈေးပြန်တက်လာသည်။

**ပဲစင်းငုံ**

တစ်တန်လျှင် ကျပ်သုံးသိန်းခွဲဝန်းကျင်ဖြင့် ဈေးနှုန်းအနိမ့်တွင် လအနည်းငယ်ကြာရှိခဲ့သော ပဲစင်းငုံသည် ဇန်နဝါရီလကုန်ပိုင်းမှစ၍ ရန်ကုန်ဈေးကွက်တွင် ဈေးပြန်လည်မြင့်တက်လာရာ ဖေဖော်ဝါရီ ၇ ရက်တွင် ပဲစင်းငုံနီ RC တစ်တန်လျှင် ကျပ် ၄၃၀၀၀၀ နှုန်းသို့ မြင့်တက်လာပြီး ကုန်သေတ္တာအလုံးရေ ၄၀ အရောင်းအဝယ်ဖြစ်သည်ဟု ရန်ကုန်ပဲဈေးကွက်မှ သိရသည်။ ဖေဖော်ဝါရီ ၈ ရက်တွင်လည်း ပဲစင်းငုံနီသည် ကျပ် ၄၄၀၀၀၀ သို့ ဈေးထပ်တက်လာပြီး ကုန်သေတ္တာအလုံးရေ ၄၀ထပ်မံအရောင်းအဝယ်ဖြစ်သည်ဟု ထိုနေ့ထုတ် ကုန်စည်ဈေးနှုန်းစာရင်းတွင် ဖော်ပြချက်အရ သိရသည်။

တပ်မတော်မှ ပဲစင်းငုံတန်ချိန် လေးသိန်းဝယ်ယူရန် စာချုပ်ချုပ်ဆိုသည့် သတင်းအပြင် အိန္ဒိယနိုင်ငံမှလည်း ပဲစင်းငုံများဝယ်ယူမည့် သတင်းများ ပဲလောကတွင် ထွက်ပေါ်လာခြင်းကြောင့် ရန်ကုန်နှင့် နယ်များတွင် ပဲစင်းငုံဈေး ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

**ဆန်**

ရန်ကုန်ဈေးကွက်သို့ နယ်များမှ မိုးဆန်သစ်များအဝင်နည်း၍ ဆန်ကြမ်းဈေးမှာ တစ်အိတ်လျှင် ၂၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်တက်လာသည်ဟု ဆန်အရောင်းအဝယ်ပြုလုပ်နေသူများထံမှ သိရသည်။ ဇန်နဝါရီလအတွင်းက မိုးဆန်ကြမ်း အသစ်တစ်အိတ်လျှင် ၂၁၀၀၀ ကျပ်၊ နွေဆန်ကြမ်း အဟောင်းတစ်အိတ် ၂၅၀၀၀ ကျပ်နှုန်း ရှိခဲ့ရာမှ ဖေဖော်ဝါရီလဆန်းတွင် မိုးဆန်ကြမ်းအသစ်တစ်အိတ် ၂၃၀၀၀ ကျပ်၊ နွေဆန်ကြမ်း အဟောင်း ၂၇၀၀၀ ကျပ်ဝန်းကျင်သို့ ဈေးမြင့်လာခြင်းဖြစ်သည်။

လက်ရှိအချိန်မှာ စိုက်ပျိုးထားပြီးသောနွေစပါးများကို စတင်ရိတ်သိမ်းချိန် နီးလာပြီဖြစ်ရာ အဆိုပါနွေဆန်သစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်ချိန်တွင်မှ ဆန်ကြမ်းဈေးမှာ အပြောင်းအလဲရှိလာနိုင်ပြီး ယင်းအချိန် ဆန်စပါးဈေးနှုန်းသည် ၂၀၁၈ ခုနှစ်အတွက် အခြေခံဆန်စပါးဈေးဖြစ်လာနိုင်သည်ဟု ဆန်ကုန်သည်တစ်ဦးကပြောသည်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ပသို့ မြန်မာ့ဆန် တန်ချိန် သုံးသန်းအထိ တင်ပို့နိုင်မည်ဟု ရည်မှန်းထားရာ စစ်ကြိုခေတ်နောက်ပိုင်း ပြည်ပသို့ ဆန်တင်ပို့ခြင်းအများဆုံးနှစ် ဖြစ်လာကြောင်း သိရသည်။ **ခင်ဆိုင်**

# စိုက်ပျိုးရေးသုတေသနဌာန မျိုးစေ့ကျွမ်းကျင်မှု ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ကြီးမှူး၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပခဲ့သည်။

တောင်သူများ၏အကျိုးစီးပွား အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ National Speed Platform Meeting မှ ဆွေးနွေးတင်ပြချက်များကို အကောင်အထည်ဖော်ရန်၊ မျိုးဆက်သစ် အသိအမှတ်ပြုလက်မှတ်နှင့် မျိုးစေ့ထုတ်လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ရန်၊ ခရိုင်၊ မြို့နယ်၊ မျိုးစေ့အရည်အသွေး စစ်ဆေးရေးမှူးများ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းရန်နှင့် စမ်းသပ်စိုက်ပျိုးရာတွင် စနစ်ကျစေရေးအတွက် Protocolများ၊ Report Format များ၊ စမ်းသပ်ကွက်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေး အကောင်အထည်ဖော်နိုင်ရန်အတွက် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် မျိုးစေ့ထုတ်လုပ်နည်းများအားလုံးကို ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်(one stop service)ဌာနတစ်ခု တည်ထောင်ရန်၊ ပုဂ္ဂလိကကဏ္ဍ၏ ဆောင်ရွက်ချက်များကို Digital နည်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဦးစားပေးသီးနှံစာရင်းမှ ဟင်းသီးဟင်းရွက် ကိုးမျိုးကို စမ်းသပ်စိုက်ပျိုးမည့်စာရင်းမှ ကင်းလွတ်ခွင့်ပေးရန်၊ အမျိုးသားအဆင့်နှင့် ပြည်နယ်တိုင်းဒေသကြီး မျိုးစေ့ထုတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် စသည့် အဓိကအဆိုပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မင်းမင်းလတ် (ရုပ်ဗေဒ)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် တကောကျေးရွာတွင် တောင်သူဦးကြည်သိန်းက ၎င်း၏ လယ်ဧက ၆၀ တွင် စိုက်ပျိုးထားသော ပဲတီစိမ်း (ရေဆင်း)မျိုးမှာ ရင့်မှည့်လာ၍ ပဲရိတ်သိမ်းခြွေလှေ့စက်ဖြင့် ဖေဖော်ဝါရီ ၉ ရက်က ရိတ်သိမ်းလျက်ရှိသည်ကို တွေ့မြင်ရစဉ်။ ကိုကျော်(သုံးခွ)

# ဖရဲ၊ သခွားမွှေး ဈေးမြင့်လာသော်လည်း ကုန်ကျစရိတ်ကြောင့် တောင်သူများတွက်ခြေမကိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ယခုနှစ်အတွင်း ဖရဲ၊ သခွားမွှေး ဈေးနှုန်းများ မြင့်တက်လာသော်လည်း သွင်းအားစုများကို ပိုမိုသုံးစွဲလာရခြင်းကြောင့် တွက်ခြေမကိုက်ကြောင်း ဖရဲ၊သခွားစိုက် တောင်သူများက ပြောသည်။

"၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံး ဈေးကောင်းရတယ်၊ ဒီနှစ်မှာလည်း နှစ်စကတည်းက ဈေးကောင်းရနေတယ်၊ ဒါပေမယ့် တစ်နှစ်လုံး ဝင်ငွေ ပြန်တွက်တဲ့အခါမှာ သွင်းအားစုကုန်ကျစရိတ်ရယ်၊ ကားတင်ခရယ်၊ ပိုလျှံတဲ့ဝင်ငွေ တွက်တဲ့အခါမှာ ကိုယ့်အတွက် တစ်ပုံပဲကျန်တယ်၊ ကိုယ့်ဝင်ငွေထဲကပဲ အလုပ်သမားခရယ်၊ တခြားအထွေထွေစရိတ်ရယ်က ပါသေးတယ်၊ ဒါကြောင့် စိုက်ပျိုးရေးဆေးတွေရဲ့စရိတ်တွေ လျှော့ချနိုင်မှ ဈေးချိုမှ တောင်သူအတွက် ကျန်မယ်၊ ဖရဲ၊ သခွားက စိုက်ပြီ ဆိုတာနဲ့ ဆေးက မရှိမဖြစ်လိုအပ်တော့ ကုန်ကျစရိတ်ကလည်း တက်လာတာပေါ့၊ စိုက်ပျိုးရေးသုံးဆေးရောင်းတဲ့သူတွေရော၊ သုံးတဲ့တောင်သူရောအတွက် နှစ်ဦးနှစ်ဖက် မျှတတဲ့ဈေးနှုန်းတစ်ရပ်ရှိလာဖို့ မျှော်လင့်တယ်၊ ဒီဆေးတွေက အရည်အသွေးပြည့်မီဖို့လည်း လိုအပ်တယ်"ဟု နေပြည်တော် တပ်ကုန်းမြို့နယ်မှ ဖရဲ၊ သခွားစိုက်တောင်သူ ဦးခင်မောင်စိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် အခြားသီးနှံထက် ဆင်ရွှေနှင့် ဂူခုန်းအမျိုးအစား သခွားမွှေးများကို ပို၍စိုက်ပျိုးကြောင်း၊ သခွားမွှေးကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကာ ဒီဇင်ဘာလတွင် ခူးဆွတ်ပြီး ကြားသီးကို နိုဝင်ဘာလမှ ဇန်နဝါရီလအထိ စိုက်ပျိုးကြောင်း၊ ဆောင်းသီးကို ဒီဇင်ဘာလတွင် ပြန်လည်စိုက်ပျိုးကာ မတ်လကုန်တွင် ခူးဆွတ်ကြကြောင်း သိရသည်။

ဖရဲ၊ သခွား စိုက်ပျိုးရာတွင် မြေပြုပြင်စရိတ်နှင့် သွင်းအားစုကုန်ကျစရိတ်မှာ တစ်ဧကလျှင် ကျပ် ၁၅ သိန်းဝန်းကျင်ခန့် ကုန်ကျပြီး သယ်ယူပို့ဆောင်ခမှာ ၁၂ ဘီးယာဉ်တစ်စီးလျှင် ကျပ် ခုနစ်သိန်းမှ ၁၀ သိန်းဝန်းကျင်အထိရှိကြောင်း သခွားစိုက်တောင်သူ ဦးကျော်ဝင်းက ပြောသည်။

"သွင်းအားစု ကုန်ကျစရိတ်ကတော့ များတယ်၊ ဈေးကောင်းရရင်တော့ တောင်သူအတွက် ကာမိစေပေမယ့် ဈေးကောင်းမရတဲ့နှစ်ဆိုရင် တောင်သူအကြွေးပိတာပေါ့၊ ကုန်ကျစရိတ်ကလည်း ကြီးမြင့်တော့ ဈေးကောင်းရဖို့ပဲမျှော်လင့်တယ်၊ ဆေးတွေက အမျိုးအစားပေါ်မူတည်ပြီး တစ်အိတ်ကို ကျပ် ၈၀၀၀ ကနေ ပေးဝယ်နေရတော့ ဆေးဖိုးကတင် ဝင်ငွေကို ထိခိုက် တာပေါ့"ဟု ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း(ဗဟို)သည် Winrock International အဖွဲ့၏ ကူညီပံ့ပိုးမှုနှင့် USAID ၏ ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်း(မြန်မာနိုင်ငံ အပူပိုင်းဒေသ ဖရဲ၊ သခွားမွှေး တန်ဖိုးမြှင့်ကွင်းဆက် ၂၀၁၇-၂၀၁၈ စီမံကိန်း)ကို ဆောင်ရွက်လျက်ရှိသည်။

**မြတ်သူ**(AMIA)

# လယ်ယာကဏ္ဍဆိုင်ရာ သဘာဝဘေးအန္တရာယ် လျှော့ချရေးစီမံချက် ရေးဆွဲအတည်ပြုရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ် ကျရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး လယ်ယာလုပ်ငန်းခွင်များတွင် အဓိက ပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့နေရသည်ကိုလည်း တွေ့မြင်နေရသည်။ သဘာဝဘေးအန္တရာယ်များကြောင့် လယ်ယာကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုများ နည်းစေရေးအတွက် လယ်ယာကဏ္ဍဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေးစီမံချက် (AAPDRR)ကို ရေးဆွဲအကောင်အထည်ဖော်ရန် ဌာနဆိုင်ရာများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လယ်ယာကဏ္ဍဆိုင်ရာ သဘာဝဘေးအန္တရာယ် လျှော့ချရေးစီမံချက် ရေးဆွဲအတည်ပြုရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က နေပြည်တော် Hotel Royal ACE တွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ FAO ဌာနေကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။

လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သော မြန်မာနိုင်ငံအနေဖြင့် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များ လျှော့ပါးသက်သာစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်ရန် လိုအပ်ချက်အရ လယ်ယာကဏ္ဍဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေးစီမံချက် (AAP-DRR) အောင်မြင်စွာ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများ အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

လယ်ယာကဏ္ဍဆိုင်ရာ သဘာဝဘေးအန္တရာယ် လျှော့ချရေးစီမံချက်ရေးဆွဲရေးအတွက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် သတင်းအချက်အလက်များ စတင်ကောက်ယူပြီး အောက်တိုဘာလ၌ ဌာနတစ်ခုချင်းစီအလိုက် အလုပ်ရုံဆွေးနွေးပွဲများနှင့် လုပ်ဆောင်ချက် ပြန်လည်ပေါင်းစည်းမှုများ ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ခြင်း၊ နောက်ဆုံးအကြိမ် ပြန်လည်သုံးသပ်စစ်ဆေးခြင်း၊ အတည်ပြုခြင်းနှင့် ခွင့်ပြုချက်ရယူ အတည်ပြုခြင်းများဖြင့် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ AAPDRR စီမံချက်သည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သော သဘာဝဘေးများကို အကောင်းဆုံး ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်မှုများ အပါအဝင် ရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း အစီအမံများကို ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာ့ သဘာဝဘေးလျှော့ပါးရေးလုပ်ငန်းစီမံချက်ကို ဆန်ဒိုင်းမူဘောင်အပေါ် အခြေခံထားရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- အောင်အောင်**

# တောင်သူများလက်ဝယ် သက်ငယ်စပါးလက်ကျန်နည်း၍ သက်ငယ်ဆန်အချွန်များ ဈေးနှုန်းမြင့်

**ဖျာပုံ ဖေဖော်ဝါရီ ၁၁**

ဖျာပုံမြို့နယ်တွင် မိုးစပါးများကို တောင်သူများ နွေစပါးစိုက်ပျိုးရန် မျိုးအဖြစ်ပြန်လည်အသုံးပြုခြင်း၊ ကိုယ်တိုင်ကြိတ်ခွဲစားသုံးခြင်းနှင့် နွေစပါးစိုက်ပျိုးရာတွင် ကုန်ကျစရိတ်များ ရရှိရေးအတွက် ရောင်းချခြင်းတို့ကြောင့် တောင်သူများလက်ဝယ်တွင် သက်ငယ်မိုးစပါးများ လက်ကျန်မရှိသလောက် ဖြစ်နေကြောင်း သိရသည်။

သက်ငယ်စပါးများ တောင်သူများ လက်ဝယ်မရှိတော့၍ ကြိုတင် စပါးဝယ်ယူထားသူများက ပြန်လည်ကြိတ်ခွဲရောင်းချရာတွင် သက်ငယ်(အချွန်) ဆန်ဈေးများဖျာပုံဆန်ဈေးကွက်တွင် မြင့်တက်လျက်ရှိသည်။

ဇန်နဝါရီ ၁၀ ရက်က ဖျာပုံဆန်ဈေးကွက်တွင် ယခင်အချွန်ဆန် တစ်အိတ် ငွေကျပ် ၂၂၅၀၀ မှ ယခုငွေကျပ် ၂၄၀၀၀ ဖြစ်နေပြီး ဖျာပုံဘေးကြား၊ တောင်ပျံဆန်တစ်အိတ် ယခင်ငွေကျပ် ၃၂၀၀၀ မှ ယခု ငွေကျပ် ၃၄၀၀၀ ရောင်းဝယ်လျက် ရှိနေကြသည်။

**အောင်ဝင်း(ဖျာပုံ)**

# မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

**ကောလင်း ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် KOPIA Project အစီအစဉ်အရ အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို ဖေဖော်ဝါရီ ပထမပတ်အတွင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းလွင်ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး ဇော်အောင်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိုက်စိုးက အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့်စပါးမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် အထွက်နှုန်းကောင်းပြီး ဈေးကွက်ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၇၈ ဦး တက်ရောက်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းများ

**(ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ)**

ဒီတစ်ပတ်မှာတော့ စပါးဈေးရော ဆန်ဈေးပါ ဈေးတက်လာပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ကလည်း ဈေးအနည်းငယ်စီ ဆက်တက်နေပါတယ်။

**ဆန်၊ စပါး**

ဒီတစ်ပတ် ပုသိမ်စပါးဈေးကွက်မှာ ဆန်ကြမ်းရော ဆန်ချောအမျိုးအစားတွေ ဈေးတက်လာပါတယ်။ ဆန်အဝင်နည်းနေပေမယ့် အရောင်းအဝယ်ကောင်းပြီး အဟောင်းတွေကို အများဆုံး အဝယ်လိုက်တဲ့အတွက် ဈေးတက်လာတာဖြစ်ပါတယ်။

ပုသိမ်စပါးဈေးကွက်မှာ ဖျာပုံပေါ်ဆန်းက တင်း ၁၀၀ ကို ၈၁၃၀၀၀ ကျော် ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၃၀၀၀၀ နီးပါး ဈေးတက်လာပါတယ်။ ဆန်ကတော့ တစ်တင်းခွဲမှာ ကျပ် ၁၀၀၀ လောက် ဈေးတက်လာပြီး တစ်တင်းခွဲကို ကျပ် ၃၃၅၀၀ ပေါက်ဈေးရှိနေပါတယ်။

ပေါ်ဆန်းရင် အမျိုးအစားကတော့စပါး တင်း ၁၀၀ ကို ၇၈၀၀၀၀ ကျော်ပေါက်ပြီး ကျပ် ၂၀၀၀၀ ကျော် ဈေးတက်လာပါတယ်။ ဆန်မှာလည်း တစ်တင်းခွဲမှာ ကျပ် ၁၀၀၀ လောက် ဈေးတက်လာပြီး ကျပ် ၃၃၀၀၀ ပေါက်ဈေးရှိပါတယ်။

ဆန်ကြမ်းအမျိုးအစားဖြစ်တဲ့ ရွှေသွယ်လေး၊ ရေမင်း၊ မနောသုခနဲ့ မီးကောက်တို့ကလည်း ပုသိမ်ဈေးကွက်မှာ စပါးဈေးရော ဆန်ဈေးပါ မြင့်တက်နေပါတယ်။ ရွှေသွယ်လေးနဲ့ ရေမင်းတို့ကတော့ တင်း ၁၀၀ ကို ကျပ် ၆၄၄၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၁၈၀၀၀ ကျော် ဈေးတက်လာသလို မနောသုခတော့ တင်း ၁၀၀ ကို ကျပ် ၅၃၃၆၀၀ ပေါက်ဈေးရှိပြီး ကျပ် ၁၀၀၀၀ လောက်ဈေးတက်လာပါတယ်။ မီးကောက်ကတော့ တင်း ၁၀၀ မှာ ကျပ် ၄၆၀၀၀ လောက် ဈေးတက်လာပြီး ကျပ် ၅၉၈၀၀၀ ဈေးရှိနေပါတယ်။

ဆန်ဈေးတွေကလည်း တစ်တင်းခွဲကို ကျပ် ၁၀၀၀ ခန့်စီ ဈေးတက်လာပြီး အမျိုးအစားအလိုက် တစ်တင်းခွဲကို ၂၂၀၀၀ ကနေ ၂၅၀၀၀ ကြား ပေါက်ဈေးရှိပါတယ်။

**မတ်ပဲ (FAQ/RC)**

ပြီးခဲ့တဲ့အပတ်က မတ်ပဲဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်နဲ့ အပြောင်းအလဲ အတက်အကျ အနည်းငယ်သာ ရှိနေပါတယ်။ မတ်ပဲက နယ်စုံမှာ အသစ်တွေဝင်ရောက်တာမရှိဘဲ ပဲလက်ကျန်ကိုသာ နေ့စဉ်ရောင်းချနေတဲ့အတွက် ဈေးက သိပ်မကျဆင်းသွားဘဲ အတက်ဈေးနဲ့သာ နေ့စဉ် ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ အရည်အသွေးအလိုက် ဈေးကောင်းရရှိနေတယ်လို့သိရပြီး ရန်ကုန်ဝယ်လက်များပြားတယ်လို့လည်း သိရပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မတ်ပဲ အသစ်တွေဝင်လာပေမယ့် အစိုးရက ဝယ်ယူပေးနေတဲ့အတွက် မတ်ပဲပေါက်ဈေးနှုန်းက ဆက်ကျနိုင်ဖွယ်မရှိဘူးလို့ သိရပါတယ်။ အိန္ဒိယနိုင်ငံက မတ်ပဲတွေက ပြည်တွင်းပိုလျှံမှုရှိတဲ့အတွက် တခြားပြည်ပနိုင်ငံတွေကို တင်ပို့ဖို့ရည်ရွယ်ပေမယ့် မြန်မာမတ်ပဲတွေက အိန္ဒိယနိုင်ငံက မတ်ပဲတွေထက် ဈေးလျှော့နည်းနေတဲ့အတွက် မြန်မာမတ်ပဲက ဈေးတက်နိုင်ဖွယ်ရှိတယ်လို့ Agri-watch က သုံးသပ်ထားပါတယ်။

အိန္ဒိယနိုင်ငံမှာ မြန်မာမတ်ပဲ FAQ ရောင်းဈေးက တစ်တန်ကို ဒေါ်လာ ၄၅၀ ကျော် ပေါက်ဈေးရှိပြီး SQ ကတော့ ဒေါ်လာ ၆၀၀ ကျော်ရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲက တစ်တင်းကို ၁၈၀၀၀ ကျော် ပေါက်ဈေးရှိပါတယ်။ မုံရွာမှာတော့ ၁၇၀၀၀ ရှိပြီး ပြီးခဲ့တဲ့အပတ်ထက် ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းမှာ ကျပ် ၅၀၀ နီးပါး ဈေးတက်လာပြီး ၁၈၅၀၀ ကျော် ပေါက်ဈေးရှိနေပါတယ်။ နေပြည်တော်မှာတော့ တစ်တင်းကို ကျပ် ၁၆၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့ အပတ်ကတည်းက ဈေးတက်နေတာပဲဖြစ်ပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာလည်း အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်နေတဲ့ နယ်စုံမှာပါ ဈေးတက်နေသလို ပြည်တွင်းဈေးကွက်မှာသာမက ပြည်ပဈေးကွက်မှာလည်း အရောင်းအဝယ်ကောင်းနေတဲ့အတွက် ဈေးတက်နေပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း မြန်မာပဲစင်းငုံနီဈေးက ပြည်တွင်းဈေးထက် လျှော့နည်းနေတဲ့အတွက် ပြည်တွင်းလိုအပ်ချက်ကြောင့် ကုန်သည်တွေက အကျဈေးနဲ့ အဝယ်ရှိနေတာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ပဲအသစ်တွေကလည်း ဝင်လာတော့မှာဖြစ်လို့ လက်ရှိပေါက်ဈေးထက်တော့ ဆက်တက်နိုင်ခြေ မရှိတော့ဘူးလို့လည်း အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

လက်ရှိ အိန္ဒိယနိုင်ငံမှာ မြန်မာပဲစင်းငုံနီ ပေါက်ဈေးက မတ်ပဲဈေးနဲ့ သိပ်မကွာဘဲ အသစ်တစ်တန်ကို ဒေါ်လာ ၄၃၀ နဲ့ အဟောင်းတစ်တန်ကို ၃၈၀ နီးပါး ပေါက်ပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ တစ်တင်းကို ကျပ် ၁၄၃၀၀ ကျော်ရှိပြီး ပြီးခဲ့တဲ့အပတ်ထက် တစ်ပိဿာကို ၁၅၀၀ လောက် ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၁၃၅၀၀ ရှိပြီး ၁၃၀၀ ကျော်ဈေးတက်လာပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၂၄၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာ တစ်တင်းကို ၁၃၂၀၀၊ ပြည်ကုန်စည်ဒိုင်မှာ ၁၂၈၀၀ နဲ့ ပျှမ်းမျှ တစ်တင်းကို ကျပ် ၁၅၀၀ လောက် ဈေးတက်လာပါတယ်။

**မြေပဲ(လုံးဆန်)**

မြေပဲ(လုံးဆန်)ကတော့ ဒီတစ်ပတ်မှာ ဈေးကျဆင်းသွားတာကို တွေ့ရပါတယ်။ နေ့စဉ် မြေပဲအသစ်တွေ ဝင်ရောက်နေတဲ့အတွက် ဈေးကျဆင်းသွားတာဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၂၄၀၀၊ ပခုက္ကူနဲ့ ပြည်မှာတော့ တစ်ပိဿာကို ၂၃၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ၅၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်နဲ့ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၂၄၀၀ ကနေ ၂၄၅၀ ရှိပြီး တစ်ပိဿာမှာ ၁၀၀ ကျပ်လောက် ဈေးတက်လာပါတယ်။

မြေပဲ(ဆီဆန်)ကတော့ မုံရွာကုန်စည်ဒိုင်မှာ ၁၉၇၅ ကျပ်နဲ့ ဈေးအပြောင်းအလဲမရှိပါဘူး၊ မြင်းခြံမှာတော့ တစ်ပိဿာကို ၁၉၇၅ ကျပ်ရှိပြီး တစ်ပိဿာမှာ ၁၅၀ လောက် ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၂၁၀၀ ရှိပြီး ၅၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်နဲ့ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ၁၀၀ ကျပ်လောက် ဈေးတက်လာပြီး ၂၀၀၀ ကနေ ၂၂၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်နီ**

ပြီးခဲ့တဲ့အပတ်က ကြက်သွန်နီဈေးတွေ ပြန်တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှတော့ ကြက်သွန်နီဈေး အနည်းငယ်ကျဆင်းသွားပါတယ်။ ကြက်သွန်တွေ ဈေးကျနေပေမယ့် တချို့နယ်တွေမှာတော့ အရည်အသွေးအလိုက် ဈေးမြင့်နေတာတွေလည်း ရှိပါတယ်။ ဗမာကြက်သွန်နီတွေ ဈေးကျဆင်းသွားတဲ့အတွက် ရောင်းအားပြန် တက်လာပြီး တရုတ်ကြက်သွန်တွေကလည်း ဝယ်အားနည်းလာတဲ့အတွက် ဈေးကလည်း ကျဆင်းလာတယ်လို့ သိရပါတယ်။

လက်ရှိမှာ ကြက်သွန်တွေက အစိုဓာတ်ရှိနေဆဲဖြစ်တဲ့အတွက် ဈေးကတော့ ပြီးခဲ့တဲ့ နှစ်ကလို ဈေးကောင်းရနိုင်မှာလည်း မဟုတ်ပါဘူး။ နေပြည်တော်ကုန်စည်ဒိုင်မှာ ကြက်သွန်နီတစ်ပိဿာကို ကျပ် ၁၂၀၀ ကနေ ၁၆၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၄၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ မြင်းခြံမှာလည်း တစ်ပိဿာကို ကျပ် ၆၀၀ ကနေ ၁၅၅၀ ကြားရှိပြီး ကျပ် ၁၀၀ လောက် ကျဆင်းသွားခဲ့ပါတယ်။

ကြက်သွန်အဓိကထွက်တဲ့ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၉၅၀ ကနေ ၁၈၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာမှာ ကျပ် ၂၀၀ လောက်ဈေးတက်လာသလို ပြည်ကုန်စည်ဒိုင်မှာလည်း ကျပ် ၁၄၀၀ ကနေ ၁၈၅၀ အထိ ပေါက်ဈေးရှိကာ တစ်ပိဿာမှာ ကျပ် ၂၀၀ လောက် တက်လာပါတယ်။

**နှမ်း**

ဒီတစ်ပတ်မှာတော့ နှမ်းနက်ဈေးက ကျဆင်းသွားခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၅၅၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာ ၃၃၅၀၀ နဲ့ ပြည်ကုန်စည်ဒိုင်မှာတော့ ၃၃၀၀၀ ပေါက်ဈေးရှိကာ တစ်တင်းမှာ ကျပ် ၁၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ပါတယ်။ နှမ်းညိုကလည်း မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ၃၃၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၁၅၀၀ နီးပါး ဈေးကျဆင်းသွားခဲ့ပါတယ်။ နှမ်းရောင်စုံအချို့ကတော့ ဒီတစ်ပတ်မှာ အရောင်းအဝယ်ငြိမ်နေတဲ့အတွက် ဈေးငြိမ်နေတာကို တွေ့ရပါတယ်။

**ဝတ်ရည်မွန်**(AMIA)

# ကျွန်တော်နဲ့ ပညာရေးလောက



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

ကျွန်တော်ဟာ ပညာရေးလောကသားတစ်ဦးပါ။ တာဝန်မျိုးစုံ ယူခဲ့ပေမယ့် အချိန်တန်တော့ ပညာရေးလောကကိုပဲ မြတ်နိုးတယ်။ ခင်မင်တွယ်တာမိပါတယ်။ ကျောင်းဆရာဖြစ်ခဲ့တာ အခုချိန်ထိဖြစ်နေရတာကို ကျေနပ်မိတာ။ တပည့်တွေကို ကိုယ်သိတာတွေ၊ လေ့လာထားတာတွေကို မျှဝေခွင့်ရတာကို သဘောကျနေမိတာ။ စာသင်ရင် နှစ်ယောက်တတ်တယ်လို့ နားလည်တယ်။ သင်ယူတဲ့သူသာမက သင်ပေးသူအတွက်ပါ ဖြစ်ပါတယ်။ အမှန်တော့ ပညာသင်တာဟာ ခရီးရှည်တစ်ခုပါ။ သင်ယူတဲ့သူရော၊ အသင်ခံရတဲ့သူပါ အတူတကွ လျှောက်လှမ်း ရခြင်းသာဖြစ်တယ်။ ဆုံးတယ်လို့ မရှိဘဲ အမြဲမပြတ်ကြိုးစား နေရမှာသာဖြစ်တယ်။

**အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ရပ်**

ကျွန်တော် နေပြည်တော်ကို မကြာခဏ တာဝန်နဲ့သွားရတယ်။ တစ်နေ့တော့ ခရီးမထွက်မီ အောက်စ်ဖို့ဒ်ဆရာတော်ကို လေယာဉ်ကွင်းမှာ ဖူးခွင့်ရတယ်။ ဆရာတော်နဲ့ ပညာရေးအကြောင်း ဆွေးနွေးရင်း သူဖွင့်လှစ်ထားတဲ့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှာ ဆွေးနွေးပွဲလုပ်ပေးဖို့ သဘောတူခဲ့တယ်။ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ဖွင့်လှစ်ဖို့ ကြိုတင်ပြင်ဆင်မှုအနေနဲ့ အခုလို ဆွေးနွေးပွဲတွေ လုပ်နေတာ။ ဆရာတော်ရဲ့ တပည့်နဲ့ ဆက်သွယ်ပြီး ဆွေးနွေးပွဲခေါင်းစဉ်ကို ရွေးချယ်ခဲ့တယ်။ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ဟာ အမှန်တော့ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ရပ်ပါ။ ဒါကြောင့်လည်း ခေါင်းစဉ်အနေနဲ့ “အဆင့်မြင့်ပညာရေးအဖွဲ့အစည်းမှာ သင်ယူ ခံယူမှုကို အားပေးမြှင့်တင်မှု” ကို ရွေးချယ်ခဲ့တာဖြစ်တယ်။

အစီအစဉ်တွေ အချောသပ်နေချိန်မှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနဲ့ တွေ့ခွင့်ရတယ်။ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှာ ဆွေးနွေးပွဲလုပ်မယ့်အကြောင်း တင်ပြတော့ ဝန်ကြီးက ရန်ကုန်မှာရှိတဲ့ တက္ကသိုလ်က ပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေ၊ ဌာနမှူးတွေကို တက်ရောက်ဖို့ စီစဉ်ပေးမယ်လို့ ပြောပါတယ်။ ကျွန်တော်က သိပ်ကျေးဇူးတင်ရပါတယ်။ အဆင့်မြင့်မှာ တာဝန်ယူနေကြသူတွေ သိသင့်တဲ့၊ စဉ်းစားသင့်တဲ့အကြောင်းကို တင်ပြခွင့်ရတာဟာ ကျွန်တော့်အတွက် ထူးခြားလှတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဟောပြောမယ့် ရန်ကုန်မြို့ စွယ်တော်ဘုရားနံဘေးမှာရှိတဲ့ ဓမ္မာရုံကို ကျွန်တော် ခပ်စောစောရောက်ခဲ့တယ်။ တာဝန်ရှိတဲ့သူတွေက အကျွေးအမွေးနဲ့ ညှော့ခံပြီး ဓမ္မာရုံအောက်ထပ်မှာရှိတဲ့ ခန်းမထဲ သွားခဲ့တယ်။ ပြင်စရာတွေလည်း ပြင်ခဲ့တယ်။ သင်တန်းတက်နေတဲ့ သံဃာတွေက ရောက်နှင့်နေတာ တွေ့ရတယ်။ တက္ကသိုလ်က ဆရာ ဆရာမတွေကလည်း အချိန်မီ ရောက်လာကြတယ်။

အခမ်းအနားမှူးလုပ်တဲ့ဆရာက ဆွေးနွေးပွဲကိုစတင်တဲ့ နေရာမှာ အင်္ဂလိပ်လိုပြောတာတွေ့ရလို့ အံ့သြသွားတယ်။ ထိုင်းနိုင်ငံက သံဃာတွေ ပါဝင်တာသိရတယ်။ အခုလို ဆွေးနွေးပွဲကို အင်္ဂလိပ်စကားနဲ့ ပြောတာကိုက ထူးခြားနေတာ။ ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို Slides တွေသုံးပြီး အမြဲတင်ပြခဲ့ပါတယ်။ Slides တွေ ပြင်ဆင်တဲ့ နေရာမှာလည်း အင်္ဂလိပ်စကားပဲ အသုံးချတာမို့ အဆင်ပြေသွားပါတယ်။ အင်္ဂလိပ်စကားသုံးတာကို သိပ်ပြီး အထင်မကြီးစေချင်ဘူး။ ကျွန်တော်က မြန်မာလိုနဲ့ ပြင်ဆင်ရတာ အခက်အခဲရှိတယ်။ မြန်မာလို လက်နှိပ်စက်မရိုက်တတ်ဘူး။ ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို အပိုင်းခြောက်ပိုင်းနဲ့ စီစဉ်ခဲ့ပါတယ်။ နိဒါန်းနဲ့ နိဂုံးကို ဖယ်ရှားရင် အခြေခံခေါင်းစဉ် လေးရပ်ကိုမှီပြီး ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ နိဒါန်းအပိုင်းမှာ ပညာရှင်တွေရဲ့ အဆိုအမိန့်တွေကို

> **“သင်ယူ ခံယူတဲ့နေရာမှာ စဉ်ဆက်မပြတ် အာရုံထားနိုင်ဖို့ အရေးကြီးပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပို့ချမှုကို အခြေခံပြီး ကာယကံရှင်လုပ်သူက လိုလိုချင်ချင် ဆက်လက်လေ့လာဖို့ လိုအပ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို နို့သက်ခံတဲ့ ပုံစံနဲ့ သင်ကြားပို့ချတာ မဟုတ်ဘဲ ကိုယ့်အသိ ကိုယ့်စိတ်နဲ့ သင်ယူ ခံယူနိုင်ဖို့ လိုအပ် ပါတယ်။ အဆင့်မြင့်ပညာရေးဟာ ပညာသင်ရုံမက ဘဝကို ရင်ဆိုင်နိုင်စွမ်းရှိအောင် ပြုစုအားပေးတာဖြစ်”**

မျှဝေခဲ့ပါတယ်။ ကျွန်တော်က အချိန်ရှိတိုင်း အခုလို ပညာရှင်တွေရဲ့ အဆိုအမိန့်တွေကို စုစည်းပါတယ်။ အခုခေတ်မှာ သိပ်လွယ်ကူလှပါတယ်။ အင်တာနက်ကတစ်ဆင့် ရယူနိုင်မှာဖြစ်တယ်။ ပညာရှင်ကြီးတွေဟာ ကိုယ်တင်ပြချင်တာကို တိုရှင်းလိုရင်း လုပ်ဆောင်နိုင်ပါတယ်။

**ပါရမီတစ်ရပ်**

ဒါ့ကြောင့်လည်း ပညာရှင်တွေကို အထူးပဲကျေးဇူးတင်မိပါတယ်။ လေးစားရပါတယ်။ ကျွန်တော့်ရဲ့ ခေါင်းစဉ်က Learning ကို အခြေခံပါတယ်။ မြန်မာလို သင်ယူ၊ ခံယူမှုလို့ ပြောနိုင်တယ်။ ဒါကြောင့်လည်း ကနဦးမှာ ပညာရှင်ကြီးတစ်ဦးရဲ့ အဆိုအမိန့်ကို မျှဝေခဲ့တယ်။ “သင်ယူ ခံယူနိုင်တာဟာ ပါရမီတစ်ရပ်၊ သင်ယူ ခံယူနိုင်တဲ့ စွမ်းရည်ဟာ ကျွမ်းကျင်မှု တစ်ရပ်၊ သင်ယူ ခံယူလိုတဲ့စိတ်ဟာ ရွေးချယ်မှုတစ်ရပ်” ဖြစ်တာကို သတိပေးခဲ့ပါတယ်။ အမှန်တော့ ကိုယ်ကိုယ်တိုင် သင်ယူ ခံယူစိတ်ရှိရင် ဘယ်သူမှ တားလို့မရဘဲ ကိုယ့်မှာ သင်ယူ ခံယူလိုတဲ့စိတ်မရှိရင် ဘယ်သူမှ ကူညီနိုင်မှာ မဟုတ်ပါဘူး။ အဆင့်မြင့်ပညာရေးစနစ်ဟာ ထူးခြားတဲ့ ပြောင်းလဲမှုတွေနဲ့ ရင်ဆိုင်နေရတယ်။ သမားရိုးကျပုံစံနဲ့ စာသင်ခန်းတွေမှာ ပညာသင်ကြားမှုကတစ်ဆင့် ခေတ်မီနည်းပညာတွေသုံးပြီး သင်ယူ ခံယူနေတာဖြစ်တယ်။ အင်တာနက်မှာ အခွင့်အရေးတွေ မျိုးစုံရှိပြီး ကြိုက်တဲ့ပညာကို ကြိုက်တဲ့နည်းနဲ့ ကြိုက်တဲ့အချိန်မှာ ကြိုက်တဲ့ပုံစံနဲ့ ဆောင်ရွက်နိုင်တဲ့ အခြေအနေရှိနေပါတယ်။

ပညာရေးအခွင့်အရေးတွေကို ပညာရေးဝန်ကြီးဌာန တစ်ခုတည်းက ပေးဆောင်နေတာ မဟုတ်တော့ဘဲ ပုဂ္ဂလိကကဏ္ဍက ပေးဆောင်နေရတာ တွေ့ရတယ်။ နာမည်ကြီးလှတဲ့ တက္ကသိုလ်တွေအနေနဲ့ သင်ခန်းစာတွေကို အင်တာနက်က တစ်ဆင့် အခမဲ့ မျှဝေတာကို မြင်ရတယ်။ ဒါကြောင့် အဆင့်မြင့်ပညာရေးကို လူတိုင်းလက်လှမ်းမီလာတဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့်လည်း အဆင့်မြင့်ပညာရေးစနစ်မှာ တာဝန်ယူနေကြတဲ့ ဆရာ ဆရာမတွေအနေနဲ့လည်း ပြောင်းလဲလာတဲ့ အခြေအနေတွေနဲ့ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်နိုင်စွမ်းရှိဖို့ လိုအပ်လာပါတယ်။ သင်ယူ ခံယူတဲ့နေရာမှာ စဉ်ဆက်မပြတ် အာရုံထားနိုင်ဖို့ အရေးကြီးပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပို့ချမှုကို အခြေခံပြီး ကာယကံရှင် လုပ်သူက လိုလိုချင်ချင် ဆက်လက်လေ့လာဖို့ လိုအပ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို နို့သက်ခံတဲ့ ပုံစံနဲ့ သင်ကြား ပို့ချတာ မဟုတ်ဘဲ ကိုယ့်အသိ ကိုယ့်စိတ်နဲ့ သင်ယူ ခံယူနိုင်ဖို့ လိုအပ်ပါတယ်။ အဆင့်မြင့်ပညာရေးဟာ ပညာသင်ရုံမက ဘဝကို ရင်ဆိုင်နိုင်စွမ်းရှိအောင် ပြုစုအားပေးတာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ စိတ်ဝင်စားမှု၊ ပါဝင်ပတ်သက်မှုဟာ အလွန်အရေးကြီးလှပါတယ်။ မိမိကိုယ်မိမိ ယုံကြည်မှုဟာ ပဓာနကျတဲ့ ကိစ္စဖြစ်တယ်။ ပညာသင်ယူတဲ့အခါမှာ တစ်ဦး တစ်ယောက်ချင်း ဆောင်ရွက်နိုင်ဖို့ လိုအပ်သလို အချင်းချင်း ပူးပေါင်းပြီး သင်ယူနိုင်စွမ်းရှိဖို့လည်း အရေးကြီးလှပါတယ်။

**မေးခွန်းမျိုးစုံ မေးကြ**

မိမိရဲ့ပညာရေးခရီးရှည်ကြီးအတွက် မိမိမှာ တာဝန်ရှိတယ် ဆိုတဲ့ စိတ်ထားကို လက်ကိုင်ထားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ထားတဲ့အတိုင်း တင်ပြပြီး အမေးအဖြေကဏ္ဍကို လုပ်ခဲ့ပါတယ်။ တက္ကသိုလ်က ဆရာ ဆရာမကြီးတွေက မေးခွန်းမျိုးစုံ မေးကြသလို တက်ရောက်လာတဲ့ သံဃာတွေကလည်း မေးကြပါတယ်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်တွေက ဆရာလေးတစ်ဦးကလည်း ပါဝင်ဆွေးနွေးပါတယ်။ ပါရဂူဘွဲ့ ရထားသူတစ်ဦးဖြစ်တယ်။ မေးခွန်းကို အင်္ဂလိပ်လို ကျကျနန မေးနိုင်ခဲ့တယ်။ ကျွန်တော်ကလည်း တတ်နိုင်သမျှ ကြိုးစားပြီး ဖြေဆိုခဲ့ပါတယ်။ ဆွေးနွေးပွဲလုပ်နေတဲ့နေရာက ဓမ္မာရုံဖြစ်နေတာမို့ စကားလုံးအသုံးအနှုန်းကို သတိထားပြီး တင်ပြရပါတယ်။

ဆွေးနွေးပွဲပြီးချိန်မှာ နေ့လယ်စာနဲ့ ကျွေးမွေးညှော့ခံပါတယ်။ ရှမ်းထမင်း ဟင်းတွေနဲ့ ဆိုတာမို့ ကျွန်တော်နှစ်သက်တဲ့ အစားအစာဖြစ်တယ်။ အထူးသဖြင့် သက်သတ်လွတ်ဖြစ်တာမို့ ကျွန်တော့်အတွက် အလွန်အဆင်ပြေသွားပါတယ်။ ကျွန်တော့်အနေနဲ့ ယခုလို ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှာ ဆွေးနွေးခွင့်ပေးတဲ့ အောက်စ်ဖို့ဒ်ဆရာတော်ကိုလည်းကောင်း၊ တက္ကသိုလ်က ပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေကို တက်ခွင့်ပေးတဲ့ ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကိုလည်းကောင်း ကျေးဇူးတင်ရပါတယ်။

မြန်မာ့လူ့အဖွဲ့အစည်းမှာ ပညာကို အလွန်တန်ဖိုးထားပါတယ်။ အလေးထားပါတယ်။ ဒါပေမယ့် အခုချိန်မှာ ပညာရေးဟာ စီးပွားရေးတစ်ရပ်ဖြစ်နေတာ တွေ့ရတယ်။ မူကြိုအဆင့်ကနေ ဘွဲ့လွန်အဆင့်အထိ ပုဂ္ဂလိကပညာရေးဟာ ကြီးထွားလာတာတွေ့ရတယ်။ မြန်မာပြည်တင်မက တစ်ကမ္ဘာလုံးမှာလည်း အခုလိုဖြစ်နေတာဖြစ်တယ်။ ပုဂ္ဂလိကကဏ္ဍတစ်ခု ဖြစ်လာတာမို့ ယှဉ်ပြိုင်မှုတွေလည်း များလာတာတွေ့ရတယ်။ ဒီလိုအခြေအနေမှာ သန့်ရှင်းတဲ့ ယှဉ်ပြိုင်မှုရှိဖို့ အလွန်အရေးကြီးလှတယ်။

**အတုနဲ့ အစစ်**

မြန်မာပြည်မှာ ဘွဲ့အတုတွေ အလွန်များနေတာ တွေ့ရပါတယ်။ အရည်အချင်းသတ်မှတ်မှုတွေကို မဆောင်ရွက်နိုင်တာမို့ ကြော်ငြာပြီး ပညာကို ရောင်းစားနေတာ တွေ့ရတယ်။ ဒီရောဂါကြီးဟာ တဖြည်းဖြည်းကြီးထွားနေတာ တွေ့ရတယ်။ အတုနဲ့ အစစ် ခွဲခြားနိုင်မှုမရှိတဲ့ မိဘတွေ၊ သားသမီးတွေအတွက် အလွန်နစ်နာလှပါတယ်။ ဒါကြောင့် အရည်အသွေး ထိန်းချုပ်မှုကို အာရုံစိုက်ဖို့ လိုအပ်လှပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းသား ကျောင်းသူနဲ့ မိဘတွေကို သတိပေးချင်ပါတယ်။ ကြော်ငြာကို မယုံပါနဲ့။ စစ် မစစ်ကို စိစစ်ပါ။ အခုခေတ်မှာ အင်တာနက်ကို အသုံးချရင် သက်သေတွေ ရနိုင်ပါတယ်။ ပညာအရည်အချင်းရဖို့ ဖြတ်လမ်းမရှိပါဘူး။ လွယ်လွယ်နဲ့ရတာ မရှိပါဘူး။ ကြိုးစားမှု လုံ့လဝီရိယကိုသာ အားကိုးရမှာသာ ဖြစ်ပါတယ်။ ။

## ရိုးရာသောက်ရေအိုးလုပ်ငန်းကြောင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၁**

ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ ရိုးရာသောက်ရေအိုးလုပ်ငန်းများကို ရှေးကတည်းက အသက်မွေးဝမ်းကျောင်း ပြုလုပ်ခဲ့ကြပြီး ယနေ့ထက်တိုင်လည်း ရိုးရာလုပ်ငန်းတစ်ခုအဖြစ် ထိန်းသိမ်းထားနိုင်ဆဲဖြစ်ရာ ဒေသခံအမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ပုဇွန်မြောင်းကျေးရွာ အိုးလုပ်ငန်းများမှ အများဆုံးပြုလုပ်ရသည့် ပစ္စည်းများမှာ



သောက်ရေအိုးနှင့် ရေတကောင်း၊ ခွက်ဝင်အိုး၊ စလယ်ဝင်အိုးများဖြစ်ကြပြီး အများဆုံး ရောင်းချရသည်မှာ သောက်ရေအိုးများဖြစ်ကာ ရိုးရိုးသောက်ရေအိုး တစ်အိုးလျှင် ငွေကျပ် တစ်ထောင်မှ တစ်ထောင့်ငါးရာ ဈေးရှိပြီး ရေပိုက်ခေါင်းတပ်ဆင်ထားသော ရေအိုးများမှာ ငွေကျပ်လေးထောင့်ငါးရာအထိ ဈေးရှိကြောင်း ပုဇွန်မြောင်းကျေးရွာ အလယ်ပိုင်းရပ်ကွက်မှ ရေအိုးပြုလုပ်ရောင်းချသူ ဒေါ်ချောချောက ပြောသည်။

“အိုးပြုလုပ်တဲ့အခါမှာ စေးတဲ့မြေကို အသုံးပြုရပါတယ်၊ ရွှံ့စေးမြေ အမည်းရောင်၊ အညိုရောင်၊ နီညိုရောင်နဲ့ အဝါရောင်ဆိုပြီး လေးမျိုးခန့်ရှိတဲ့အထဲက အဝါရောင်သမ်းတဲ့ မြေက အိုးအရောင်ပိုလှတဲ့မြေဖြစ်တယ်၊ အဲ့ဒီရွှံ့စေးမြေကို ရေစိမ်ပြီး တစ်ညတန်သည်၊ နှစ်ညတန်သည် နှပ်ထားရပါတယ်၊ အိုးလုပ်မယ့်မြေက စေးလာပြီဆိုရင် ဒီရွှံ့မြေကို ကိုယ်လုပ်မယ့် အိုးအရွယ်အစားကိုလိုက်ပြီး မြေကြီးကို အကြီးအသေးမှန်းပြီး လုံးပေးကြရပါတယ်၊ အဲ့ဒီမြေကြီးကို အိုးထိန်းစက်ပေါ်လှည့်ပြီး လိုရာအိုးပုံသဏ္ဍာန် ပေါ်လာအောင် လက်နဲ့ထိန်းပြီး ပုံဖော်ယူရပါတယ်၊ ရတဲ့အိုးတွေကို ခြောက်မသွားခင် အိုးရိုက်တုတ် (လက်ခတ်)နဲ့ မိမိလိုရာ ပုံသွင်းယူ ပန်းအကွက်ဖော်ပြီး ခြောက်အောင် နေလှန်း မီးဖုတ်ရပါတယ်” ဟု ဒေါ်ချောချောက အိုးလုပ်ပုံအဆင့်ဆင့်ကို ပြောပြသည်။

ပုဇွန်မြောင်းကျေးရွာဒေသမှထွက်သော သောက်ရေအိုးများကို ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါး၊ ဖြူး၊ တောင်ငူမြို့များသာမက မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မြို့ကြီးများအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ပိန်းဇလုတ်သိန်းညွန့်**

## ဘုရားသမိုင်းများနှင့် ဇာတာများအကြောင်း ရှင်းလင်းတင်ပြလျှောက်ထားသည့် အခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ နေထိုင်သည့် ဇာတာကနုတ်ပြခန်းပိုင်ရှင် ဆရာမကြီး ဒေါ်တင်မမခိုင် (မန်းတက္ကသိုလ်) က ၄၄ နှစ်ကြာ လေ့လာပြုစု စုဆောင်းထားသည့် ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြု ဘုရားသမိုင်းများနှင့် ၂၂ နှစ်ကြာ လေ့လာပြုစု စုဆောင်းထားသည့် ပျူခေတ်မှအစပြု၍ ဘုရင်မိဖုရားများနှင့် လူပုဂ္ဂိုလ်များ၏ ဇာတာများကို မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကထိက စမ်းမြဝတီစာသင်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တပုညသိရီထံသို့ မှတ်တမ်းမှတ်ရာများ၊ ဘုရားသမိုင်းများ၊ ဇာတာများအကြောင်း အသေးစိတ်ရှင်းလင်း လျှောက်ထားသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ဇာတာကနုတ်ပန်းပြခန်းတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ဩဝါဒစကားနာကြားသည်။ ထို့နောက် ဆရာမကြီး ဒေါ်တင်မမခိုင်က ပြခန်းရှိ ဘုရားပုထိုး၊ စေတီနှင့်ပတ်သက်သော မှတ်တမ်းများ၊ ဓာတ်ပုံများ၊ ပျူခေတ် လူတို့ နေထိုင်မှုပုံစံ၊ ဇာတာများ၊ မှတ်တမ်းမှတ်ရာများနှင့်အတူ ပေစာ စုစုပေါင်း ၇၀၀၀ ကျော်၊ ဓာတ်ပုံ မှတ်တမ်း ၅၀၀၀ ကျော်တို့ကို ဆရာတော်၏ကျောင်း ရန်မျိုးလုံရပ်ကွက် ၃၂ လမ်း၊ ၇၀-၇၁ လမ်းကြား၊ မြို့နယ်သံဃာ့ဝန်ဆောင် စမ်းမြဝတီစာသင်တိုက်သို့ ခေတ္တပြောင်းရွှေ့ လွှဲပြောင်းထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

## ကျေးလက်နေပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေး

**မုဒုံ ဖေဖော်ဝါရီ ၁၁-** မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျရေးအတွက် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ကွမ်လှာကျေးရွာမှ ပြည်သူများအား ဖေဖော်ဝါရီ ၇ ရက်က အသိပညာပေး ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်သော ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော မူခင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာ ပေးခဲ့ကြောင်း သိရသည်။

**မော်လမြိုင် (ကိုယ်ပွား)**



## ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၁**

ကျောင်းသား လူငယ်များ အသိပညာတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်း(မ)ကျေးရွာတွင် ဆရာတော်ဦးဇဋိလ ဦးဆောင်၍ စာပေဝါသနာရှင်လူငယ်များ၊ အလှူရှင်များက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော နှလုံးလှစာကြည့်တိုက်ကို ဖေဖော်ဝါရီ ၈ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါစာကြည့်တိုက်သည် အာရ်စီတစ်ထပ် နှစ်ခန်းသုံးခန်းဖြစ်ကာ ဆရာတော်ဦးဇဋိလက မတည်လှူဒါန်းငွေ ကျပ် ၇၁ သိန်းကျော်နှင့် စာပေဝါသနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ် ၁၃ သိန်းနီးပါးဖြင့် တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် သုတရသ စာအုပ်စာစောင် ၂၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း စာကြည့်တိုက်မှူးကိုစိုးလှိုင်ထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကျေးရွာရေပေးရေးစနစ် ဆောင်ရွက်ပြီး၍ ဖွင့်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် သစ်ဖြူပင်ဆိပ်ကျေးရွာ၌ ပြည်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အိမ်တိုင်ရာရောက်ရေပေးရေးစနစ် အောင်မြင်စွာပြီးစီးသွားသဖြင့် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၁ အုပ်စု ကျေးရွာပေါင်း ၄၇၄ ရွာ၌ တွင်းတိမ် ၁၃၃၇ တွင်း၊ တွင်းနက် ၂၄ တွင်း၊ လက်တူးတွင်း ၁၂၄၇၀ တွင်း၊ မြေသားရေလှောင် ကန် ငါးကန်နှင့် အခြားရေပေးရေးလုပ်ငန်း ၁၆၇ ခု အပါအဝင် စုစုပေါင်းရေပေးရေးလုပ်ငန်း ၁၄၀၀၃ ခုတို့ကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယခု အိမ်တိုင်ရာရောက်ရေပေးရေး စနစ်သည် ပြည်သူကိုဗဟိုပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာ၊ ယူနီဆက်ဖ်က ထောက်ပံ့ပစ္စည်းတို့ကို ပူးပေါင်းကာ ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ် ပူးပေါင်းအစီအစဉ်နဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဘားအံမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရေပေးရေးလုပ်ငန်း ၂၇ ခုတို့ကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အိမ်တိုင်ရာရောက် ရေပေးရေး စနစ်ကို မြန်မာနိုင်ငံတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပထမဆုံး အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ကရင်ပြည်နယ်အတွင်းမှ နှစ်စဉ်နွေရာသီ ရေရှားပါးပြတ်လပ်မှု ကြုံရသော ကျေးရွာများတွင်လည်း ယခုသစ်ဖြူပင်ဆိပ်ကျေးရွာကဲ့သို့ အိမ်တိုင်ရာရောက် ရေမီတာသုံးစနစ်ဖြင့် ရေပေးဝေးရေးလုပ်ငန်းများကို ကျေးလက်ရေရရှိရေး မဟာဗျူဟာ ရေရှည်စီမံချက်များဖြင့် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ် ပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(မာတု)၊ ထွန်းထွန်းထွေး (ဘားအံ)**

## မျိုးသစ်အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံအတွင်း တောင်သူအကျိုးကိုရည်ရွယ်၍ သီးနှံမျိုးကောင်းမျိုးသန့်များနှင့် အရည်အသွေးပြည့်မီသောမျိုးစေ့များ ရရှိရန်အတွက် မျိုးသစ်ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူး၊ သိုလှောင်ခြင်းလုပ်ငန်းများကို မျိုးစေ့ ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ (၁၀/၂၀၁၈)အစည်းအဝေးကို စိုက်ပျိုးရေးသုတေသနဌာန၌ ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မျိုးသစ်အသိအမှတ်ပြုလက်မှတ် ရရှိစေရေးအတွက် စပ်မျိုးစပါး၊ ကျပန်းမျိုးစပါး၊ အထွက်ကောင်းစပါး၊ အစေ့ထုတ်ပြောင်း၊ ပြောင်းစေး၊ ပြောင်းချို၊ မြေပဲ၊ နှမ်း၊ ပဲပုပ်၊ ကုလားပဲ၊ ပဲတီစိမ်း၊ ကြံ၊ ဆေးရွက်ကြီး စသည့် သီးနှံမျိုးသစ်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရန်၊ ဦးစားပေးသီးနှံ ၂၁ မျိုးအတွက် စမ်းသပ်စိုက်ပျိုးရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန် သီးနှံအလိုက် ပြုစုထားသော Protocol များ တင်ပြခြင်း၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ စာအုပ်တင်ပြရာတွင် စနစ်ကျစေရေးအတွက် TSC Report Format များကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသူများက ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

## စလင်းမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP အကြောင်းရှင်းလင်း

**စလင်း ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရုံးပင်ကန်အုပ်စု ရုံးပင်ကန်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးရွာသူ ကျေးရွာသားများအား ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP စီမံကိန်းအကြောင်း သိကောင်းစရာများကို ချပြရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Pilot Project အဖြစ် စတင်ဆောင်ရွက်မည့် VDP စီမံကိန်းကျေးရွာအတွင်းရှိ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စီမံချက်များ ရေးဆွဲသွားရမည်ဖြစ်ကာ နှစ်အလိုက် မိမိကျေးရွာများတွင် ဆောင်ရွက်မည့် စီမံချက်များ ရေးဆွဲသွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**စစ်ကြည်(စလင်း)**

# ရန်ကုန်မြို့၌ အမျိုးသမီးလမ်းလျှောက်ပွဲကြီး ကျင်းပမည်

## အမျိုးသမီးထုအကြား သွေးအားနည်းရောဂါ ရာခိုင်နှုန်း ၃၀ မှ ၄၅ အထိဖြစ်နေဟုဆို

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာအမျိုးသမီးထုအတွက် ကျန်းမာရေးကိုအထောက်အကူပြုသော အမျိုးသမီးထုလမ်းလျှောက်ပွဲကြီးကို လာမည့် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ(၁)ရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်ခြင်းဖြင့် သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပေါ်သော သွေးအားနည်းရောဂါကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသမီးများ သွေးအားနည်းရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ လမ်းလျှောက်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် အမျိုးသမီးထုလမ်းလျှောက်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် ငါးကြိမ်မြောက် ကျင်းပခြင်းဖြစ်ရာ မန္တလေးတွင် တစ်ကြိမ်ကျင်းပခဲ့ပြီး ရန်ကုန်၌ ယခုအကြိမ် အပါအဝင် လေးကြိမ်မြောက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သောနှစ်က အမျိုးသမီးထု လမ်းလျှောက်ပွဲတွင် လူဦးရေခြောက်ထောင်ကျော် ပါဝင်ခဲ့ပြီး ယခုနှစ်တွင်လည်း ပါဝင်လမ်းလျှောက်သူ အမျိုးသမီးများ ပိုမိုများပြားရန် မျှော်လင့်ထားကြောင်း Ferrovit Walkathon 2018 ကို ဦးဆောင်ကျင်းပသည့် Ferrovit မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုအကြိမ်က ငါးကြိမ်မြောက်ကျင်းပတာဖြစ်ပါတယ်၊ လေးကြိမ်မြောက်တုန်းက တော်တော်များများ ပါဝင်လာပါတယ်၊ ပါဝင်လျှောက်တဲ့ အမျိုးသမီးတိုင်းကို ဖယ်ရိုဗစ်တီရှပ်တွေ ဝေငှမှာပါ၊ စတင်တာထွက်တာကိုတော့ နံနက် ၆ နာရီမှာ စတင်မှာဖြစ်ပြီး အချိန်အားဖြင့် ၂၅ မိနစ်နဲ့ မိနစ် ၃၀ လောက် အသွားအပြန် ကြာပါ့မယ်၊ လမ်းလျှောက်ပွဲမှာ ပန်းဝင်လာတဲ့သူတိုင်းကို ဆုတံဆိပ်တွေ ချီးမြှင့်မှာဖြစ်ပြီး ဝင်ရောက်လမ်းလျှောက်တဲ့ အမျိုးသမီးတိုင်းကိုလည်း အခမဲ့ သွေးအားနည်းရောဂါ စစ်ဆေးပေးမှုတွေအပြင် သွေးအားနည်းရောဂါအကြောင်းနဲ့ ဆောင်ရန်၊ ရှောင်ရန် အစားအသောက်တွေကိုလည်း အသိပညာပေးသွားမှာဖြစ်ပါတယ်"ဟု Ferrovit မှ Business Director ဒေါက်တာသင်းနိုင်ဦးက City Star Hotel ၌ ဖေဖော်ဝါရီ ၉ ရက်က ကျင်းပသော ပွဲကြို စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

လမ်းလျှောက်ပွဲတွင်ပါဝင်သူ အမျိုးသမီးတိုင်းကို ဆရာဝန်များနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သူနာပြု ၂၀ က ဆေးစစ်ဆေးမှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး ဝင်ရောက်လမ်းလျှောက်သော အသက်အကြီးဆုံးနှင့် အငယ်ဆုံးကိုလည်း လက်ဆောင်များ ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဘင်ခရာအဖွဲ့နှင့် ပန်းပွားအကများလည်း ပါဝင်မည်ဖြစ်ကာ ပျော်ပွဲရွှင်ပွဲများအဖြစ် ဂိမ်းကစားခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သံဓာတ်ချို့တဲ့ပြီး သွေးအားနည်းသည့်ရောဂါသည် အမျိုးသမီးများနှင့် ကလေးများတွင် အဖြစ်များနေပြီး ရာခိုင်နှုန်းအားဖြင့် ၃၀ မှ ၄၅ ရာခိုင်နှုန်း



**အမျိုးသမီးထုလမ်းလျှောက်ပွဲအတွက် စာနယ်ဇင်းရှင်းလင်းစဉ်** (ဓာတ်ပုံ- မင်းထက်)

အထိရှိကြောင်း သိရကာ အထူးသဖြင့် ကလေးမွေးဖွားနိုင်သော အရွယ်ရောက်မိန်းကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် အဖြစ်များကြောင်း သိရသည်။

"အမျိုးသမီးထုအတွင်းမှာ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါက နှုတ်ခမ်းလေးဖြူဖပ်ဖြူရော်နဲ့ မသိရင်မသိသလို ဖြစ်နေတတ်ကြတယ်၊ အမျိုးသမီးထုတစ်ခုလုံးကို သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းရောဂါ ဖြစ်တတ်တာနဲ့ပတ်သက်ပြီး အသိပညာများပေးဖို့အတွက် လှုပ်ရှားမှုတစ်ခုအနေနဲ့ ဒီအမျိုးသမီးထု လမ်းလျှောက်ပွဲကို ကျင်းပတာပါ။ တကယ်တော့ တစ်ရက်ကို အနည်းဆုံး မိနစ် ၂၀ လမ်းလျှောက်ရမယ်လို့ ကျန်းမာရေးက ထုတ်ပြန်ထားပါတယ်၊ ဒီပွဲမှာဆို ၄ ဒသမ ၈ ကီလိုမီတာနဲ့ ၅ ကီလိုမီတာလောက် လျှောက်ရမှာဆိုတော့ ၂၅ မိနစ်ဝန်းကျင်လောက် လမ်းလျှောက်ရမှာပါ၊ အမျိုးသမီးထုအများစုက အိမ်ထောင်ကျပြီဆိုရင် အိမ်တွင်းအောင်းတွေ များကြပါတယ်၊ ဒီစုပေါင်းလမ်းလျှောက်ပွဲလေး ကျင်းပခြင်းအားဖြင့် အမျိုးသမီးတွေ သံဓာတ်ချို့တဲ့လို့ သွေးအားနည်းရောဂါဖြစ်တာကို အသိပညာပေးမှုအနေနဲ့ ထိရောက်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဒေါက်တာသင်းနိုင်ဦးက ထပ်မံရှင်းပြသည်။

အဆိုပါ အမျိုးသမီးထုလမ်းလျှောက်ပွဲကို သုဝဏ္ဏကွင်းမှ စတင်တာထွက်ပြီး မေတ္တာလမ်းကိုဖြတ်၍ သစ္စာလမ်းမှ ဂငယ်ကွေ့ကွေ့ပြီး လာလမ်းအတိုင်း ပြန်လျှောက်ရမည်ဖြစ်ကာ ထိုအချိန်တွင် ယာဉ်လမ်းကြောင်းကို တစ်ဖက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းဆိုင်ရာ သင်တန်းဖွင့်

**ငပုတော ဖေဖော်ဝါရီ ၁၁**

ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏ ဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ



နယ်စည်းမခြားဖွံ့ဖြိုးရေးအဖွဲ့များဖြစ်သည့် DRD နှင့် DRI တို့ ပူးပေါင်းကာ Data Consolidation Workshop & Full Proposal Writing Training သင်တန်းကို ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူမင်းက အသက်မွေးဝမ်းကျောင်းဆိုင်ရာ တွေးခေါ်စွမ်းရည် မြင့်မားလာစေပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် နည်းပညာအရ ဖြစ်နိုင်ခြေရှိမရှိ ဆန်းစစ်နိုင်စေရန်အတွက်လည်းကောင်း၊ ဈေးကွက်ခိုင်မာမှုနှင့် ငွေကြေးအရ ဖြစ်နိုင်ခြေရှိမရှိနှင့် အမြတ်အစွန်းရနိုင်ခြေရှိမရှိ ဆန်းစစ်နိုင်စေရန်အတွက်လည်းကောင်း၊ ငွေကြေးစုဆောင်းရရှိမည့် အစီအစဉ်နှင့် ကျေးရွာလူထု၏ စီးပွားရေးအမြင် အသွင်ပြောင်းပေးနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းသုံးဦး၊ မြို့နယ်အဆင့် နည်းပညာအကြံပေးအဖွဲ့ဝင် လေးဦးနှင့် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏ စည်းရုံးရေးမှူး ကိုးဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိဖြစ်ကာ သင်တန်းတွင် DRI မှ သင်တန်းဆရာနှစ်ဦးက သင်ကြားပေးခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျုံပျော် ဖေဖော်ဝါရီ ၁၁**

ကျေးလက်နေပြည်သူများ ဗဟုသုတရရှိစေရန်နှင့် ဥပဒေအကြောင်းအရာများ သိရှိပြီး မှုခင်းဖြစ်ပွားမှုများ လျှော့နည်းကျဆင်းစေရန်ရည်ရွယ်၍ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ကျုံပျော်မြို့နယ် ကွင်းသာအုပ်စု ဖန်ခါးချောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျုံပျော်မြို့မရဲစခန်းမှူး ဒုရဲမှူးခိုင်ကျော်ဦးက မြို့နယ်အတွင်း၌ ၂၀၁၆ ခုနှစ်ထက် ၂၀၁၇ ခုနှစ်တွင် အမှုကြီးများဖြစ်ပွားမှု တိုးခဲ့ပြီး အမှုငယ်ဖြစ်ပွားမှုမှာ သိသိသာသာ လျော့ကျခဲ့ကြောင်း၊ ကျေးလက်ဒေသများတွင် မှုခင်းဖြစ်ပွားမှု ပိုမိုများပြားသောကြောင့် ယခုကဲ့သို့ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့်လည်း အမှုကြီးများအများဆုံးဖြစ်ပွားရာ အခြေခံဖြစ်သည့် မူးယစ်ရမ်းကားမှုများကို အထူး ဖမ်းဆီးအရေးယူလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေးအတွက် ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ပေးရန်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်မှု မှားယွင်းပါကလည်း မိမိတို့ထံ အသိပေးတိုင်ကြားနိုင်ကြောင်း၊ လိုအပ်သည့်အရေးယူမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်းအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့သည်။

ထို့နောက် အင်းရဲကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နွဲ့နွဲ့ဌေးက သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် အုပ်ထိန်းသူများက ထိန်းသိမ်းပေးသင့်သောအရာများ၊ ကျန်းမာရေးရှုထောင့်မှ သိသင့်သိထိုက်သည့်အရာများနှင့် ဆောင်ရန်ရှောင်ရန်များကို ဆက်လက်ဟောပြောခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကွင်းသာကျေးရွာအုပ်စုအတွင်းမှ ပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**



# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့်စိစစ်ရွေးချယ်ခဲ့ရာ **"ကယားပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် ၅၀ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် ၅၀ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | တိုင်းဒေသကြီး/ပြည်နယ် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ရဲထွဋ်ကျော်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် | အမှတ်-ရှမ်း/၁၅၀၊ မြဝတီလမ်း၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | သတ္တုတူးဖော်ရေး | |
| ၂ | ဇေညီနောင်ကုမ္ပဏီလီမိတက် | အမှတ်-၄၁၃၊ဖဖော်လမ်း၊နာနတ်တော၊နောင်ယား(က)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၃ | Myanmar Zion Co.,Ltd | အမှတ် (၁/၉၁)၊ ဒေါနိုးကူးလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | Exp & Imp | |
| ၄ | အောင်နတ်သားဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | အမှတ်-၁/၁၅(က)/ရှမဝလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၅ | New Home Co.,Ltd | အမှတ်-၁၀၆၊ ကန္တရဝတီလမ်း၊ မြေနီကုန်းရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၆ | ကယားဌာနီကုမ္ပဏီလီမိတက် | အမှတ်-၁၉၆၊ ထေးသမလမ်း၊ ချိုကယ်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၇ | ကယားငွေကြယ်ကုမ္ပဏီလီမိတက် | အမှတ်-၁၆၅၊ ယူကလစ်လမ်း၊ ဒေါဥခုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၈ | မြင့်မြတ်သန်းကြွယ်ကုမ္ပဏီလီမိတက် | အမှတ်-၇၅(က)၊ ဒေါနိုးကူးလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၉ | ဦးစောမျိုးချစ် | အမှတ်-၁၄၈၊ ဆရာစံလမ်း၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | အုတ်သဲကျောက် ပေးသွင်းခြင်း | |
| ၁၀ | ဦးရှိန်ကြီး | အမှတ်-၇၁၊ ကန္တရဝတီလမ်း၊ မြေနီကုန်းကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | တော်ဝင် စက်သုံးဆီဆိုင် | |
| ၁၁ | ဦးစောဖစ်တာစိုင်းခေး | အမှတ် -၃၆၅၊ ဦးနီလမ်း၊ နောင်ယား (က)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | အုတ်သဲကျောက် ပေးသွင်းခြင်း | |
| ၁၂ | Vito-Ban Construction Trading Co.,Ltd | အမှတ်-န/၈၃၊ သီရိဒေါလမ်း၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၃ | ဦးခင်မောင်ဦး | ကယားပြည်နယ်အစိုးရရုံး၊ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၁၄ | ဦးကျော်ဆွေ | ကယားပြည်နယ်လွှတ်တော်၊ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၁၅ | ရယ်သီဟကုမ္ပဏီလီမိတက် | အမှတ်-၁၀၆၊ ရွှေဝါလမ်း၊ ဓမ္မာရုံရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၆ | ဦးဌေးအောင် | ပြည်နယ်ဥပဒေချုပ်ရုံး၊ စည်သူလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၁၇ | ဒေါ်ကြည်ကြည် | ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ဦးနီလမ်း၊ ဒေါဥခုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၁၈ | ဦးပိုးရယ်ရန်အောင် | ကယားပြည်နယ်အစိုးရရုံး၊ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၁၉ | ဦးတောရယ် | ကယားပြည်နယ်အစိုးရရုံး၊ ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၀ | ဦးစိန်ဦး | ကယားပြည်နယ်အစိုးရရုံး၊ ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၁ | ဦးချစ်လှ | ကယားပြည်နယ်အစိုးရရုံး၊ ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၂ | ဦးကျော်လင်းမောင် | ပြည်နယ်တရားလွှတ်တော်၊လွိုင်ကော်-ပွန်ချောင်းလမ်း၊မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၃ | ဦးကိုးရယ် | ကယားပြည်နယ်အစိုးရရုံး၊ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၄ | အောင်ထိပ်တန်းနဒီ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | အမှတ်-၁/၁၅(က)/ရှမဝလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၂၅ | ဦးသန်းကျော်စိုး | ကယားပြည်နယ်အစိုးရရုံး၊ ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၆ | ဦးစောဟူးဟူး | ကယားပြည်နယ်အစိုးရရုံး၊ ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၇ | ဖူးအိုင်ဟုန်းကုမ္ပဏီလီမိတက် | အမှတ်-၄၁၃၊ ဖဖော်လမ်း၊ နာနတ်တော၊ နောင်ယား(က)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၂၈ | ဦးရဲဝင်း | ကယားပြည်နယ်အစိုးရရုံး၊ ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၂၉ | ဦးအေးမောင် | ကယားပြည်နယ်လွှတ်တော်၊ကန္တရဝတီလမ်း၊ နောင်ယား(ခ)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၃၀ | ဦးအောင်နိုင်ဦး | ကယားပြည်နယ်အစိုးရရုံး၊ ကန္တရဝတီလမ်း၊နောင်ယား(ခ)ရပ်ကွက်၊လွိုင်ကော်မြို့နယ်၊ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၃၁ | ဦးအောင်ညွှန့်+ဟန်သူလင်း | အမှတ်-၂၀၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | Junction စားရေးကိရိယာဆိုင်+နဝဒေးတည်းခိုခန်း | |
| ၃၂ | ဦးကျော်မင်းအောင် | ဈ/၅၈၊ ကန္တရဝတီလမ်း၊ ဈေးပိုင်ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | Techno World လျှပ်စစ်ပစ္စည်းဆိုင် | |
| ၃၃ | ဒေါက်တာခင်စည်သူ | အမှတ်-၁၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆိုင်ခန်းငှားရမ်းခြင်း | |
| ၃၄ | ဦးတင်ထွန်း(ဆက်ခံ)ဦးအေးလှိုင် | ဈေးကြီးအပြင်ဘက်တန်းရုံး၊ သီရိမင်္ဂလာဈေးကြီး၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆိုင်ကယ်စတန်း+အိမ်သာ | |
| ၃၅ | ဦးလှမြင့်(ခ)ဖယာဇ်အာမက် | အမှတ်-၆၁၊ သီတာလမ်း၊ ဈေးပိုင်းရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ကုန်မာဆိုင် | |
| ၃၆ | ဦးဇော်မျိုးထွန်း | အမှတ်-၁၀၁၊ ဒေါနိုးကူးလမ်းမကြီး၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဇော်ကြီးဆိုင်ကယ်အရောင်းဆိုင် | |
| ၃၇ | ဒေါ်ခင်လင်းဦး | အမှတ်-၂၇၊ နဝဒေးလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | J & K ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းဆိုင် | |
| ၃၈ | လင်းနဂါးညီနောင် ကုမ္ပဏီလီမိတက် | အမှတ်-မင်း/၈၀၊ သူရိန်လမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၃၉ | ဦးကံချား(ခ)အုမာဒိုး | အမှတ်-ရွှေ/၁၂၅၊ သီရိလမ်း၊ ရွှေတောင်ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | သံနှင့်အိမ်ဆောက်ပစ္စည်းဆိုင် | |
| ၄၀ | ဦးခင်မောင်လှ(ဆက်) ဒေါ်ပွင့်ဖြူအောင် | အမှတ်-၅၂၊ ကန္တရဝတီလမ်း၊ ရွှေတောင်ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ကျော်ရတနာစတိုး | |
| ၄၁ | ဦးကျော်နိုင်ဦး | ပက်(စ်)မြန်မာ၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၄၂ | ဒေါ်သန်းသန်းအေး | ပြည်နယ်တရားလွှတ်တော်၊ လွိုင်ကော်-ပွန်ချောင်းလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၄၃ | ဒေါ်နော်အယ်ရူးဝေ | အမှတ်-၃၃၇၊ သရက်မြိုင်လမ်း၊ ဒေါဥခုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ကိုယ်ပိုင်သင်တန်းကျောင်း | |
| ၄၄ | ဦးတင်ဌေး | ပြည်နယ်တရားလွှတ်တော်၊ လွိုင်ကော်-ပွန်ချောင်းလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၄၅ | ဦးထင်ကျော်ဝင်း | Care Myanmar၊ နောင်ယား (ခ)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | လစာ | |
| ၄၆ | ဦးလှဖေ(ဆက်ခံ)ဒေါ်အေးအေးကြွယ် | အမှတ်-၁၁၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ပုလဲဒြေ့ဂေဟာ | |
| ၄၇ | ဒေါ်ဝင်းရီ | အမှတ်-၄၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဝါဝါထွန်းစတိုး | |
| ၄၈ | ဦးလှရွှေ(ဆက်)ဒေါ်မင်းအင်း | အမှတ်-က/၆၊ ပိတောက်လမ်း၊ လောဓမ္မရပ်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | နန်းထိုက်စံတည်းခိုခန်း | |
| ၄၉ | ဦးလှသော် ပါ(၂) | အကွက်-၁၊ ကမ်းနားလမ်း၊ ဈေးပိုင်းရပ်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ဝပ်ရှော့လုပ်ငန်း | |
| ၅၀ | ဒေါ်စကော်လာ(ခ)စတီးကာ | ဈ/၁၇၊ ဈေးကုန်းရပ်ကွက်၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ် | ကယားပြည်နယ် | ကုန်စုံဆိုင်+ ဆီပန့် | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ကယားပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် ၄၇ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် ၄၇ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဇေညီနောင်ကုမ္ပဏီလီမိတက် | အမှတ် ၄၁၃၊ ဖဖော်လမ်း၊ နာနတ်တာ၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၂ | ရဲထွဋ်ကျော်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် | အမှတ် ၁၅၀၊ မြဝတီလမ်း၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | သတ္တုတူးဖော်ရေး | |
| ၃ | နယူးဟုမ်းကုမ္ပဏီလီမိတက် | အမှတ် ၁၀၆၊ ကန္တရဝတီလမ်း၊ မြေနီကုန်းရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၄ | အောင်နတ်သားဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | အမှတ် ဒ/၁၅(က)/ရှုမဝလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၅ | ကယားဌာနီကုမ္ပဏီလီမိတက် | အမှတ် ၁၉၆၊ ထေးသမလမ်း၊ ချိကယ်ကျေးရွာ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၆ | ဦးခင်မော် | ဒေါ ၁၂၂၊ ဒေါနိုးကူးလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၇ | ကယားငွေကြယ်ကုမ္ပဏီလီမိတက် | အမှတ် ၁၆၅၊ ယူကလစ်လမ်း၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၈ | ဦးထွန်းလင်းမြင့် | အမှတ် ၂၂၄၊ မြို့သစ် ၅ လမ်း၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၉ | မြင့်မြတ်သန်းကြွယ်ကုမ္ပဏီလီမိတက် | အမှတ် ၇၅-က၊ ဒေါနိုးကူးလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၀ | ဦးအေးသူရိန် | ရှမ်း/၄၁၀၊ လွိုင်ကော်-မော်ချီးလမ်း၊ ရှမ်းပိုင်းရပ်၊ ဘောလခဲမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၁၁ | ဗစ်တို-ဘန်းကွန်းစရုတ်ရှင်း အန်ထရေးဒင်းကုမ္ပဏီလီမိတက် | အမှတ် န/၈၃၊ သီရိဒေါလမ်း၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၂ | ဦးထွန်းထွန်းဝင်း | လွိုင်ကော်-မော်ချီးလမ်း မြောက်ပိုင်းရပ်၊ ဖားဆောင်းမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၁၃ | ဦးစိုးညွန့် | ရှမ်း ၁၂၀၊ မင်းကျောင်းအနောက်လမ်း၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့၊ ကယားပြည်နယ် | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၁၄ | ဦးသန်းစိုးအောင် | ဆ-၆၊ ငွေတောင်(ဆည်မြောင်း)၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ကျောက်၊ သဲလုပ်ငန်း | |
| ၁၅ | ရယ်သီဟကုမ္ပဏီလီတက် | အမှတ် ၁၀၆၊ ရွှေဝါလမ်း၊ မွှောရုံရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၆ | ဦးအောင်နန္ဒထွန်း | ည/၄၀၊ ဘောလခဲလမ်း၊ ညောင်ဇင်ရပ်ကွက်၊ ဖရူဆိုမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ကျောက်လုပ်ငန်း | |
| ၁၇ | ဖူးအိုင်ဟုန်း ကုမ္ပဏီလီမိတက် | အမှတ် ဒ/၁၅(က)၊ ရှုမဝလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၈ | အောင်ထိပ်တန်းနဒီ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | အမှတ် ၄၁၃၊ ဖဖော်လမ်း၊ နာနတ်တော၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၉ | ဦးရှိန်ကြီး | အမှတ် ၇၁၊ ကန္တရဝတီလမ်း၊ မြေနီကုန်းကျေးရွာ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | တော်ဝင်စက်သုံးဆီဆိုင် | |
| ၂၀ | ဦးစိုးထွေး-ဒေါ်စန်းစန်းလွင် | အမှတ် ၇၃၊ နဝရတ်လမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | သင်္ဂဟတည်းခိုခန်း | |
| ၂၁ | ဒေါ်သန်းရွှေ | အမှတ် ၅၄(ခ)၊ ကန္တရဝတီလမ်း၊ မိုင်းလုံးရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | မြတ်နန်းတော်ဟိုတယ် | |
| ၂၂ | ဦးထွန်းကျော် | အမှတ် ၃၇၃၊ ၉လမ်း၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဟိုတယ်လွိုင်ကော် | |
| ၂၃ | ဦးအောင်ကျော်မင်း | ရှမ်း ၁၂၁၊ သံလွင်လမ်း၊ ရှမ်းပိုင်းရပ်၊ ဘောလခဲမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၂၄ | ဒေါ်စန်းရင် | ရှမ်း ၆၅၊ လွိုင်ကော်-မော်ချီးလမ်း၊ ရှမ်းပိုင်းရပ်၊ ဘောလခဲမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၂၅ | ဦးအောင်ညွန့်-ဟန်သူလင်း | အမှတ် ၂၆၊ နဝဒေးလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | နဝဒေးတည်းခိုခန်း | |
| ၂၆ | ဦးတောင်ကျင်ဗိုး-ဒေါ်ထူးထူးအေး | အမှတ် ၃၂၊ လောပိတလမ်း၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | မာစတာအအေး+တည်းခိုခန်း | |
| ၂၇ | ဦးလှမိုး | အမှတ် အေ/၁၃၅၊ ရန်မျိုးအောင်လမ်း၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | လွိုင်ကော်စီးတီးစားသောက်ဆိုင် | |
| ၂၈ | ဦးအုန်းသောင်း | အမှတ် ၉၀၊ ရှုမဝလမ်း၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ရွှေဒင်္ဂါး(၂)စားသောက်ဆိုင် | |
| ၂၉ | ဒေါ်အဲန်းမေရီ | ရွှေ-၁၈၊ ရွှေယောက်ရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | စက်သုံးဆီအရောင်းဆိုင် | |
| ၃၀ | ဦးဇော်ထက် | အမှတ် ၂၀၆၊ ဖယ်ခုံလမ်း၊ ရှမ်းပိုင်းရပ်၊ ဘောလခဲမြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | အုတ်သဲကျောက်ပေးသွင်းခြင်း | |
| ၃၁ | ဒေါ်ခင်လှဦး | အမှတ် အေ/၄၃၊ နတ်ရှင်နောင်လမ်း၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | နန်းဇရာတည်းခိုခန်း | |
| ၃၂ | ဦးဝင်းနိုင်စိုး | အမှတ် ၃၉၊ လောပိတလမ်း၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ဝင်းနားပဲလေ့(စ်)တည်းခိုခန်း | |
| ၃၃ | ဦးဘိုအောင် | အခန်းအမှတ် ဘီရုံ(၇+၈+၉)၊ လောပိတလမ်း၊ သီရိမင်္ဂလာဈေးကြီး၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ရွှေဒင်္ဂါးစားသောက်ဆိုင် | |
| ၃၄ | ဦးသောင်းတင် (ဆက်ခံ) ကိုကိုခိုင် | အမှတ် ၆၃၊ သီတာလမ်း၊ ဈေးပိုင်းရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ပါစိန်လက်ဘက်ရည်ဆိုင် | |
| ၃၅ | ဒေါ်စိန်ရင် | အမှတ် ခူ/၄၊ ဦးသီရိလမ်း၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | မွန်းလွှိုင်း အင်း | |
| ၃၆ | ဦးမင်းစိန် | အမှတ် ဈ/၆၅၊ သီတာလမ်း၊ ဈေးပိုင်းရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | သဇင်စားသောက်ဆိုင် | |
| ၃၇ | ဦးဆန်နီ(ခ)ဆန်းဒေးဘွိုင်း | အမှတ် မ/၂၂၁၊ ဒေလီယာလမ်း၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ကယားငွေကြယ်စင်စားသောက်ဆိုင် | |
| ၃၈ | ဦးခင်မောင်မြင့် (သမီး) စန္ဒီလင်း | အမှတ် ခူ/၈၀၁၊ ခိုင်လုံးရွှေလမ်း၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | Pricess တည်းခိုခန်း | |
| ၃၉ | ဒေါ်ခင်ဆင့် | အမှတ် မ/၁၂၀၊ ကံ့ကော်လမ်း၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | မင်းမဟော်မိုတယ် | |
| ၄၀ | ဦးကျော်ဦး | အခန်းအမှတ် ၁၊ ကမ်းနားလမ်းဆိုင်ခန်း၊ ကမ်းနားလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ရွှေခြသေ့်စားသောက်ဆိုင် | |
| ၄၁ | ဦးဝင်းထက်ကို | အမှတ် ၉၂၊ ဒေါနိုးကူးလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | မြတ်တော်ဝင်တည်းခိုခန်း | |
| ၄၂ | ဦးကျော်သိန်း | အမှတ် ၆၅၊ ကန္တရဝတီလမ်း၊ မြေနီကုန်းကျေးရွာ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ကျော် ကာရာအိုကေ | |
| ၄၃ | ဦးထွန်းကျော် | အမှတ် ၃၇၃၊ ၉လမ်း၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ကာရာအိုကေ | |
| ၄၄ | ဦးလှဖေ (ဆက်ခံ) ဒေါ်အေးအေးကြွယ် | အမှတ် ၄၀၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ပုလဲဒေ့ဂေဟာ | |
| ၄၅ | ဦးခင်မောင်လှ(ဆက်ခံ)ဒေါ်ပွင့်ဖြူအောင် | အမှတ် ၅၂၊ ကန္တရဝတီလမ်း၊ ရွှေတောင်ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ကျော်ရတနာစတိုး | |
| ၄၆ | ဦးလောရင့်စိုး | အမှတ် ၂၈၂၊ ၁၃ လမ်းနှင့် ၈လမ်းထောင့်၊ စက်မှုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | သွပ်ပြားထုတ်လုပ်ခြင်း | |
| ၄၇ | ဦးဝင်းနိုင် | အမှတ် ၁၂၊ ကန္တရဝတီလမ်း၊ ရွှေတောင်ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ကယားပြည်နယ် | ယူကိုထီ+အလှကုန်စတိုး | |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူသည့် 29 Seater Bus များနှင့် Forensic DNA Laboratory စက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ ရုံးအမှတ်(၄) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၂-၂၀၁၈ ရက် ညနေ ၃း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀/၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)**

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူ လိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် ( ၁၃ .၂. ၂၀၁၈)ရက်
၃။ တင်ဒါပိတ်မည့်ရက် ( ၁၅. ၂. ၂၀၁၈) ရက်
၄။ တင်ဒါပိတ်မည့်အချိန် ( ၁၄ : ၀၀ ) နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉,၄၁၀၂၈၂

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အဦဦးစီးဌာန**
**လျှပ်စစ်ဌာနခွဲ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ် ၀၁၀/တင်ဒါ/၂၀၁၇-၂၀၁၈/လစ**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ လျှပ်စစ်ဌာနခွဲမှ ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်လမ်း အမျိုးသားစာကြည့်တိုက်အတွက် လိုအပ်သော 500 KVA Soundproof Diesel Generator (၁)လုံးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် |
|---|---|---|
| (က) | 500 KVA Soundproof Diesel Generator | 1 Set |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၉-၂-၂၀၁၈ ရက် နံနက် ၁၀ နာရီ
**တင်ဒါပိတ်မည့်ရက်၊အချိန်** - ၂၃-၂-၂၀၁၈ရက် ညနေ ၄ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်ဌာနခွဲ၊ အဆောက်အဦဦးစီးဌာန၊ ရုံးအမှတ် ၄၀၊ နေပြည်တော်တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အဆောက်အဦဦးစီးဌာန၊**
**ရုံးအမှတ် ၄၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၇၀၇၉**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ (၁)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မြစ်သာရေလှောင်တမံစီမံကိန်း အနီးရှိ ပြင်သာကျေးရွာသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် 0.4 KV ဓာတ်အားဖြန့်ဖြူးလိုင်း ၂ဒသမ၀၆မိုင် တည်ဆောက်သွယ်တန်းခြင်းအတွက် လိုအပ်သောဓာတ်အားလိုင်းသုံးပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများအား စီမံကိန်းလုပ်ငန်းခွင်သို့ အရောက်ပို့စနစ်ဖြင့် ပြင်ပလုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံများရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၈ရက်မှ ၁၉-၂-၂၀၁၈ရက်အထိ (၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၂-၂-၂၀၁၈ရက် (၁၆း၀၀)နာရီအတွင်း
**တင်ဒါဖွင့်မည့်ရက်** - တင်ဒါနောက်ဆုံးတင်သွင်းရက်မှ တစ်ပတ်အတွင်း
**တင်ဒါရွေးချယ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့

၃။ တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို တင်ဒါလျှောက်လွှာနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြထားပြီး တင်ဒါအဆိုပြုလွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့တွင် သတ်မှတ်ရက်များ၌ ရုံးချိန်အတွင်း တစ်စုံလျှင် (၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ (၁) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေအားလျှပ်စစ်ဌာနခွဲ (၁)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့**
**ဖုန်း-၀၆၅-၃၀၂၈၇၊ ၀၉-၄၅၅၆၅၂၈၅၅၊ ၀၉-၉၇၁၄၁၅၀၉၆**

---

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန (အခမဲ့)သင်တန်းဖွင့်လှစ်ခြင်း (၂/၂၀၁၈)

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေပညာဒါန (အခမဲ့)သင်တန်းဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၄၂/၅၀)၊ ပထမထပ် ရွှေဘုံသာလမ်းရှိ အသင်းရုံးတွင် သင်တန်းတက်ရောက်ခွင့်ပုံစံကို (အခမဲ့)တောင်းယူဖြည့်စွက်ပြီး လူကိုယ်တိုင်ဓာတ်ပုံသုံးပုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလမှာ ၁၉-၂-၂၀၁၈ရက်မှ ၁-၃-၂၀၁၈ရက်အထိ ၁၀ ရက်ဖြစ်ပြီး သင်တန်းအချိန်မှာ နံနက် ၈ နာရီမှ ၁၀နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၅၀၆၉၉၉၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

**မှတ်ချက်။** ။ Form များကို ၁၄-၂-၂၀၁၈ ရက်တွင် စတင်ထုတ်ပေးပါမည်။

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာများခေါ်ယူခြင်း
## ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်
## (၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) | (၂၀)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ဥပဒေဘွဲ့၊ ကွန်ပျူတာဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ စီးပွားရေးဘွဲ့ရရှိပြီးသူကို ဦးစားပေးခန့်ထားမည်။) |
| (ခ) | ယာဉ်မောင်း-၅ (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | (၁)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီး (ခ)အဆင့်ယာဉ်မောင်းလိုင်စင်ရရှိပြီးဖြစ်ရမည်။ |
| (ဂ) | ရုံးအကူ (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | (၂)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အပိုဒ် ၁၊ အပိုဒ်ခွဲ(က) ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၂၃-၂-၂၀၁၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၀ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ) ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၂၃-၂-၂၀၁၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဃ) အပိုဒ် ၁၊ အပိုဒ် (ဂ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၂၃-၂-၂၀၁၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ဦးစီးဌာနတွင် အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) လျှောက်ထားလိုသည့်ရာထူး
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(စ) အဖအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်၊ အောင်မြင်ခဲ့သည့်ကျောင်း၏ထောက်ခံစာ)
(ဃ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

၅။ လျှောက်လွှာများကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ် (၅၁) သို့လည်းကောင်း၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးရုံး/ပြည်နယ်ရုံး/အထူးစီးပွားရေးဇုန်ရုံး/မြို့နယ်ရုံးများသို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀-၂-၂၀၁၈ ရက် နောက်ဆုံးထားလျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အပိုဒ် ၁၊ အပိုဒ်ခွဲ (က)ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်များပါဝင်သည့် အရည်အချင်းစစ်စာမေးပွဲနှင့် လူတွေ့စစ်ဆေးမှုအား ဖြေဆိုရမည်ဖြစ်ပါသည်။ လာရောက်ဖြေဆိုသည့်အခါ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့အား တစ်ပါတည်းတင်ပြရမည်။

၇။ အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)ပါ ရာထူးနေရာအတွက် ကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်မေးခြင်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လူတွေ့စစ်မေးသည့်အခါ ယာဉ်မောင်းလိုင်စင်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းအား တစ်ပါတည်းတင်ပြရမည်။

၈။ အပိုဒ် ၁ အပိုဒ်ခွဲ(ဂ)ပါ ရာထူးနေရာအတွက် လူတွေ့စစ်မေးခြင်းကို ဆောင်ရွက်သွားမည်။ လူတွေ့စစ်မေးသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းအား တစ်ပါတည်း တင်ပြရမည်။

၉။ သက်ဆိုင်ရာ ရာထူးအလိုက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံနံပါတ်တို့ကို ရုံးအမှတ် (၅၁)၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲအစီအစဉ်
(က) ၂၃-၂-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ အထွေထွေဗဟုသုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၃း၃၀ နာရီမှ ၁၅း၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ
(ခ) ၂၄-၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီမှစတင်၍ ကွန်ပျူတာစစ်မေးခြင်းနှင့်လူတွေ့စစ်မေးခြင်း၊

၁၁။ ယာဉ်မောင်း-၅ ရာထူးနှင့် ရုံးအကူရာထူးအတွက် လူတွေ့စစ်မေးခြင်းကို ၂၄-၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီမှစတင်၍ ဆောင်ရွက်ပါမည်။

၁၂။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်မေးခြင်းကို ရုံးအမှတ် (၅၁)၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၂၉၃၊ ၀၆၇-၄၃၀၂၈၆ တို့အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနပိုင် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းထားသည့် တရားမဝင်/လိုင်စင်မဲ့ ငါးဖမ်း၊ ငါးသယ်ရေယာဉ် (၄၁)စင်းတို့အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်၍ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရေယာဉ်များအတွက် တင်ဒါလျှောက်လွှာတစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)ဖြစ်ပြီး ရေယာဉ်အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံရောင်းချမည့်-
(က) **နေ့ရက်** - ၁၅-၂-၂၀၁၈ ရက်မှ ၁၆-၃-၂၀၁၈ ရက်အထိ
(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ချိန်များတွင် နံနက် ၉း၃၀ နာရီမှ ၁၅း၃၀ နာရီထိ
(ဂ) **နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်

၄။ **ရေယာဉ်များ၏မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ** - ကော့သောင်းခရိုင်တွင် (၂၉)စင်း၊ မြိတ်ခရိုင်တွင် (၁၁)စင်းနှင့် ဖျာပုံခရိုင်တွင် (၁)စင်းတို့အား သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနတွင် ရေယာဉ်များအား မျက်မြင်ကြည့်ရှုနိုင်ပါသည်။

၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်

၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၁-၃-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီ

၇။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၃-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီ

၈။ တင်ဒါဝယ်ယူသူသည် ဝယ်ယူမည့်ရေယာဉ်အား ကမ်းလှမ်းအဆိုပြုသည့် ရေယာဉ်တန်ဖိုး၏ ၁၀%ကို စပေါ်ငွေအဖြစ် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် Payment Order Cheque(P.O) ဝယ်ယူ၍ တင်ဒါပွဲမတိုင်မီ တစ်နာရီကြိုတင် တင်ပြရမည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) ဖုန်း-၀၆၇-၄၁၈၅၃၁၊ ၀၆၇-၄၀၈၄၇၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊မြင်းခြံ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်၊ ရေနံချောင်း၊ ဝါးခယ်မ၊ မော်လမြိုင်၊ မကွေး၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ မန္တလေး၊ လပွတ္တာ၊ အင်းစိန်၊ ပြင်ဦးလွင်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်၊ ကလေး၊ တောင်ကြီး၊ လားရှိုး၊ မကွေး၊ ကျောက်ဆည်၊ နေပြည်တော်၊ တောင်ငူ၊ ဘားအံ၊ မော်လမြိုင်၊ စစ်တွေ၊ ခန္တီး၊ ကျိုင်းတုံ၊ မြင်းခြံ၊ ထီးတိန်၊ ကော့သောင်း၊ ညောင်ရွှေ၊ SITE၊ ELPS)နှင့် နည်းပညာမြှင့်တင်ရေးသင်တန်းဌာန(ဘယ်လင်း)အတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

| စဉ် | ရာထူး(လစာနှုန်း) | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | စာရင်းကိုင်(၂) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | B.Com(ဝါဏိဇ္ဇဗေဒဘွဲ့)/ B.Act(စာရင်းကိုင်ပညာဘွဲ့) | (၄၀)ဦး |

၂။ လျှောက်ထားသူသည်-
(က) အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(ခ) ၂၈-၂-၂၀၁၈ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ရွေးချယ်ခံရပါက အနည်းဆုံး(၃)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ကျောင်းများနှင့်ဌာနများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။ လုပ်ငန်းသဘောသဘာဝအရ ကွန်ပျူတာကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်မည်။

၃။ လျှောက်ထားသူသည် အောက်ဖော်ပြပါစာရွက်စာတမ်းများပူးတွဲလျက် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ နီးစပ်ရာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် လျှောက်လွှာများထုတ်ယူပြီး ၂၈-၂-၂၀၁၈ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်-
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) (၆)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ။
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်းရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။
(ဃ) ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းကတ်မိတ္တူနှင့် ဝန်ထမ်းမဟုတ်သူများအတွက် (၁)နှစ်အတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။
(င) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်။

၄။ ရေးဖြေစာမေးပွဲကို အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)နှင့်အစိုးရနည်းပညာအထက်တန်းကျောင်း(ရွှာမ)တို့တွင် ကျင်းပမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်(သို့)သင်တန်းဆင်း လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမား မှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၄၀၁၉)သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၆။ ရေးဖြေအောင်မြင်သူစာရင်းနှင့် လူတွေ့အောင်မြင်သူစာရင်းများ စာရင်းအား www.tvetmyanmar.gov.mm/my/news-events/announcements နှင့်နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ကျောင်းနှင့်ဌာနများတွင် ကြေညာသွားမည်ဖြစ်ပါသည်။

၇။ အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ပါရှိရမည်။

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲစစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ၊ အထွေထွေဗဟုသုတ | ၁၀-၃-၂၀၁၈ရက် (စနေနေ့) | နံနက်၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီအထိ |
| (ခ) | အင်္ဂလိပ်စာ | ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) | နံနက်၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ |

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

# 1000

## သိန်းခန့်ရှိရုံဖြင့်

ပြည်လမ်းမမှ ခြေလှမ်း (၄၀၀) ခန့်သာကွာပြီး
မြေ (၂) ကောပေါ်ဆောက်ထားသော
စမ်းချောင်းလမ်းပေါ်ရှိ အဆင့်မြင့်ကွန်ဒိုကြီး
1056 Sq-ft Car Parking ပါ
1MBR, 1BR ကို ဝယ်နေနိုင်ပြီ

**80%**
**ဆောက်ပြီး**
**Nov 2018**
**Key အပ်**



2020 ခုနှစ်တွင် သိန်း 2700 ဖြစ်မည့်ကွန်ဒိုကို သိန်း 2000 ခန့်ဖြင့်ရောင်းမည်

## သိန်း 2700 မဖြစ်လျှင် ငွေပြန်အမ်းမည်

1000 သိန်းကို (၁၀) လပေးပြီးလျှင် သော့အပ်မည်

ကျန် 1000 သိန်းကို (၁၅) နှစ် Home Loan ဖြင့်ငွေချေနိုင်သည်

(၂) ရက်တည်းသာရောင်းမည် 17, 18 Feb 2018 နံနက် (၉) နာရီမှ ညနေ (၇) နာရီအထိ

၁၀၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်တွင်ရောင်းချသွားမည်ဖြစ်ပါသည် 01-2304833 09-31939999

## ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



**ပေးချေရသည့် ငွေတန်ဖိုးထက်မက ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့် အထူးအခွင့်အရေး**

**တစ်ပေပတ်လည်လျှင် ၉၀၀၀၀/- နှုန်းမှစတင်၍.. ရောင်းချပေးနေပါပြီ**

# စွယ်တော်စီးတီး အိမ်ရာ

**မင်္ဂလာဒုံမြို့နယ်**



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန်၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ (၃၀)ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှရေးဆွဲသောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

**အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။**

**DEVELOPER-**

**GRAND STYLE CO.,LTD.**

အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 09 799-332211, 09 797-221133**
**09 799-221133**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
၇၁
နှစ်မြောက် ပြည်ထောင်စုနေ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏
၇၁ နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုပါ၏။
ပြည်ထောင်စုနေ့

## ဦးလှိုင်မိုး
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့နေ (ဦးလှိုင်ထွန်း-ဒေါ်ခင်စောမြင့်)တို့၏သား၊ (ဦးတင်ရွှေ)-ဒေါ်အေးကြည်တို့၏သားသမက်၊ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက်(2nd MB၊ ဆေးတက္ကသိုလ်-၁)၏ ဖခင်၊ (ဦးမောင်မောင်ဇော်)-ဒေါ်ညိုမီ၊ ဦးဉာဏ်စိုး-ဒေါ်ခင်စန်းယုတို့၏ညီ/မောင်၊ဦးဉာဏ်မော်-ဒေါ်ညိုညိုဆင့်(USA)တို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈ရက်(စနေနေ့)ညနေတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှိုင်မိုး
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ၄ဝါ ၁ လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက်(ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ချစ်လှစွာသောဖခင်၊ (ဦးလှိုင်ထွန်း-ဒေါ်ခင်စောမြင့်)တို့၏သား၊ (ဦးတင်ရွှေ)-ဒေါ်အေးကြည်တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဆွေ(ငြိမ်း)-ဒေါ်ခင်စိုးဝေ၊ ဒေါ်မီမီဆွေ(ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်အေမီဆွေတို့၏ညီ/မောင်၊ ဗိုလ်ကြီးလှမိုးဆွေ(ငြိမ်း)-ဒေါ်တင်မြတ်မော်၊ ဦးကြည်ထူး(ယင်းမာပုံနှိပ်တိုက်)-ဒေါ်သီဂီ၊ ဦးသန်းစိန်-ဒေါ်နီလာဆွေ၊ ဒေါ်အဥ္ဇာမိုးတို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈ရက်(စနေနေ့)ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှိုင်မိုး
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၅၈)နှစ်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မိုးသည် ၁၀-၂-၂၀၁၈ရက် ဒေသစံတော်ချိန် ည ၇း၁၅နာရီခန့်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**လားရှိုးဇုန် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

## ဦးကြည်လှ
**အသက်(၇၇)နှစ်**

မြို့သစ်မြို့နယ်၊ နင်းကြမ်းကျေးရွာနေ (ဦးပေါက်ကျော်-ဒေါ်တင်ညွန့်)တို့၏သား၊ (ဒေါ်တင်သန်း)၏ခင်ပွန်း၊ ဦးဆန်းလွင်ဦး(နိုင်ငံတော်သမ္မတရုံး)-ဒေါ်စုစုခိုင်၊ ဦးဗညားသိန်း-ဒေါ်ကြူကြူသန်း(အထည်ချုပ်ဌာန)၊ ဦးမျိုးမြင့်-ဒေါ်မူမူသန်း၊ ဦးသန့်စင်ဖြိုး-ဒေါ်ဖြူဖြူသန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၀-၂-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ငြိမ်းအေးဇရပ်၌တရားနာပြီး ရွှေကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၄-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက် ၆၊ အခန်း ၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်စိုး (အထူးတန်းရုံပိုင်ကြီး၊ ငြိမ်း)
**အသက်(၇၈)နှစ်**

မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ အပိုင်း(၉)၊ အမှတ် ၂၄၁နေ ဒေါ်မြရင်၏ခင်ပွန်း၊ ဦးသန်းဆွေ(ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ဒေါ်ယဉ်ယဉ်မြ(သူနာပြုဆရာမကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေး)၊ ဦးဇော်ဝင်းစိုး(Total E & P Myanmar)၊ ဦးသက်ဆွေတို့၏ဖခင်သည် ၁၀-၂-၂၀၁၈ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂- ၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းမြင့်
**အထက်တန်းပြ(ငြိမ်း)၊ (အထက-၄၊ သာကေတ)**
**အသက်(၇၇)နှစ်**

ခရမ်းမြို့နေ (ဦးစိုး-ဒေါ်နှင်းခင်)တို့၏သမီး၊ ဦးအောင်သိန်း(မြန်မာ့အသံ၊ ငြိမ်း)၊ (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ (ဦးမျိုးလွင်)-ဒေါ်အေးအေးအောင် (YCDC၊ အခွန်ဌာန)၊ (ဦးကိုကိုဦး၊ အထက်တန်းရှေ့နေ)-ဒေါ်သူဇာအောင် (တရားလွှတ်တော်ရှေ့နေ)တို့၏မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၁၀-၂-၂၀၁၈ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၈ရက် (သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၆၉၃၊ ရွှေအုတ်ဂူ ၄လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဘုန်းတော်ကြီးစောဂျွန်ဘကို
**အသက်(၆၉)နှစ်**

တောင်ငူမြို့၊ မြို့ကြီးလမ်း၊ ၁၉/၉၄၁နေ(ဦးစောဘကို-နော်သယ်မာ)တို့၏သား၊ နော်အဲလိဇဘက်ဘကို၊ (စောမာဒကဲ)၊ နော်လိုအေးတို့၏အစ်ကို၊ နော်ကွန်စတင့်အောင်ကျော်၏ ချစ်လှစွာသောခင်ပွန်း၊ နော်အက်စတာမာဘွယ်ဟီ-စောခူရယ်တို့၏ချစ်လှစွာသောဖခင်၊ စောဂျွန်ဆီ၊ နော်စေးစေးဖောတို့၏ အဘိုးသည် ၁၁-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃း၂၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် တောင်ငူမြို့၊ သီတာလမ်း၊ ဗတ္တိဇံဆရာရှင်ယောဟန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး တောင်ငူမြို့ ဇောဒိသာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ [အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၁၇-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၈နာရီတွင် အမှတ် ၁၉/၉၄၁၊ မြို့ကြီးလမ်းနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှိုင်မိုး
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ၄ဝါ(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက်(ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှိုင်မိုး
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ၄ဝါ(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက်(ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## ဒေါ်ကျင်စော
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ် ၂၁နေ (ဦးအချင်း-ဒေါ်သေး)တို့၏သမီး၊ (ဦးထွန်းကျင်-ဒေါ်သန်းစိန်)တို့၏ညီမ၊ ဦးမောင်ကြည်-(ဒေါ်ကျင်ကြည်)၊ ဦးတင်မောင်-ဒေါ်ဥ၊ (ဦးရဲလွင်)တို့၏အစ်မ၊ (ဦးထွန်းခင်)၏ဇနီး၊ ဗိုလ်ချုပ်အောင်မျိုးမင်း(ငြိမ်း)-ဒေါက်တာဒေါ်စန်းစန်းမြင့် (တိ-မွေး-ကုဆရာဝန်)၊ ဦးတင့်လွင်-ဒေါ်စန်းစန်းလွင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငြိမ်း)တို့၏မိခင်၊ ဗိုလ်မှူးနေမျိုးထိုက်-ဒေါ်ခိုင်ဆုဝေတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်အိပ်ပျော်ခြင်း**

## တပ်ကြပ်ကြီး Pau Khan Suan
**အသက်(၆၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နန်းဟံနွဲ့ကျေးရွာနေ Rev. Khai Cin Kham (ငြိမ်း)-(Pi Ngai Za Cing) တို့၏သား၊ (Pa Gin Sian Mang) - Nu Nuam Go Cing,(Pa Gin Khen Thang/ အရာခံဗိုလ်၊ ခွဲစိတ်)-ဒေါ်လှလှစိန်တို့၏ညီ/မောင်၊ ဆရာမကြီး ဗျက်ဒိုက်ဒိမ်း (မူအုပ်၊ နန်းဟံနွဲ့)၊ ဆရာမ ဝုန်ကိုက်ညန်(အလယ်ပြ၊ စခန်းကြီး) - ဆရာကြီး ဦးစန်းလှိုင်(မူအုပ်၊ အင်ဒိုင်းလေး)၊ (Pa Pau Khan Sing)- Nu Luan Za Niang,Nu Niang Lam Ciin - Pa Dal Do Nuna (Malay), ဆရာမ ဝုန်ငိုက်လျန်း(ဘက်စုံသား/ဖွား)-ဦးတင်အောင်ဆင့်(သစ်ထုတ်/ချင်းပြည်နယ်)တို့၏အစ်ကို၊ (Tg. Kham Khua Hau), Lia Cing Lam Ciang ,Lia Cing Sian Nuam,Lia Thang Sian Cing တို့၏ဖခင်၊ Nu Huai Ngaih Niang ၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၂-၂၀၁၈ရက် ညနေ ၅း၂၆နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်မတော်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (FGA ဘုရားကျောင်း၊ ယုဇနမုခ်ဦး၊ မင်္ဂလာဒုံ ဝါယာလက်ဈေးတို့မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းလွင် အသက်(၅၃)နှစ်
**(တန့်ဆည်မြို့နယ်)**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံတောင်ကျေးရွာနေ (ဦးငွေမောင်)-ဒေါ်ဝင်းတို့၏သား၊ ဦးချစ်သိန်း-ဒေါ်မြသိန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ် ၄၇၆(က)နေ ဒေါ်တင်ဝင်း၏ခင်ပွန်း၊ မောင်သက်နိုင်ဦး-မစန္ဒာမျိုး၊ မစုစုဝင်းတို့၏ချစ်လှစွာသောဖခင်သည် ၁၀-၂-၂၀၁၈ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်ရီရီကြိုင် အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ ၄လမ်းတောင်၊ အမှတ် ၁၉၄နေ(ဦးကြွယ်-ဒေါ်အေး)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်နေ (ဦးဘလွန်း - ဒေါ်ကြည်မေ)တို့၏သမီးချွေးမ၊ ဦးညိုမြင့်-ဒေါ်ခင်သန်းဝင်း၊ (ဦးစိန်ဝင်းမောင်-ဒေါ်သန်းသန်းနွဲ့)၊ ဦးတင်မောင်အေး-(ဒေါ်မြမြဝင်း)၊ ဒေါ်စန်းစန်း၊ (ဦးခင်အောင်)-ဒေါ်နုနုဝင်း၊ ဦးသန်းလွင် - (ဒေါ်လှလှဝင်း)၊ ဦးကံသောင်း၊ ဒေါ်သင်းသင်းဆွေတို့၏ညီမ၊ ဦးလှမျိုး(Third Officer, Ex RCL Co.,Ltd)၏ ချစ်လှစွာသောဇနီး၊ မောင်ပြည့်ဖြိုး(AB-Fair Way Co., Ltd)၊ မမျိုးရီရီငြိမ်းတို့၏ ချစ်လှစွာသောမိခင်သည် ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၈ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၇-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ခင်ဝင်းကြူ(Margaret)
**အသက်(၈၀)**

ရန်ကုန်မြို့နေ (Mr G Kisman-Mary Kisman)တို့၏သမီး၊ ဦးညို-ဒေါ်မြစိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ဂန့်ဂေါရိပ်သာလမ်း၊ အမှတ် ၃၇၁နေ ဒေါက်တာအေးကြူ(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)၏ချစ်လှစွာသောဇနီး၊ (ဦးမောင်မောင်စန်း)-ဒေါ်စိုးစိုးကြူ၊ ဦးဇော်မိုးကြူ(Taisin Co., Ltd)-ဒေါ်စိုးစိုးမွန်၊ ဦးဝင်းမော်ကြူ (JSM Co., LTd)-ဒေါ်လှစန္ဒာထွန်း၊ ဦးထင်လင်းအောင်(HR-Manager Loi Hein Co.,LTd)-ဒေါ်ဝင်းပပကြူတို့၏ ချစ်လှစွာသောမိခင်၊မြေးခြောက်ယောက်တို့၏အဘွားသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) ည ၈း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၂-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါ်ကျင်မှုံ (ခရမ်းမြို့)
**အသက်(၉၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ရန်ကုန်-အင်းစိန်လမ်း၊အမှတ်(၆၆/၆၈)နေ (ဦးကျော်စိန်)၏ဇနီး၊ ဦးသန်းဝင်း-ဒေါ်ခင်လှိုင် (ကျော်စတိုး)၊ (ဦးထွန်းထွန်း)-ဒေါ်ကြူကြူဝင်း၊ဦးစိန်မြိုင်-ဒေါ်ပြုံးရီ၊ ဦးငွေဝင်း-ဒေါ်အေးအေးမြင့် (ရွှေမြင်းပျံပွဲရုံ၊ ဘုရင့်နောင်)၊ ဦးကျော်ထူးအောင် - ဒေါ်ဝင်းဝင်းမူ၊ ဦးစိန်ဝှက်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်ကျော်ထွန်း-ဒေါ်မြင့်မြင့်စိန်(အောင်ထိပ်တန်းဝင်ခွင့်ရ သင်တန်း)တို့၏ မိခင်၊ မြေး ၂၂ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၂-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လေးကြင်
**အသက်(၈၃)နှစ်**

အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့၊ ကွင်းကောက်မြောက်၊ အောင်ချမ်းသာနေ (ဦးမြငွေ-ဒေါ်အေးရှင်)တို့၏သမီး၊ (ဦးဟံမောင်)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၇လမ်း၊ အမှတ် ၇၇၄နေ ဦးအေးကို-ဒေါ်မော်မော်စိန် (အေကေ-အိတ်ချုပ်လုပ်ငန်း)၊ ဦးရီမြင့်-ဒေါ်လှလှမြင့်၊ ဦးအောင်တင်သန်း-ဒေါ်မိမိခိုင်၊ (ဦးစိန်လင်း-ဒေါ်သန်းသန်းဆင့်)တို့၏မိခင်၊ မြေး ၁၄ယောက်၊မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၂-၂၀၁၈ရက် နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးဝင်းကို (မြိတ်)
**အသင်းဝင်အမှတ်(၆၀၆၈)**
**အသက်(၇၀)**

ရန်ကုန်၊ လှိုင်သာယာမြို့၊ ဒိုင်စုရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၅၂၁နေ ဒေါ်တင်တင်ဦး (အသင်းဝင်အမှတ်-၆၀၆၉)၏ခင်ပွန်းသည် ၉-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဒေါင်းဖြူ(ခ)ဒေါ်ဖြူ
**လေးတောင်၊ ကျောက်တွေရွာ**
**အသက်(၇၈)နှစ်**

ရခိုင်ပြည်နယ်၊ လေးတောင်ကျောက်တွေရွာနေ (ဦးကောက်ချေ-ဒေါ်ဝေမ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၉၅နေ (ဦးသန်းထွန်း၊ သန်းထွန်းအပ်ချုပ်ဆိုင်၊ အရှေ့မော်ရွာ)၏ဇနီး၊ ဦးသန်းအောင်-ဒေါ်ရွှေမြင့်၊(ကိုသန်းစိန်)၊(ကိုသန်းစိုး)၊ ကိုမြင့်ဝေတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၁-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇း၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၈ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးမင်းအောင် (ငြိမ်း)
**D.S.A(19)၊ လေ/၁၇၂၅**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ အမှတ်(E-1)၊ အသံလွှင့်ရုံလမ်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရာရှိကြီးများအိမ်ရာနေ (ဦးဖေယျာပု-ဒေါ်သိန်းကြည်) ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘိုကျေးရွာတို့၏သား၊ (ဦးပေါ်အေး)-ဒေါ်ကြင်မေ၊ ကောလင်းမြို့၊ မြောက်အင်းရပ်၊ ရာပြည့်ခေဆန်စက်တို့၏သားသမက်၊ ဒေါ်မေဒီမြင့်၏ခင်ပွန်း၊ မောင်အောင်မြင့်မြတ်၊ မောင်နေမင်းအောင်တို့၏ဖခင်၊ ဆရာဦးအောင်မြင့်(မြောက်ဒဂုံ၊ ၃၄ရပ်ကွက်)၊ ဦးအုံးလွင်-ဒေါ်ခင်နှင်းတို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈ရက်(စနေနေ့)နံနက် ၉း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၈ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**
**ဂုဏ်ထူးဆောင်-EC**

## ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)
**D.S.A(19)၊ လေ/၁၇၂၅**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ အသံလွှင့်ရုံလမ်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရာရှိကြီးများအိမ်ရာ၊ အမှတ် E-1နေ (ဦးဖေယျာပု-ဒေါ်သိန်းကြည်)တို့၏သား၊ ဒေါ်မေဒီမြင့်၏ခင်ပွန်း၊ မောင်အောင်မြင့်မြတ်၊ မောင်နေမင်းအောင်တို့၏ဖခင်၊ ဆရာဦးအောင်မြင့်[ဒဂုံမြို့သစ်မြောက်ပိုင်း(၃၄)ရပ်ကွက်]၊ ဦးအုန်းလွင်-ဒေါ်ခင်နှင်းတို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၉း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဒေါ်ရင်ကြည်
**အမကပြဆရာမကြီး(ငြိမ်း)**
**အသက်(၉၉)နှစ်**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်(ဘီအုပ်စု)၊ ၁၃လမ်း၊ အမှတ် B(၂၇၉)နှင့် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဆင်ဖြူချီရွာနေ ဒေါ်ရင်ကြည်(အမကဆရာမကြီး၊ ငြိမ်း)၊ ဦးခင်မောင်တိုး (သမဝါယမဦးစီး၊ ငြိမ်း)-(ဒေါ်ကြည်ကြည်ပြုံး၊ သမဝါယမဦးစီးအရာရှိ၊ ငြိမ်း)တို့၏မိခင်၊ ကိုမင်းမော်(မင်္ဂလာဒုံမြို့နယ်၊ အထည်ချုပ်၊ မန်နေဂျာ၊ ရန်ကုန်မြို့)-မခိုင်သင်းချို (နည်းပြဆရာမ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်)တို့၏အဘွား၊ မောင်သာလင်းထွဋ်၊ မောင်မင်းသီဟ[Master Mariner (F.G) Chief Officer Lizstar Shipping Co.,Ltd]-ဒေါက်တာဝင်းစန္ဒာမင်း(ကလေးအထူးကုဆရာဝန်၊ ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်၊ ခရိုင်ဆေးရုံ)တို့၏ဘွားဘွားကြီးသည် ၁၀-၂-၂၀၁၈ ရက် (စနေနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် မကွေးမြို့ စည်ပင်သာယာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမင်းရင်ရှိန်
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း(ရောင်း/စက်)**
**အသက်(၈၆)နှစ်**

မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ တရုတ်တန်းရပ်၊ ဂန္ဓမာလမ်း၊ အမှတ် ၃နေ (ဦးငွေဂိုင်-ဒေါ်ဖွားမြိုင်)တို့၏သား၊[ဒေါ်ထွန်းတင်(ခ)ဒေါ်ဓမ္မနန္ဒီ]၊ (ဦးတင်ရှိန်)-ဒေါ်သိန်းတီ၊ (ဦးကျော်သိန်း-ဒေါ်ကျင်ငွေ)တို့၏မောင်/ညီ၊ (ဦးတင်လှ)-ဒေါ်အေးပို၊ ဦးစံဝင်း-ဒေါ်ဖွားသန်း၊ (ဦးကျော်သန်း-ဒေါ်ခင်မေချစ်)၊ (ဦးပါလေး)-ဒေါ်လှညွန့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၉လမ်းတောင်ပိုင်း၊ အမှတ် ၃၈နေ ဒေါ်တင်အေး(S.A.T,ငြိမ်း၊TTC)၏ခင်ပွန်း၊ ဒေါက်တာမင်းတင်မောင်ရှိန်-ဒေါက်တာအေးအေးလွန်း၊ ဦးမင်းတင်မောင်အေး (MOEE)-ဒေါ်အေးမာသောင်း(MOEE)တို့၏ဖခင်၊ မောင်ဘုန်းသက်တာ၊ မအိန္ဒြေကို၊ မဖြူစင်ကိုတို့၏အဘိုးသည် ၁၀-၂-၂၀၁၈ရက်(စနေနေ့)ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်လှဖြူ (စစ်တွေ)
**(သ/မဌာန၊ ဌာနစုဦးစီး၊ ငြိမ်း)**
**အသက်(၈၅)နှစ်**

ရခိုင်ပြည်နယ်၊စစ်တွေမြို့နေ(ဦးစံထွန်းဦး-ဒေါ်သိန်းနု)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီလီကုန်းလမ်း၊ အမှတ် ၄၇၊ ဒုတိယထပ်နေ ဒေါ်ရွှေစိန်၏ခင်ပွန်း၊ ဦးလှအောင်၊ ဦးထွန်းအေး-ဒေါ်ဖြူယိုင်နု၊ ဒေါ်လှညိုသိန်း(လယ်/ပြ၊ အလက-၆၊ မရမ်းကုန်း)၊ ဦးစိုးနိုင်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်)၊ ဦးဇော်နိုင်သန်း(လဝကမှူး)-ဒေါ်သီတာထွေး(ဒု-လဝကမှူး)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၀-၂-၂၀၁၈ရက်(စနေနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြည်ရှိန်
**အင်ဂျင်နီယာ(ငြိမ်း)၊ ရေနံထုတ်လုပ်ရေး**
**(M.O.G.E)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ရွှေနံ့သာလမ်း၊ အမှတ် ၆၄၀နေ (ဦးထွန်းလှိုင်-ဒေါ်တင်တင်)တို့၏သား၊ (ဒေါ်နွဲ့နွဲ့ဝင်း)၏ခင်ပွန်း၊ ဦးစန်းရှိန်(ဆုထူးစံကုမ္ပဏီ)-ဒေါ်ဖြူဖြူရှိန်၊ ဦးကျော်စွာရှိန်(Ngapali Paradise Hotel )တို့၏ဖခင်၊ မကြည်ဖြူသန့်၊ မရွှေရည်ဖူးဥတို့၏အဘိုးသည် ၁၀-၂-၂၀၁၈ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်မှုရှိသည့် နေရာတစ်ခုဖြစ်လာအောင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အား အဆင့်မြှင့်တင်ရန် စီစဉ်လျက်ရှိ



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ၈ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားတို့က တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကဖြင့် ဖျော်ဖြေကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဥယျာဉ်၌ ကျင်းပသည်။

ယနေ့ကျရောက်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ၈ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ပဒေသာကပွဲများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတို့က ရိုးရာယဉ်ကျေးမှုအကများဖြင့် လည်းကောင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို ဖျော်ဖြေတင်ဆက်ကြသည်။

ထို့ပြင် အဆိုပါဥယျာဉ်၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ညစာစားပွဲနှင့် ကံစမ်းမဲများဖောက်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၈ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ မြဝတီ(MWD)၊ MWD (Variety)၊ MITV၊ mntv၊ SKY Net Up to Date၊ SKY Net တိုင်းရင်းသား၊ MIR (Radio) နှင့် MRTV Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

# (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ

စာမျက်နှာ » ၁၀

# ၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပထမဆုံးအကြိမ် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲစတုတ္ထနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့စက်ဘီးပြိုင်ကွင်း၌ ဆက်လက် ကျင်းပသည်။

ယနေ့ပြိုင်ပွဲအစီအစဉ်များအဖြစ် Individual Road Race Men U-23 ၁၅၆ ကီလိုမီတာပြိုင်ပွဲ၊ Individual Road Race Women Elite ၁၀၆ ကီလိုမီတာပြိုင်ပွဲနှင့် Individual Road Race Women U-23 ၇၀ ကီလိုမီတာပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ Individual Men U-23 ၁၅၆ ကီလိုမီတာပြိုင်ပွဲကို နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အားကစားသမား ၄၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဂျပန်နိုင်ငံမှ Masaki Yamamoto က စံချိန် ၃ နာရီ ၃၄ မိနစ် ၅ စက္ကန့်ဖြင့် ပထမဆုကို လည်းကောင်း၊ အီရန်နိုင်ငံမှ Mohammad Ganjkhanlou က စံချိန်၃နာရီ ၃၄ မိနစ် ၅ စက္ကန့်ဖြင့် ဒုတိယဆုကို လည်းကောင်း၊ မွန်ဂိုလီးယားနိုင်ငံမှ Jambaljamts Sainbayar က စံချိန် ၃ နာရီ ၃၄ မိနစ် ၈ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း ဆွတ်ခူးခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❖


၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ စတုတ္ထနေ့တွင် ပြိုင်ပွဲဝင် အားကစားသမားများကို တွေ့ရစဉ်။ ဓာတ်ပုံ- ကိုကိုစိုးညွန့်



# မြန်မာ့အလင်း

၁၃၇၉ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁၂ ရက်

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ တနင်္လာနေ့




## (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

### အေးအတူ ပူအမျှ

လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်ခုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်သည်။ အမျိုးအနွယ်ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ ပူအမျှ၊ ကောင်းတူဆိုးဘက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာ ဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏။

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့ ရွှေတိဂုံစေတီအလယ်ပစ္စယံ ဖဆပလညီလာခံကြီး၌ ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဓာတ်ပုံ - MITV

# သမိုင်းတစ်လျှောက် အထင်ရှားဆုံး အထူးမြတ်ဆုံး မြန်မာ့လွတ်လပ်ရေးမှတ်တိုင်ကြီး (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့

**ဟံသာဝတီ ဦးအုန်းကြိုင်**

ဖေဖော်ဝါရီ ၁၂ ရက် "ပြည်ထောင်စုနေ့"သည် မြန်မာနိုင်ငံတော် ဖြတ်သန်းကျော်လွှန်ခဲ့ရသည့် သမိုင်းတစ်လျှောက်တွင် အထင်ရှားဆုံးနှင့် အထူးမြတ်ဆုံးသော မြန်မာ့လွတ်လပ်ရေးအတွက် အောင်မြင်စွာ စိုက်ထူနိုင်ခဲ့သည့် မြန်မာ့လွတ်လပ်ရေး သမိုင်းမှတ်တိုင်ကြီး ဖြစ်ပေသည်။

**ဘယ်သူခွဲခွဲ ဒို့မကွဲဘူး**

ဗြိတိသျှနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝဖြင့် အမျိုးမျိုးအဖုံဖုံ နည်းလမ်းပေါင်းစုံ၊ သပ်လျှိုသွေးခွဲအုပ်ချုပ်ခံခဲ့ကြရသော ပြည်ထောင်စုဖွား တိုင်းရင်းသားများ ဖြစ်ကြသည့် ရှမ်း၊ ဗမာ၊ ချင်း၊ ကချင် စသော ညီအစ်ကိုနောင်ရင်းသွေးချင်းအပေါင်းတို့သည် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့ကလေး၌ ညီညာဖြဖြစုရုံးကြလျက် အေးအတူပူအမျှ ဉမကွဲသိုက်မပျက်၊ တပေါင်းတစည်းတည်း အားမာန်ခံ၍ လွတ်လပ်ရေးအရယူကြမည့် သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို ထိုနေ့ ထိုရက်၊ မင်္ဂလာရက်မြတ် အခါသမယဝယ် တစ်ခဲနက် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ကြလေသည်။

**ဘူမိနက်သန်အောင်မြေမှန်**

ထိုပင်လုံမြို့ကလေးသည် ငယ်ပင်ငယ်ငြား၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမိုင်းတွင် တိုင်းရင်းသားသွေးရင်းသားချင်းသွေးစည်းရေး၊ ညီညွတ်ရေး၊ ပေါင်းစည်းရေးမှသည် လွတ်လပ်ရေးကို အခိုင်အမာအုတ်မြစ်ချပေးခဲ့သည့် ကျက်သရေမင်္ဂလာရှိသော ဘူမိနက်သန်အောင်မြေအမှန် ဖြစ်ပေသည်။

**ပေါင်းစည်းညီညွတ်လာ မြို့ပင်လုံမဟာ**

ထိုပင်လုံမြို့ကလေး၌ လွန်ခဲ့သော ၇၁ နှစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော် သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်းစော်ဘွားများ၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ တစ်စည်းတစ်လုံးတည်း အညီအညွတ်လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

**ဗိုလ်ချုပ်ကိုယ်တိုင်တက်ရောက်ခြင်း**

ထို့နေ့က ကျင်းပသော ပင်လုံကွန်ဖရင့်ခေါ် ပင်လုံညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်ဘုရင်ခံ အမှုဆောင်ကောင်စီအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဦးတင်ထွဋ်၊ ဆာမောင်ကြီး၊ ဦးအောင်ဇံဝေနှင့် ဖဆပလအဖွဲ့ချုပ်မှ ဗိုလ်ခင်မောင်ကလေး၊ ဦးဖေခင်တို့နှင့်အတူ တက်ရောက်ခဲ့သည်။

**ဗြိတိသျှအစိုးရကိုယ်စားလှယ်များ**

ထို့အတူ ဗြိတိသျှကိုယ်စားလှယ်များအဖြစ် ဒိုမီနီယံအတွင်းဝန်ကလေး မစ္စတာ ဘော့တွန်မလီ (A.G. Battomley)၊ မစ္စတာ လက်ဝဒ်ချ် (Mr. W.B.J. Ledwidge) နှင့် ဂျွန်လေဒင် (John Leyden) တို့ တက်ရောက်သည်။

**ပြည်ထောင်စုနေ့သည် အမှန်စင်စစ် မြန်မာပြည်ထောင်စုသမိုင်းတွင် လွတ်လပ်ရေးနေ့နှင့် ထပ်တူထပ်မျှအရေးကြီးလှသည့် အဖိုးဖြတ်၍မရနိုင်လောက်သော နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်**





သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ရေးထိုးစဉ်။

**ပြည်ထောင်စုသမိုင်းဝင် ပင်လုံစာချုပ်ကြီး**

ထိုနေ့ နံနက် ၁၀ နာရီတွင် ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်းနှင့်အရှေ့ပိုင်းတို့ လမ်းဆုံကျသော ပင်လုံမြို့ကလေး၌ ကျင်းပသော ညီလာခံတွင် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့သည် သဘောတူညီညွတ်စွာဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီတို့ လန်ဒန်မြို့၌ တွေ့ဆုံစဉ်။

**လက်မှတ်ရေးထိုးကြသော ခေါင်းဆောင်ကြီးများ**

မြန်မာပြည်ကြားဖြတ်အစိုးရ (ဗမာများ)နှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်၊ ချင်းတို့သည် လွတ်လပ်ရေးကို ပို၍လျင်မြန်စွာရရှိလိမ့်မည်ဟု အစည်းအဝေးသို့ တက်ရောက်သူအဖွဲ့ဝင်တို့က ယုံကြည်ကြသည့်အတိုင်း ကန့်ကွက်သူမရှိ အောက်ပါအတိုင်း သဘောတူညီလက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

**ဒီမိုကရေစီအခွင့်အရေးတန်းတူပါရှိ**

နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးများကို ခံစားနိုင်ခွင့်ရှိစေရမည်ဟူသော အချက်အပါအဝင် အချက်ကြီးကိုးချက်ကို စာချုပ်ကြီး၌ ပါရှိသည်။

သမိုင်းဝင်စာချုပ်ကြီးတွင် လက်မှတ်ရေးထိုးကြသော ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**မြန်မာနိုင်ငံတော်အစိုးရကိုယ်စား-**

၁။ ဦးအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)

**ရှမ်းကော်မတီကိုယ်စားလှယ်များ-**

၁။ စဝ်ခွန်ပန်းစိန် - တောင်ပိုင်စဝ်ဖလုံ
၂။ စဝ်ရွှေသိုက် - ညောင်ရွှေစဝ်ဖလုံ
၃။ စဝ်ဟုံဖ - မြောက်သိန္နီစဝ်ဖလုံ
၄။ စဝ်နွံ - လဲချားစဝ်ဖလုံ
၅။ စဝ်စံထွန်း - မိုင်းပွန်စဝ်ဖလုံ
၆။ စဝ်ထွန်းအေး - သာမိုင်းခမ်းစဝ်ဖလုံ
၇။ ဦးဖြူ - သထုံစဝ်ဖလုံ၏ကိုယ်စားလှယ်
၈။ ဦးခွန်ဖုန်း - လူထုကိုယ်စားလှယ်(မြောက်သိန္နီ)
၉။ ဦးတင်ဧ - လူထုကိုယ်စားလှယ်(တောင်ကြီး)
၁၀။ ဦးထွန်းမြင့် - လူထုကိုယ်စားလှယ်(လင်းခေး)
၁၁။ ဦးကြာပု - လူထုကိုယ်စားလှယ်(သီပေါ)
၁၂။ ဦးခွန်ထီး - လူထုကိုယ်စားလှယ်(ပင်လုံ)
၁၃။ ဦးခွန်စော - လူထုကိုယ်စားလှယ်(ပင်းတယ)
၁၄။ စဝ်ယိပ်ဖ - လူထုကိုယ်စားလှယ်(သီပေါ)

**ကချင်ကော်မတီကိုယ်စားလှယ်များ-**

၁။ ဆမားဒူးဝါးဆင်ဝါးနောင် (မြစ်ကြီးနား)
၂။ ဒူဝါဇော်ရစ် (မြစ်ကြီးနား)
၃။ ဦးဒိန်ရတန် (မြစ်ကြီးနား)
၄။ ဒူဝါးဇေ ဉ်လွှန်း (ဗန်းမော်)
၅။ ဒူဝါးဇော်လ (ဗန်းမော်)
၆။ ဦးလဘန်ဂရောင်း (ဗန်းမော်)

*အချပ်ပို (၈) သို့*



*အချပ်ပို (ခ) မှ*

**ချင်းကော်မတီကိုယ်စားလှယ်များ**

၁။ ဦးလှသာမှုန်း (ဖလမ်း)
၂။ ဦးသောင်ဇာခုပ် (တီးတိန်)
၃။ ဦးကွယ်မန်း (ဟားခါး)

**တစ်ကမ္ဘာလုံးအနှံ့ ကြေညာလိုက်ခြင်း**

အထက်ပါ ကိုယ်စားလှယ်များအားလုံး သဘောတူလက်မှတ်ရေးထိုးကြပြီးသောအခါ ပင်လုံညီလာခံအတွက် အထူးဖွင့်လှစ်ပေးထားသော ကြေးနန်းရုံးမှတစ်ဆင့်၊ ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုအောင်မြင်ပြီဖြစ်ကြောင်း သတင်းကို တိုင်းပြည်အနှံ့သို့လည်းကောင်း၊ ကမ္ဘာအနှံ့သို့လည်းကောင်း သိကြားကြစေရန် ကြေညာလိုက်လေသည်။

**ပင်လုံညီလာခံပေါ်ပေါက်စေသော နောက်ခံသမိုင်း**

ယင်းပင်လုံညီလာခံကြီးပေါ်ပေါက်လာစေသော နောက်ခံသမိုင်းမှာ ဒုတိယကမ္ဘာစစ်ကြီးပြီးသော် ၁၉၄၇ ခု နှစ်ဦးပိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မြန်မာ့လွတ်လပ်ရေးကိစ္စဆွေးနွေးကြသောအခါ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးမည်ဆိုလျှင် ရှမ်းပြည်အပါအဝင် တောင်တန်းဒေသများကိုပါ တစ်ပေါင်းတစ်စည်းတည်း လွတ်လပ်ရေးပေးရန် တင်ပြခဲ့သည်။

**အဖျက်အမှောင့်ပယောဂတစ်ရပ်ကြောင့်**

ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းက အရေးဆိုနေစဉ် ရှမ်းပြည်နယ်ရှိ စော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ် မဟုတ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ထံသို့ ကြေးနန်းရိုက် အကြောင်းကြားကြသည်။

**ဒို့ဗိုလ်ချုပ်အသံ မြန်မာပြည်သူတို့အသံ**

ထိုအခါ ရှမ်းပြည် တောင်ကြီးမြို့နှင့် သီပေါမြို့များတွင် လူထုအစည်းအဝေးကြီးများ ကျင်းပကာ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်သူလူထုကိုယ်စားလှယ်ဖြစ်ရုံမျှမက ဗိုလ်ချုပ်အောင်ဆန်းတင်ပြတောင်းဆိုချက်များကိုပါ ရှမ်းလူထုတစ်ရပ်လုံးက ထောက်ခံကြပါကြောင်းဖြင့် ဗြိတိန်ဝန်ကြီးချုပ် ကလီမင့်အက်တလီထံသို့ ကြေးနန်းပြန်ရိုက်၍ အကြောင်းကြားကြသည်။

**မြန်မာပြည်ဖြိုခွဲကြမည့်အကြံ**

ထိုအချိန်က ဗြိတိသျှ အစိုးရ၏ သဘောထားမှာ မြန်မာနိုင်ငံကို မလွဲမရှောင်သာ လွတ်လပ်ရေးပေးရာတွင် ဗမာပြည်မကိုသာ လွတ်လပ်ရေးပေး၍ တောင်တန်းဒေသများကို ချန်လှပ်ထားပြီး သီးခြားခွဲထုတ်ရန် စီမံထားပုံရရာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ က "အောင်ဆန်း-အက်တလီစာချုပ် (မြန်မာ့လွတ်လပ်ရေး ရှေ့ပြေးစာချုပ်) ချုပ်ဆိုသောအခါ တောင်တန်းဒေသများကိုပါ တစ်ပါတည်း တစ်ပေါင်းတည်း လွတ်လပ်ရေးပေးရန်ကိစ္စနှင့် ပတ်သက်၍ ပင်လုံ သို့မဟုတ် အခြားသင့်တော်မည့်နေရာ တစ်နေရာတွင် တောင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ သဘောတူ မတူ ဆုံးဖြတ်ချက် ရယူရန်ဟူသော အချက်တစ်ချက် ပါရှိသည်။ ဤအချက်အရ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပင်လုံမြို့နှင့် တိုင်းရင်းသား သွေးစည်းညီညွတ်ရေး ညီလာခံကို ကျင်းပကြရခြင်းဖြစ်သည်။



THE PANGLONG AGREEMENT

Dated Panglong, the 12th February 1947.

**သတင်းစာဆရာများလည်း ပါဝင်ကြသည်**

ယင်းပင်လုံ ညီလာခံသို့ ဗမာများဘက်မှ ဗိုလ်ချုပ် အောင်ဆန်းအမှူးပြုသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဖဆပလအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ လူထုကိုယ်စားလှယ်များ၊ သတင်းစာဆရာများ တက်ရောက်ကြသည်။

**စုံစုံညီညီ တိုင်းရင်းသားတို့ကိုယ်စားလှယ်**

တောင်တန်းဒေသတိုင်းရင်းသားများဘက်မှ ကချင်ဒူးဝါးကြီးများ၊ လူထုကိုယ်စားလှယ်များ၊ ချင်းတောင်တန်းဒေသမှ ကိုယ်စားလှယ်များ၊ ရှမ်းပြည်စော်ဘွားကြီးများ၊ လူထုကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဖဒိုဝရီကျော်၊ သထုံဦးလှဖေ၊ စောစံကေး၊ ဦးချစ်တီးတို့က လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

**တစ်ပေါင်းတစ်စည်းတည်း ပေါင်းစည်းကြသည်**

ထိုပင်လုံညီလာခံကြီးမှာ ဖေဖော်ဝါရီလ ၃ ရက်နေ့က စတင်၍ တိုင်းရင်းသားကိုယ်စားလှယ်များက ၎င်းတို့လူမျိုးများအလိုက် လည်းကောင်း၊ လူမျိုးစုအချင်းချင်း ပူးပေါင်း၍ လည်းကောင်း၊ ပဏာမ ဆွေးနွေးညှိနှိုင်းကြပြီးနောက်မှ တောင်တန်းနှင့် မြေပြန့် တစ်ပေါင်းတစ်စည်းတည်း မခွဲမခွာ

*အချပ်ပို (ဃ) သို့*

## ငြိမ်းချမ်းရေးအတွက် ချစ်တေးသံ

◆ မေခနဲ့ မလိခ
ချစ်ကြတဲ့ မြစ်နှစ်မြွာ။
ကချင်မြေ "ကကြီး" မှ
တိုင်းရော "အ" ခရီးထိ
စီးဆင်းခဲ့ရာ။
ကကြီးမှ အအထိသာ
မကွဲမကွာ ခိုင်မာသရုပ်။
ဝေဖြာစည် အချစ်ခရီးမှာဖြင့်
ဧရာဝတီမြစ်ကြီးရယ်လို့
ဟည်းခဲ့ဂုဏ်ပုဒ်။

◆ မြောက်မှတောင် ခရီးဆက်တော့
မြစ်လက်တက်အမြွာမြွာ။
မြစ်ရေမခင်အတွင်းသို့
စီးဆင်းကြပါ။
လာကြကွဲ့ သားတို့ရာ
အမေ့မေတ္တာ ရင်ခွင်အောက်။
လာကြကွဲ့ သမီးတို့ရာ
အမေ့သစ္စာဥယျာဉ်အောက်။
မိသားစုအားမာန်နဲ့
မခြားအမှန် သဏ္ဍာန်ဆောင်လို့
တောင်တွေလည်း နောက်မတွန့်
ချောက်တွေလည်း မကြောက်ရွံ့
ရဲဝံ့စွာ ရှေ့ဆက်လှမ်းတော့
ပန်းတိုင်သို့ရောက်။

◆ မြစ်ရော ဖြစ်တည်မှုရယ်က
ပြည်ထောင်စုပုံပမာညီ။
တို့သွေးချင်းညီနောင်ရင်းတွေနဲ့
ချစ်ခြင်းဖွဲ့ကိန်းဂဏန်းတွေလည်း
နှစ်သိမ်းသန်းချီ။
"ကကြီး" မှ "အ" ခရီးရှည်
ချစ်ကြည်ခဲ့ မပျက်မယွင်း။
ညီနောင်ထုတို့ရဲ့
ပြည်ထောင်စုနယ်မြေ၌
ဘယ်မှာနေ ဘယ်ရပ်ဖွားပေမယ့်
မခြားပေ အနှစ်သဏ္ဍာန်သဘောရယ်က
စစ်မှန်သော မျိုးချစ်စိတ်
ပြည့်သိပ်ရင်တွင်း။

◆ မိသားစု ညီနောင်ရင်း
အချင်းချင်း ဆိုသည်မှာ ....
စိတ်မညီ တစ်ရံတစ်ဆစ်တော့
ရန်ဖြစ်တတ်ပါ။
ရန်ဖြစ်ပြီး ပြန်ချစ်တာ
သဘာဝ ရှိစမြဲ။
နာစရာ လွမ်းစရာ ဖုံးကာကွဲ့
အခါခါ ပန်းပမာအပြုံးရယ်နဲ့
နှလုံးဖြူ မေတ္တာညွတ်
ခွင့်လွှတ်ဖို့ပဲ။

◆ သွေးချင်းတို့ လာကြဟေ ...
သားချင်းတို့ လာကြဟေ ...။
ဥမကွဲ သိုက်မပျက်
ရှေ့ဆက်မယ်လေ။
ပြီးတာတွေပြီးပါစေ
သင်ပုန်းချေ ရှေ့ခရီး။
ချစ်သဒ္ဒါဝေ မယိမ်းစတမ်းပေပ
နှစ်ကြာရှည် သိန်းသန်းကုဋေမက
အသစ်မြန်မာပြေ(ပြည်) စိမ်းလန်းလို့
ငြိမ်းချမ်းစေသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

# ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး

*ဦးအောင်(ရွှေပေါက်ကံ)*



ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်သော အချုပ်အခြာအာဏာ (The Supreme Authonty)တည်သည့်နိုင်ငံဖြစ်၏။ ဤသို့ဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ် ယနေ့တိုင်တည်ရှိနေခြင်းဖြင့် ခေတ်သစ်သမိုင်းတွင် ကမ္ဘာ့နိုင်ငံအသီးသီးကလည်း သိရှိနေကြ၏။

**ဖွဲ့စည်းတည်ထောင်မှု**

ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိတို့၏အခြေအနေနှင့်အညီ နိုင်ငံတော်ကို ဖွဲ့စည်းတည်ထောင်ကြ၏။ အချို့က ဘုရင်စနစ် (Kingdom)၊ အချို့က သမ္မတနိုင်ငံ (Republic)၊ အချို့က ပြည်ထောင်စု (Union/United)၊ အချို့က စော်ဘွား (Emirates)၊ အချို့က ဝါဒရေးရာအခြေခံသော ဆိုရှယ်လစ် (Socialist)၊ အချို့က ဒီမိုကရက်တစ် (Demoeratic)စသည်ဖြင့် လိုက်လျောညီထွေစွာ တည်ထောင်ကြ၏။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်မှာ ရှေးနှစ်ပေါင်းထောင်ချီသော ကာလကပင်ဖြစ်၏။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် အေးတူပူအမျှ မရှိအတူရှိအတူ နေထိုင်ပေါက်ဖွားခဲ့ကြသူများဖြစ်၏။ တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမများဖြစ်ကြသဖြင့် အတူတကွ လက်တွဲနေထိုင်ခဲ့ကြ၏။ ဤကောင်းမြတ်သော အစဉ်အလာသည် ယနေ့တိုင်တည်မြဲလျက်ရှိ၏။ နောင်အနာဂတ်တွင်လည်း ဆက်တည်မြဲနေမည်သာ ဖြစ်၏။

ပြည်ထောင်စုစိတ်ဓာတ် အထက်ဖော်ပြပါတိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း နိုင်ငံသားဥပဒေဖြင့် ပြဋ္ဌာန်းထား၏။ နိုင်ငံသားဥပဒေသည် (Special Law) ဖြစ်သဖြင့် ယေဘုယျပြဋ္ဌာန်းထားသည့် မည်သည့်ဥပဒေ (General Law)ကိုမဆို လွှမ်းမိုး၏။ သို့ဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း နိုင်ငံတော်၏ နိုင်ငံသားဥပဒေဖြင့် တိကျပြတ်သားစွာသတ်မှတ်ထားပေး၏။ ဥပဒေကြောင်းအရ မြန်မာနိုင်ငံသားဖြစ်မှုတွင် မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်သည့် တိုင်းရင်းသားအားလုံးပါဝင်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (Republic of the Union of Myanmar)ဟု သတ်မှတ်ခေါ်ဆိုခြင်းဖြစ်၏။

ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ဖြစ်၏။ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကိုစောင့်ရှောက်ချီးမြှောက်လိုမှုတည်းဟူသော မျိုးချစ်စိတ်ဓာတ်ပေါ် အခြေခံ၏။တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ အုပ်ချုပ်မှုအလံတစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း မည်သည့်ဒေသတွင် ဖြစ်စေ နေထိုင်ကြသည့် ပြည်သူအားလုံး၏ တညီတညွတ်တည်းသော စိတ်ဓာတ်ပင်ဖြစ်၏။

**ပြည်ထောင်စုဟူသည့်အင်အား**

ပြည်ထောင်စုများ ဖြစ်ပေါ်လာခြင်းအကြောင်းများကို လေ့လာကြည့်ပါက ယေဘုယျအကြောင်း များစွာတွေ့နိုင်သော်လည်း အဓိကကျသော အကြောင်းတစ်ချက်မှာ ကာကွယ်ရေးနှင့်လုံခြုံရေးဖြစ်၏။ လူသားတိုင်း မိမိတို့မိသားစု၏ အသက် အိုးအိမ်စည်းစိမ်ကို လုံခြုံလိုကြ၏။ လူမျိုးတိုင်း၊ နိုင်ငံတိုင်းသည်လည်း မိမိလူမျိုး၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲလိုကြ၏။ စောစီးစွာ ဖွံ့ဖြိုးခဲ့ကြသော နိုင်ငံများကလည်း စီးပွားရေး၊ စစ်ရေးအသာစီးဖြင့် နယ်မြေသစ်များချဲ့ထွင် သိမ်းပိုက်လာကြ၏။ အင်အားကြီးသူ၏ အဓမ္မပြုကျင့်မှုကို ဆန့်ကျင့်ခုခံနိုင်ရန် အင်အားလိုအပ်၏။ မိမိ၏လူဦးရေအင်အား ၊စစ်ရေး၊စီးပွားရေးအင်အားမှာ နယ်ချဲ့လိုသူတို့၏ အန္တရာယ်မှ ကာကွယ်နိုင်ရန်အလို့ငှာ ပြည်ထောင်စုဖွဲ့စည်းကြ၏။ အနေလည်းခိုင်၊ သွေးလည်းခိုင် လူမျိုးနွယ်စုတို့အချင်းချင်း ဆွေမျိုးပြု၍ ပြည်ထောင်စုဟု ဖြစ်ပေါ်ခဲ့ကြခြင်းဖြစ်၏။ ထို့ကြောင့် ပြည်ထောင်စုဟူသည် အင်အားဟု ဆိုရမည်ဖြစ်၏။

**သင်ခန်းစာယူစရာ**

ထိုအင်အားကို ခိုင်မြဲအောင်မထိန်းသိမ်းနိုင်သဖြင့် ယခင်က ကမ္ဘာ့နိုင်ငံများအလယ်၌ ခံ့ထည်သောအင်အားဖြင့်ထင်ရှားခဲ့သော နိုင်ငံကြီးအချို့ တစ်စစီ၊ တစ်ပဲ့စီပဲ့လျက် မူလပြည်ထောင်စုကြီးအချို့တစ်စီ၊တစ်ပဲ့စီပဲ့လျက် မူလပြည်ထောင်စုကြီးများ၏မြေပုံမှာ အနေအထားပျက်ယွင်းခဲ့ကြသည်ကို တွေ့ရ၏။ ယင်းသာဓကများသည် လက်ရှိပြည်ထောင်စုများကို သတိပေးလျက်ရှိ၏။ သင်ခန်းစာယူကြရမည်လည်းဖြစ်၏။

**စုပေါင်းလုပ်ကြမှသာ**

ယနေ့ကာလတွင် လူဦးရေသန်း ၅၀ ကျော်ထိ တိုးတက်လာခဲ့သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ လူဦးရေသည်လည်း ၁၉၄၇ ခုနှစ် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် အချိန်ကာလထက် အဆပေါင်းများစွာ တိုးတက်များပြားလာသဖြင့် ၎င်းတို့၏လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်သောပုံစံဖြင့် နက်ရှိုင်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာလုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်၏။

တစ်ချိန်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံစာချုပ်မချုပ်မီညက နယ်စပ်ဒေသခေါင်းဆောင်များအား ပြောကြားသော မိန့်ခွန်းတွင် “အချင်းချင်းသဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တန်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။ တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းတို့က တခြား၊ အချင်းချင်းအကွဲကွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှာသာ အကျိုးရှိနိုင်မည်” ဟူသော စကားသည် ပြည်ထောင်စုများအတွက် အဖိုးတန်သော လမ်းညွှန်ချက်ဖြစ်၏။ ။

## ပြည်ထောင်စုနှလုံးသား၊ ပြည်ထောင်စုသစ္စာ၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုနေ့အဓိဋ္ဌာန်

၇၁ - နှစ်မြောက် ပြည်ထောင်စုနေ့
ညီနောင်တစ်စုနဲ့တည်ခဲ့တာ
ပင်လုံမြေသစ္စာပြု
နှစ်ပေါင်းရှည်ကြာ။
မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း
ချင်း၊ကရင်၊ကယား၊ကချင်
တို့သားချင်းတွေရဲ့
စည်းလုံးတဲ့ညီညွတ်မှုဟာ
အဲဒါ ... အင်အားပဲ၊
ဘယ်အဖျက် ဘယ်ရန်တွေလာလာ
မည်သည့်အခါမှ မပြိုလဲ
ဥမကွဲသိုက်မပျက်
တွဲလက်တွေခိုင်ခိုင်ဆုပ်
တိုက်ထုတ်ဖို့အသင့်ပဲ။
အရေးကြီးရင်
သွေးစည်းဖို့မနွေး
အလေးထားပြောချင်ပေ၊
နွားတွေကွဲရင်ကျားတွေဝင်ဆွဲ
စကားလည်းရှိနေ။
တို့ပြည်၊ တို့မြေ၊ တို့ရေ
တို့ပြည်ထောင်စုမြန်မာနိုင်ငံ
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်
ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု
တည်ဆောက်ရေးကို အခြေပြုလို့
စီးပွားတိုးတက်ရေးလမ်းတွေပွင့်ပြီး
နိုင်ငံတစ်ဝန်းမှာငြိမ်းချမ်းရေးတွေရဖို့
အမျိုးသားရေးအဓိဋ္ဌာန်
ထာဝစဉ်နိုးကြားရှင်သန်လို့
တို့နိုင်ငံဖွံ့ဖြိုးရေးအတွက်
ပြည်ထောင်စုစိတ်ဓာတ်တွေမွေးကာ
သွေးချင်းတို့ရေ.....
အမြဲကာကွယ်လို့ပေး။

ကျော်ဝင်းသက်

*အချပ်ပို ၈ မှ*

ဥမကွဲသိုက်မပျက် ပူးပေါင်းကြကာ လွတ်လပ်ရေးယူမည့် မြန်မာ့သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

**အစိုးရဝန်ကြီးအဖြစ် မိုင်းပွန်စော်ဘွားကိုရွေးချယ်**

ထိုနေ့က ပင်လုံစာချုပ် လက်မှတ်ရေးထိုးကြပြီးနောက် နေ့လယ် ၂ နာရီအချိန်တွင် တောင်ပေါ်သားများ ညီညွတ်ရေးအဖွဲ့ အစည်းအဝေးကျင်းပကာ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းအား တောင်တန်းဒေသဆိုင်ရာ မြန်မာပြည် ကြားဖြတ်အစိုးရအဖွဲ့ဝင် တစ်ဦးအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

**ပင်လုံကျောက်တိုင်စိုက်ရန် ဗိုလ်ချုပ်မတည်ငွေထည့်ခြင်း**

ထို့ပြင် ပင်လုံစာချုပ်ကြီးကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ချုပ်ဆိုအောင်မြင်နိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် အမှတ်တရသမိုင်းတွင် ကျောက်တိုင်စိုက်ထူထားသင့်ကြောင်း အားလုံးသဘောတူကြ၍ ပင်လုံတွင် စိုက်ထူရန် ဆုံးဖြတ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ကျောက်တိုင်စိုက်ထူနိုင်ရန်အတွက် မတည်ရန်ပုံငွေ ကျပ်တစ်ထောင် ထည့်ဝင်ခဲ့လေသည်။

**နယ်ချဲ့တို့အတွက် သေမင်းတမန်စာချုပ်ကြီး**

နှစ်ပေါင်း ၆၀ကျော်ကြာ နယ်ချဲ့လက်အောက်ကျွန်သပေါက်ဘဝ ကျရောက်ခဲ့ကြရသော မြန်မာတိုင်းရင်းသား အပေါင်းတို့သည် နယ်ချဲ့သမားတို့၏ အမျိုးမျိုးအဖုံဖုံ နည်းပရိယာယ်အစုံဖြင့် အချင်းချင်း မညီမညွတ် မစည်းလုံးမိစေရန် သပ်လျှိုသွေးခွဲအုပ်စိုးခဲ့ကြသော စနစ်ဆိုးကို ဤပင်လုံစာချုပ်ကြီး အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ခြင်းအားဖြင့် နယ်ချဲ့သမားတို့၏ နည်းဗျူဟာမဟာဗျူဟာကောက်ကျစ်စဉ်းလဲမှုအဝဝကို မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်နိုင်သည့် နယ်ချဲ့တို့အတွက် သေမင်းတမန်စာချုပ်ကြီးပင် ဖြစ်လေသည်။

**ကျက်သရေမင်္ဂလာအပေါင်းပြည့်ဝသော ပင်လုံ**

တိုင်းရင်းသားသွေးချင်းတို့ ပေါင်းစည်းခဲ့ရာ ဤပင်လုံသည်လည်း တိုင်းရင်းသားချင်း သွေးစည်းရေး၊ ညီညွတ်ရေး၊ စည်းလုံးရေးမှသည် လွတ်လပ်ရေးအထိ အခိုင်အမာ အုတ်မြစ်ချပေးသော ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်ဝသည့် ဘူမိနက်သန် အောင်မြေအမှန်ဖြစ်ပေသည်။

**ပြည်ထောင်စုနေ့**

၂၀ ရာစု မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မမေ့နိုင်သည့် ကမ္ဘာတည်သရွေ့တည်သွားမည့် ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးရင်းသားချင်းတို့ သွေးစည်းခဲ့သော၊ စည်းလုံးခဲ့သော၊ ညီညွတ်ခဲ့သော၊ အောင်မြင်ခဲ့ကြသော ပင်လုံမြေထူးမြေမြတ်ပေါ်မှ “ပြည်ထောင်စုနေ့ကြီး” ပေါ်ထွန်းလာခဲ့ရသည်။

**လွတ်လပ်ရေးအစ ပြည်ထောင်စုနေ့က**

ပြည်ထောင်စုနေ့သည် အမှန်စင်စစ် မြန်မာပြည်ထောင်စုသမိုင်းတွင် လွတ်လပ်ရေးနေ့နှင့် ထပ်တူထပ်မျှအရေးကြီးလှသည့် အဖိုးဖြတ်၍ မရနိုင်လောက်သော နေ့ထူး နေ့မြတ်ကြီးပင် ဖြစ်သည်။ အကယ်၍သာ ဤပြည်ထောင်စုနေ့ကြီး မဖြစ်ပေါ် မစုစည်းမိခဲ့ကြသည်ဆိုပါက ကျွန်ုပ်တို့၏ ယနေ့လွတ်လပ်ရေး အခြေအနေသည် တစ်မျိုးတစ်မည်ဖြစ်၍နေမည်မလွဲဖြစ်သည်။ထို့ကြောင့် လွတ်လပ်ရေးအစ ပြည်ထောင်စုနေ့ဟု ဆိုပါလျှင် လွန်အံ့မထင်။

**အထူးမြတ်ဆုံး သမိုင်းမှတ်တိုင်ကြီး**

ပြည်ထောင်စုနေ့သည် မြန်မာနိုင်ငံတော် ကျော်လွန် ဖြတ်သန်းခဲ့ရသော သမိုင်းတစ်လျှောက်၌ အထင်ရှားဆုံး၊ အထူးမြတ်ဆုံး၊ အထင်ကရ အဓိကအကျဆုံးသော ပြည်ထောင်စု၏ သမိုင်းမှတ်တိုင်ကြီးဖြစ်သည်ဟု ဂုဏ်ပြုရေးသားအပ်ပေသည်။